# မဟာသတိပဋ္ဌာန်ပါဠိနိဿယ

၆၄

၁၉၅၈၉

- ၁၈၃၅ -

ပိဋကတ္တယဓောက၊ ပရိယတ္တိဝိသာရဒ၊ စွယ်လှမ်
သောက်။ ပေါက်အာဇာနည်၊ မဟာထေရ်
ဖြစ်တော်မူသော
စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်နာမံတော်ရှိသော
ပဌမ အောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်
ဦးဗုဓ်သည်။ မြန်မာပြန်ဆိုတော်မူအပ်သော

# မဟာ

# သတိပဋ္ဌာန်ပါဋ္ဌ်းနိသျှ။

ဦးသောင်း-ဒေါ်သန်းရင်
သား မောင်သန်းမောင်—မမြင့်မြင့်
ဣ့ဒ္ဓါသယ ပိဋကတ် စာအုပ်ဆိုင်။
၁၄/၁၇။ ၃၅-၃၆။ ရွှေတိဂုံဘုရားကြီးဈေးတော်ရုံ
ရန်ကုန်မြို့။

---

သုဓမ္မာစာပုံနှိပ်တိုက်။
အမှတ် ၂၀၅၊ လွှတ်လမ်း၊ ရန်ကုန်မြို့

# မဟာသတိပဋ္ဌာန်ပါဠိတော်။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

---

(၁) လဒ္ဓါပေါသောသု-မင်္ဂလံ။
ရတနာနိဝန္ဒိယော။
ဇဝံ ဒေသေသိ ဂန္တိရုံ။
ဘဂဝါ ကုရု-ဝါသိနံ။
ကော-ဝိသတိ-ဋ္ဌာနေသု။
အရဟတ္တေသု ခေပိယာ။
သောကာဒုပဒ္ဒဝဃ္ဃါတံ။
ဝိသုဒ္ဓါဒိဋ္ဌမာဝဟံ။ ။
ပဏ္ဍု-ကမ္ဗလ-ဝေဿာသ။
သဗ္ဗ-ဝဏ္ဏံ ပကာသယံ။
စရိတာဒိနုလောမေန။
စတုဓာ တံ ဘာသာမ ဟော။ ။

(၂) ဧဝံမေ သုတံ၊ ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသ-ဒမ္မံ နာမ ကုရူနံ နိဂမော။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတ·ဒဝေါစ၊ ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက-ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာ

နဿသစ္ဆိ-ကိရိယာယ။ ယဒိဒံ စတ္တာရောသတိပဋ္ဌာနာ။ ကတမေ
စတ္တာရော။ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာ နုပဿီ
ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာ- ဒေါမနဿံ။ ဝေဒနာသု ဝေဒနာ- နုပဿီ ဝိဟရတိ
အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ-
ဒေါမနဿံ။ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီသမ္ပဇာနော
သတိ မာဝိနေယျ လောကေ အဘိဇ္ဈာ- ဒေါမနဿံ။ ဓမ္မေသု ဓမ္မာ
နုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိ မာဝိနေယျ
လောကေ အဘိဇ္ဈာ-ဒေါမနဿန္တိ။ ။

ဥဒ္ဒေသော နိဋ္ဌိတော။

---

(၃) ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာ နုပဿီ
ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု အရည- ဂတော ဝါ ရုက္ခမူလ-
ဂတော ဝါ သုညာဂါရ-ဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ
ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ သော သ
တော ဝ အဿသတိ၊ သတော ပဿသတိ။ ဒီဃံ ဝါ အဿ
သန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော
ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿ သန္တော
ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ ပဿ သန္တော
ရဿံ ပဿသာ မီတိ ပဇာနာတိ။ သဗ္ဗ- ကာယ- ပဋိသံဝေဒီ
အဿ သိဿာ မီတိ သိက္ခတိ။ သဗ္ဗ-ကာယ- ပဋိသံဝေဒီ ပဿ
သိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယ-သင်္ခါရံ အဿသိဿာ
မီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿ သိဿာမီတိ
သိက္ခတိ။ သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမ
ကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံအဉ္ဆာမီတိပဇာနာတိ။
ရဿံ ဝါ အဉ္ဆန္တော ရဿံ အဉ္ဆာမီတိ ပဇာနာတိ။ ဧဝမေဝ ခေါ
ဘိက္ခဝေ ဘိက္ခု ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ

ပဇာနာတိ။ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ သဗ္ဗ-ကာယ- ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။ သဗ္ဗ-ကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယ-သင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာ·နုပဿီ ဝိဟရတိ။ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ ကာယေ ကာယာ နုပဿီ ဝိဟရတိ။ သမုဒယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ ဝယ-ဓမ္မာ-နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ သမုဒယ· ဝယ-ဓမ္မာ· နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ အတ္ထိ ကာယော· တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏ-မတ္တာယ ပဋိဿတိ မတ္တာယ။ အ-နိဿိတော စ ဝိဟရတိ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အာနာပါန ပဗ္ဗံ နိဋ္ဌိတံ။

---

(၄) ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမိ· တိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ။ နိသိန္နော ဝါ နိသိန္နော· မှီတိ ပဇာနာတိ။ သယာနော ဝါ သယာနော· မှီတိ ပဇာနာတိ။ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟော တိ။ တထာ တထာ နံ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပ။

ဣရိယာပထ-ပဗ္ဗံ နိဋ္ဌိတံ။

---

(၅) ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန-ကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပ

ဇာန-ကာရီဟောတိ။ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာန-ကာရီ ဟောတိ။ သင်္ဃာဋိ- ပတ္တ-စီဝရ, ဓာရဏေ သမ္ပဇာန-ကာရီ ဟောတိ။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာန-ကာရီဟောတိ၊ ဥစ္စာရ-ပဿာဝ-ကမ္မေ သမ္ပဇာန-ကာရီဟောတိ။ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာန-ကာရီဟောတိ။ ဣတိ အဇ္ဈတ္တံဝါ ကာယေ။ ပ။

သမ္ပဇည-ပဗ္ဗံ နိဋ္ဌိတံ။

---

(၄) ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဣမ-မေဝကာယံ ဥဒ္ဓံပါဒ-တလာ အဓောကေသ-မတ္ထကာ တစ-ပရိယန္တံ ပူရံနာန-ပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ၊ ပပ္ဖာသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ။ ခေဠော။ သိင်္ဃာဏိကာ။ လသိကာ။ မုတ္တန္တိ၊ သေယျထာပိ ဘိက္ခဝေ ဥဘတော မုခါ ပုတောဠိပူရာ နာနာဝိဟိတဿ ဓညဿ။ သေယျထိဒံ။ သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာ ပုရိသော မုဉ္စိတွာ ပစ္စဝေက္ခေယျ၊ ဣမေသာလီ။ ဣမေဝီဟီ၊ ဣမေမုဂ္ဂါ၊ ဣမေမာသာ၊ ဣမေတိလာ၊ ဣမေတဏ္ဍုလာတိ၊ ဧဝ-မေဝခေါဘိက္ခဝေဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံပါဒတလာ အဓောကေသ- မတ္ထကာ တစ- ပရိယန္တံ ပူရံနာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ။ ပ။ မုတ္တန္တိ၊ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပ။ ။

ပဋိကူလ-မနသိကာရ-ပဗ္ဗံနိဋ္ဌိတံ။

---

(၇) ပုနစပရံ ဘိက္ခဝေဘိက္ခု ဣမမေဝကာယံယထာ-ဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ။......အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယော ဓာတူတိ။ သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတု- မဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာ-ဌိတံ ယထာ-ပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ။...... အတ္ထိ ဣမသ္မိံ ကာယေ ပထဝီ ဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပ။ ။

ဓာတု-မနသိကာရပဗ္ဗံ နိဋ္ဌိတံ။

---

(၈) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟ မတံ ဝါ ဒွီဟ မတံ ဝါ တီဟ မတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဇာတံ။ သော ဣမမေဝကာယံ ဥပသံဟရတိ။ အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီတောတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပ။ ။

(၉) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ။ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ကာကေဟိ ဝါ ခဇ္ဇမာနံ ကုလလေဟိ ဝါ ခဇ္ဇမာနံ ဂိဇ္ဈေဟိ ဝါ ခဇ္ဇမာနံ ကင်္ကေဟိ ဝါ ခဇ္ဇမာနံ သုနခေဟိ ဝါ ခဇ္ဇမာနံ ဗျဂ္ဃေဟိ ဝါ ခဇ္ဇမာနံ ဒီပီဟိ ဝါ ခဇ္ဇမာနံ သိင်္ဂါလေဟိ ဝါ ခဇ္ဇမာနံ ဝိဝိဓေဟိ ဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ သော ဣမမေဝကာယံ ဥပသံဟရတိ။ ပ။ ။

(၁၀) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိက သင်္ခလိကံ-သ-မံသ လောဟိတံ နှာရု သမ္ဗန္ဓံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ ပ။ ။

(၁၁) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ နိမံသ လောဟိတ မက္ခိတံ နှာရု သမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံ ဟရတိ။ ပ။ ။

(၁၂) ပုနစပရံ ဘိက္ခဝေ ဘိက္ခုသေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ အပဂတ-မံသ-လောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံ ဟရတိ။ ပ။ ။

(၁၃) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ အပဂတ သမ္ဗန္ဓာနိ ဒိသာ-ဝိဒိသာ ဝိက္ခိတ္တာနိ။ အညေန ဟတ္ထဋ္ဌိကံ၊ အညေန ပါဒဋ္ဌိကံ၊ အညေန ဂေါပ္ဖကဋ္ဌိကံ၊ အညေန ဇင်္ဃဋ္ဌိကံ၊ အညေန ဦရုဋ္ဌိကံ၊ အညေန ကဋိဋ္ဌိကံ၊ အညေန ဖါသုကဋ္ဌိကံ။ အညေန ပိဋ္ဌိဋ္ဌိကံ၊ အညေန ခန္ဓဋ္ဌိကံ၊ အညေန ဂီဝဋ္ဌိကံ၊ အညေန ဟနုကဋ္ဌိကံ၊ အညေန ဒန္တဋ္ဌိကံ၊ အညေန သီသ-ကဋာဟံ၊ သော ဣမမေဝ ကာယံ ဥပသံ ဟရတိ။ ပ။ ။

(၁၄) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ-သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ သေတာနိ သင်္ခ-ဝဏ္ဏ-ပဋိဘာဂါနိ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ ပ။ ။

(၁၅) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ သေတာနိ ပုဉ္ဇကိတာနိ တေရော-ဝဿိကာနိ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ ပ။

(၁၆) ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ ပူတီနိ စုဏ္ဏက-ဇာတာနိ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ ပ။ ။

နဝ-သိဝထိကာ-ပဗ္ဗံ နိဋ္ဌိတံ။

စုဒ္ဒသ ကာယာနုပဿနာ နိဋ္ဌိတာ။

(၁၇) ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာ
နုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယ
မာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ
ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ အ-
ဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အ ဒုက္ခ မ သုခံ ဝါ ဝေဒနံ
ဝေဒယာမီတိ ပဇာနာတိ၊ သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယ
မာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ နိရာမိ
သံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာ
မီတိ ပဇာနာတိ၊ သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာ
မိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ ဒုက္ခံ
ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ
ပဇာနာတိ၊ သာမိသံ ဝါ အ-ဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော
သာမိသံ အ-ဒုက္ခ မ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာ
မိသံ ဝါ အ-ဒုက္ခ မသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အ-ဒုက္ခ
မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဝေ
ဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာ
နုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာ နုပဿီ
ဝိဟရတိ၊ သမုဒယ ဓမ္မာ နုပဿီ ဝေဒနာသု ဝိဟရတိ၊ ဝယ
ဓမ္မာ နုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယ-ဝယ-ဓမ္မာ
နုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ
ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏ- မတ္တာယ ပဋိဿတိ
မတ္တာယ အ-နိဿိတော စ ဝိဟရတိ။ န စ ကိဉ္စိ လောကေ ဥပါဒိ
ယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ
ဝိဟရတိ။

ဝေဒနာနုပဿနာ နိဋ္ဌိတာ။ ။

(၁၈) ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာ နုပဿီ
ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ

ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ၊ သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊ အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ၊ သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊ အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဣတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ သမုဒယ-ဓမ္မာ နုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယ-ဝယဓမ္မာ နုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အ-နိဿိတော စ ဝိဟရတိ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာ နုပဿီ ဝိဟရတိ။ ။

### စိတ္တာ နုပဿနာ နိဋ္ဌိတာ။

(၁၄) ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ-နုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။ ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟရတိ၊ ပဉ္စသု နီဝရဏေသု။ ဣဓဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ

ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ။

(၂၀) သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ။

(၂၁) သန္တံ ဝါ အဇ္ဈတ္တံ ထိန-မိဒ္ဓံ အတ္ထိ မေ အဇ္ဈတ္တံ ထိန-မိဒ္ဓန္တိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ထိန-မိဒ္ဓံ နတ္ထိ မေ အဇ္ဈတ္တံ ထိန-မိဒ္ဓန္တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ထိန-မိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ထိန-မိဒ္ဓဿ ပဟာနံ ဟောတိ။ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ထိန-မိဒ္ဓဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ။

(၂၂) သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စ-ကုက္ကုစ္စံ အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စ-ကုက္ကုစ္စန္တိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စ-ကုက္ကုစ္စံ နတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စ ကုက္ကုစ္စန္တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စ-ကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ဥဒ္ဓစ္စ-ကုက္ကုစ္စဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ဥဒ္ဓစ္စ-ကုက္ကုစ္စဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

(၂၃) သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ အတ္ထိ မေ အဇ္ဈတ္တံ ဝိစိ
ကိစ္ဆာတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ နတ္ထိ မေ
အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နာယ ဝိစိ
ကိစ္ဆာယ ဥပ္ပါဒော ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နာ
ယ ဝိစိ ကိစ္ဆာယ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ
စ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒော ဟောတိ၊
တဉ္စ ပဇာနာတိ၊ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟ
ရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ
ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သမုဒယ - ဓမ္မာနုပဿီ ဝါ
ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမု
ဒယ-ဝယဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ အတ္ထိ ဓမ္မာတိ ဝါ
ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝ ဒေဝ ဉာဏ-
မတ္တာယ ပဋိဿတိ မတ္တာယ အ-နိဿိတော စ ဝိဟရတိ၊ န စ
ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေ
သု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု၊ ။နီဝရဏပဗ္ဗံ
နိဋ္ဌိတံ။ ။

(၂၄) ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟ
ရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု
ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ဣဓ
ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ
ရူပဿ အတ္ထင်္ဂမော၊ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒ
ယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော၊ ဣတိ သညာ၊ ဣတိ
သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော၊ ဣတိ သင်္ခါ
ရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော၊
ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော။ ဣတိ ဝိညာ
ဏဿ အတ္ထင်္ဂမော၊ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု။ ပ။ ပဉ္စသု ဥပါဒါ
နက္ခန္ဓေသု။ ။ခန္ဓ-ပဗ္ဗံ နိဋ္ဌိတံ။ ။

(၂၅) ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက-ဗာဟိရေသု အာယတနေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက-ဗာဟိရေသု အာယတနေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ။ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ။ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သောတဉ္စ ပဇာနာတိ။ သဒ္ဒေ စ ပဇာနာတိ။ပ။

ဃာနဉ္စ ပဇာနာတိ။ ဂန္ဓေ စ ပဇာနာတိ။ပ။

ဇိဝှဉ္စ ပဇာနာတိ၊ ရသေ စ ပဇာနာတိ။ပ။

ကာယဉ္စ ပဇာနာတိ။ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ။ပ။

မနဉ္စ ပဇာနာတိ၊ ဓမ္မေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ။ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု။ပ။ ဆသု အဇ္ဈတ္တိက-ဗာဟိရေသု အာယတနေသု။ ။

အာယတန-ပဗ္ဗံ နိဋ္ဌိတံ။

---

(၂၆) ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ

မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သတိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

(၂၇) သန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ပ။

(၂၈) သန္တံ ဝါ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ။

(၂၉) သန္တံ ဝါ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ပီတိ-သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ပ။

(၃၀) သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ပ။

(၃၁) သန္တံ ဝါ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ပ။ ။

(၃၂) သန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ။ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ပ။ သတ္တသု ဗောဇ္ဈင်္ဂေသု။ ။ဗောဇ္ဈင်္ဂပဗ္ဗံ နိဋ္ဌိတံ။

(၃၃) ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။ ကထဉ္စ ပန ဘိက္ခဝေ

ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယ သစ္စေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာ ဘူတံ ပဇာနာတိ၊ အယံ ဒုက္ခ-သမုဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခ နိရောဓောတိ ယထာ ဘူတံ ပဇာနာတိ၊ အယံ ဒုက္ခ နိရောဓဂါမိနီ-ပဋိပဒါတိ ယထာ-ဘူတံ ပဇာနာတိ။

(၁၄) ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောက ပရိဒေဝ - ဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။

(၁၅) ကတမာ စ ဘိက္ခဝေ ဇာတိ။ ယာ တေသံ တေသံ သတ္တာနံ။ တမှိတမှိ သတ္တ နိကာယေ ဇာတိ, သဉ္ဇာတိ, ဩက္ကန္တိ, အဘိနိဗ္ဗတ္တိ, ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

(၁၆) ကတမာ စ ဘိက္ခဝေ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ၊ တမှိ တမှိ သတ္တ နိကာယေ ဇရာ, ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

(၁၇) ကတမဉ္စ ဘိက္ခဝေ မရဏံ။ ယံ တေသံ တေသံ သတ္တာနံ။ တမှာ တမှာ သတ္တ-နိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။ ။

(၁၈) ကတမော စ ဘိက္ခဝေ သောကော။ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခ ဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တော သောကော အန္တော ပရိသောကော။ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။ ။

(၃၉) ကတမော စ ဘိက္ခဝေ ပရိဒေဝေါ။ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။ ။

(၄၁) ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ။ ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ၊ ကာယိကံ အ-သာတံ ကာယ သမ္ဖဿဇံ ဒုက္ခံ အ-သာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

(၄၁) ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ။ ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ၊ စေတသိကံ အသာတံ။ မနောသမ္ဖဿဇံ ဒုက္ခံ အ-သာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

(၄၂) ကတမော စ ဘိက္ခဝေ ဥပါယာသော။ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခ ဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိ တတ္တံ ဥပါယာသိတတ္တံ၊ အယံဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

(၄၃) ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အ-ကန္တာ အ-မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ။ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထ-ကာမာ အဟိတကာမာ အဖါသုက ကာမာ အယောဂက္ခေမ-ကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ, သမာ ဂမော သမောဓာနံ မိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

(၄၄) ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ဣဓ ယဿ တေဟောန္တိ ဣဋ္ဌာကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ

အတ္ထ-ကာမာဟိတ ကာမာ ဖါသုက-ကာမာ ယောဂက္ခေမ-ကာမာ မာတာဝါ ပိတာဝါ ဘာတာဝါ ဘဂိနီဝါ မိတ္တာဝါ အမစ္စာဝါ ဉာတိ သလောဟိတာဝါ၊ ယာ တေဟိ သဒ္ဓိံ အ သင်္ဂတိ အ-သမာဂမော အ-သမောဓါနံ အ-မိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော။

(၄၅) ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။ ဇာတိ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊ -အဟော-ဝတ မယံ န ဇာတိ ဓမ္မာ အဿာမ။ န စ ဝတ နော ဇာတိ အာဂစ္ဆေယျာတိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

(၄၆) ဇရာ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။ အဟော ဝတ မယံ န ဇရာ ဓမ္မာအဿာမ။ န စ ဝတ နော ဇရာ အာဂစ္ဆေယျာတိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

(၄၇) ဗျာဓိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။- အဟော ဝတ မယံ န ဗျာဓိ ဓမ္မာ အဿာမ။ န စ ဝတ နော ဗျာဓိ အာဂစ္ဆေယျာတိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

(၄၈) မရဏဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။- အဟော ဝတ မယံ န မရဏဓမ္မာအဿာမ။ န စ ဝတ နော မရဏံ အာဂစ္ဆေယျာတိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

(၄၉) သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊-အဟော ဝတ မယံ န သောက-ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ-ဓမ္မာ အဿာမ။ န စ ဝတ နော သောက- ပရိဒေဝ- ဒုက္ခ ဒေါမနဿု ပါယာသ

ယာသာ အာဂစ္ဆေယျုန္တိ။ နခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

(၁၀) ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ သေယျထိဒံ။ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ။

ဒုက္ခသစ္စခဏ္ဍံ နိဋ္ဌိတံ၊ ။

---

(၁၁) ကတမဉ္စ ဘိက္ခဝေ ဒုက္ခ-သမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ။ ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ။ သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ၊ ယံ လောကေ ပိယ ရူပံ သာတ-ရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိ သမာနာ နိဝိသတိ။ ။

(၁၂) ကိဉ္စ လောကေ ပိယ-ရူပံ သာတ-ရူပံ၊ စက္ခုလော ကေ ပိယရူပံ သာတ-ရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၁၃) သောတ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လော ကေ။ ကာယော လောကေ။ မနော လောကေ။ ပိယရူပံ သာတ ရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ။ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၁၄) ရူပါလောကေ။ သဒ္ဒါလောကေ။ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယ ရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၅၅) စက္ခု-ဝိညာဏံ လောကေ။ သောတ-ဝိညာဏံ လောကေ။ ဃာန-ဝိညာဏံ လောကေ။ ဇိဝှါ-ဝိညာဏံ လောကေ။ ကာယ-ဝိညာဏံ လောကေ။ မနော-ဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၅၆) စက္ခု-သမ္ဖဿော လောကေ။ သောတ-သမ္ဖဿော လောကေ။ ဃာန-သမ္ဖဿော လောကေ။ ဇိဝှါ-သမ္ဖဿော လောကေ။ ကာယ-သမ္ဖဿော လောကေ။ မနော-သမ္ဖဿော လောကေ ပိယ-ရူပံ၊ သာတ-ရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၅၇) စက္ခု-သမ္ဖဿဇာ ဝေဒနာ လောကေ။ သောတ-သမ္ဖဿဇာ ဝေဒနာ လောကေ။ ဃာန-သမ္ဖဿဇာ ဝေဒနာ လောကေ။ ဇိဝှါ-သမ္ဖဿဇာ ဝေဒနာ လောကေ။ ကာယ-သမ္ဖဿဇာ ဝေဒနာ လောကေ။ မနော-သမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၅၈) ရူပ-သညာ လောကေ။ သဒ္ဒ-သညာ လောကေ။ ဂန္ဓ-သညာ လောကေ။ ရသ-သညာ လောကေ။ ဖောဋ္ဌဗ္ဗ-သညာ လောကေ။ ဓမ္မ-သညာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၅၉) ရူပသဉ္စေတနာ လောကေ။ သဒ္ဒသဉ္စေတနာ လောကေ။ ဂန္ဓ-သဉ္စေတနာ လောကေ။ ရသ-သဉ္စေတနာ လောကေ။ ဖောဋ္ဌဗ္ဗ-သဉ္စေတနာ လောကေ။ ဓမ္မသဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၆၀) ရူပတဏှာ လောကေ။ သဒ္ဒတဏှာ လောကေ။ ဂန္ဓတဏှာ လောကေ။ ရသတဏှာ လောကေ။ ဖောဋ္ဌဗ္ဗတဏှာ လောကေ။ ဓမ္မတဏှာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၆၁) ရူပ ဝိတက္ကော လောကေ။ သဒ္ဒ-ဝိတက္ကော လောကေ။ ဂန္ဓ-ဝိတက္ကော လောကေ။ ရသ-ဝိတက္ကော လောကေ။ ဖောဋ္ဌဗ္ဗ ဝိတက္ကော လောကေ။ ဓမ္မ ဝိတက္ကော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။

(၆၂) ရူပ-ဝိစာရော လောကေ။ သဒ္ဒ-ဝိစာရော လောကေ။ ဂန္ဓ-ဝိစာရော လောကေ။ ရသ-ဝိစာရော လောကေ။ ဖောဋ္ဌဗ္ဗ-ဝိစာရော လောကေ။ ဓမ္မ-ဝိစာရော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

သမုဒယသစ္စ-ခဏ္ဍံ နိဋ္ဌိတံ။ ။

---

(၆၃) ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယ သစ္စံ၊ ယော တဿာယေဝ တဏှာယ အ-သေသ ဝိရာဂ-နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ သာ ခေါပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ပဟီယမာနာ ပဟီယတိ။ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၆၄) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ။ စက္ခုံ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၆၅) သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၆၆) ရူပါ လောကေ၊ သဒ္ဒါ လောကေ၊ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

(၆၇) စက္ခုဝိညာဏံ လောကေ၊ သောတဝိညာဏံ လောကေ၊ ဃာန ဝိညာဏံ လောကေ၊ ဇိဝှါ ဝိညာဏံ လောကေ ကာယဝိညာဏံ လောကေ၊ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

(၆၈) စက္ခု သမ္ဖဿော လောကေ၊ သောတသမ္ဖဿော လောကေ၊ ဃာန သမ္ဖဿော လောကေ။ ဇိဝှါ သမ္ဖဿော လောကေ။ ကာယ သမ္ဖဿော လောကေ။ မနော သမ္ဖဿော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၆၉) စက္ခု သမ္ဖဿဇာ ဝေဒနာ လောကေ။ သောတသမ္ဖဿဇာ ဝေဒနာ လောကေ။ ဃာန သမ္ဖဿဇာ ဝေဒနာ လောကေ။ ဇိဝှါ - သမ္ဖဿဇာ ဝေဒနာ လောကေ။ ကာယ-သမ္ဖဿဇာ ဝေဒနာ လောကေ။ မနော - သမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၇၀) ရူပ - သညာ လောကေ။ သဒ္ဒ - သညာ လောကေ။ ဂန္ဓ-သညာ လောကေ။ ရသ-သညာ လောကေ။ ဖောဋ္ဌဗ္ဗသညာ

လောကေ၊ ဓမ္မ-သညာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေ သာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။

(၇၁) ရူပ သဉ္စေတနာ လောကေ။ သဒ္ဒ-သဉ္စေတနာ လောကေ။ ဂန္ဓ-သဉ္စေတနာ လောကေ၊ ရသ-သဉ္စေတနာ လောကေ။ ဖောဋ္ဌဗ္ဗ - သဉ္စေတနာ လောကေ။ ဓမ္မ - သဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

(၇၂) ရူပ-တဏှာ လောကေ။ သဒ္ဒ-တဏှာ လောကေ ဂန္ဓ-တဏှာ လောကေ။ ရသ-တဏှာ လောကေ၊ ဖောဋ္ဌဗ္ဗ-တဏှာ လောကေ။ ဓမ္မ-တဏှာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

(၇၃) ရူပ-ဝိတက္ကော လောကေ။ သဒ္ဒ-ဝိတက္ကော လောကေ။ ဂန္ဓ-ဝိတက္ကော လောကေ။ ရသ-ဝိတက္ကော လောကေ။ ဖောဋ္ဌဗ္ဗ-ဝိတက္ကော လောကေ။ ဓမ္မ - ဝိတက္ကော လောကေ။ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။

(၇၄) ရူပ ဝိစာရော လောကေ။ သဒ္ဒ ဝိစာရော လောကေ။ ဂန္ဓ ဝိစာရော လောကေ။ ရသ ဝိစာရော လောကေ။ ဖောဋ္ဌဗ္ဗ ဝိစာရော လောကေ။ ဓမ္မဝိစာရော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခ နိရောဓံ အရိယသစ္စံ။

နိရောဓသစ္စခဏ္ဍံ နိဋ္ဌိတံ။ ။

(၇၅) ကတမဉ္စ ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာ ဝါစာ သမ္မာ ကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာ ဝါယာမော သမ္မာ သတိ သမ္မာ သမာဓိ။ ။

(၇၆) ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ယံ ခေါ ဘိက္ခဝေ ဒုက္ခေဉာဏံ ဒုက္ခ သမုဒယေ ဉာဏံ ဒုက္ခ နိရောဓေ ဉာဏံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။

(၇၇) ကတမောစ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။ နေက္ခမ္မ သင်္ကပ္ပေါ အ-ဗျာပါဒ သင်္ကပ္ပေါ အ-ဝိဟိံသာ သင်္ကပ္ပေါ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

(၇၈) ကတမာစ ဘိက္ခဝေ သမ္မာဝါစာ။ မုသာဝါဒါ ဝေရမဏီ ပိသုဏာဝါစာယ ဝေရမဏီ ဖရုသာဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။ ။

(၇၉) ကတမောစ ဘိက္ခဝေ သမ္မာကမ္မန္တော ပါဏာတိပါတာ ဝေရမဏီ,အဒိန္နာဒါနာ ဝေရမဏီ, ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။ ။

(၈၀) ကတမောစ ဘိက္ခဝေ သမ္မာအာဇီဝေါ။ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာ အာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

(၈၁) ကတမောစ ဘိက္ခဝေ သမ္မာဝါယာမော။ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အ-ကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ

၁၉၅၈၉

ပဂ္ဂဏှာတိ၊ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ
ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ။
ပဒဟတိ။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အ-သမ္မော
သာယ ဘိယျော-ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိ
ပူရိယာ ဆန္ဒံ ဇနေတိ။ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ
ပဂ္ဂဏှာတိ၊ ပဒဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာ
မော။ ။

(၁၂) ကတမာ စ ဘိက္ခဝေ သမ္မာသတိ။ ဣဓ ဘိက္ခဝေ
ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာ
နော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဝေ
ဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိ
မာ ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊ စိတ္တေ စိတ္တာ
နုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ
အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ
ဒေါမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။ ။

(၁၃) ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ။ ဣဓ ဘိက္ခဝေ
ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ
သ-ဝိတက္ကံ သ-ဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ-ဈာနံ ဥပ
သမ္ပဇ္ဇ ဝိဟရတိ။ ဝိတက္က - ဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပ
သာဒနံ စေတသော ဧကောဒိ ဘာဝံ အ-ဝိတက္ကံ အ-ဝိစာရံ
သမာဓိဇံ ပီတိသုခံ ဒုတိယံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ပီတိ
ယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ။ သတော စ သမ္ပ
ဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။ ယန္တံ အရိယာ
အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊ တတိယံ
ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာ
နာ ပုဗ္ဗေဝ သောမနဿ - ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခ-

မသုခံ ဥပေက္ခာသတိ-ပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စံ။ ။

မဂ္ဂသစ္စံ နိဋ္ဌိတံ။

---

(၁၄) ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သမုဒယ ဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ၊ ဝယ ဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ၊ အတ္ထိ ဓမ္မာတိ ဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝ ဒေဝ ဉာဏ မတ္တာယ ပဋိဿတိမတ္တာယ အ-နိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။ ။

သစ္စ-ပဗ္ဗံ နိဋ္ဌိတံ။

---

(၁၅) ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ ဝဿာနိ။ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။

(၁၆) တိဋ္ဌန္တု ဘိက္ခဝေ သတ္တဝဿာနိ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆဝဿာနိ၊ ပဉ္စဝဿာနိ၊ စတ္တာရိ ဝဿာနိ၊ တီဏိဝဿာနိ၊ ဒွေဝဿာနိ၊ ဧကံဝဿံ၊ တိဋ္ဌတု ဘိက္ခဝေ ဧကံ ဝဿံ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိ ပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တမာသာနိ။ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။

(၁၇) တိဋ္ဌန္တု ဘိက္ခဝေ သတ္တမာသာနိ၊ ယော ဟိ ကော စိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ။ ဆမာသာနိ။ ပဉ္စမာသာနိ။ စတ္တာရိမာသာနိ။ တီဏိမာသာနိ။ ဒွေမာသာနိ။ ဧကံမာသံ။ အဍ္ဎမာသံ။ တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာ သံ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ။ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာ ဂါမိတာတိ။ ။ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာ နံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိ ယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ၊ ဣတိ ယံ တံ ဝုတ္တံ။ ဣဒမေတံ ပဋိစ္စ ဝုတ္တန္တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ ။

ဣမသ္မိံ ပန ဝေယျာကရဏသ္မိံ ဘညမာနေ တိံသမတ္တာ နံ ဘိက္ခူနံ သဟဿာနံ အနုပါဒါယ အာသဝေ ဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။ ။

မဟာသတိပဋ္ဌာနသုတ္တံ နိဋ္ဌိတံ။ ။

---

(၁၈) တဿုဒ္ဒါနံ။ ။

ကာယာနုပဿနာကာယေ။
ဝေဒနာယာနုပဿနာ။
စိတ္တာနုပဿနာ စိတ္တေ။
ဓမ္မေ ဓမ္မာ နုပဿနာ။ ။
စတ္တာရော သတိပဋ္ဌာနာ။
သမ္ဗုဒ္ဓေန သုဒေသိတာ။
ဧတေ ဘိက္ခူ ဘာဝယန္တော။

ဝိသုဒ္ဓိ မဓိဂစ္ဆတိ။
အာဏာ ပါဏိရိယာပထံ။
သမ္ပဇညံ ပဋိက္ကူလံ။
ဓာတုသိဝထိကာ နဝ။
စုဒ္ဒသ-ကာယာနုပဿနာ။ ။
မတံ ခဇ္ဇံ သ-မံသဋ္ဌ။
နိမံသာပဂတံ တထာ။
ဝိကိဏ္ဏာနိစ သေတာနိ။
ပုဉ္ဇကိတာနိ ပူတိနိ။ ။
နဝသိဝထိကာ ဒိသွာ။
ဘိက္ခု တဿူပသံဟရေ။
ကာကာ-ကုလသ-ဂိဇ္ဈေဟိ။
ကင်္ကေဟိ သုနခေဟိဝါ။ ။
ဗျဂ္ဃဒီပိသိင်္ဂါလေဟိ။
ဝိဝိဓေဟိစ ပါဏကာ။
ဟတ္ထ-ပါဒ-ဂေါပ္ဖကဋ္ဌိ။
ဇင်္ဃူရု-ကဋိ-ဖါသုကံ။ ။
ပိဋ္ဌိ-ခန္ဓ-ဂီဝ-တနွံ၊
ဒန္တ-သီသ-ကဋာဟကံ။
သုခံ ဒုက္ခံ တဒညံဝါ။
သာမိသံဝါ နိရာမိသံ။ ။
ဝေဒနာ ဝေဒမာနော သော။
တဒါကာရံနုပဿယေ။
ရာဂဒေါသံ မောတံ စိတ္တံ။
မဟာဂ္ဂတဉ္စ ဥတ္တရံ။ ။
သမာဟိတံ ဝိမုတ္တဉ္စ။
စိတ္တံနုပဿယေ ယတိ။
နီဝရဏာသု ခန္ဓေသု။

အာယတနေသု ဗောဇ္ဈင်္ဂေ။
သစ္စေသုစ္စတ္တ-ဗာဟိရေ။
ဓမ္မေနုပဿယေ ဘိက္ခူ။
သင်္ခံဝါပိ အသင်္ခံဝါ။
အနုပ္ပန္နဿ ဥပ္ပါဒေါ။ ။
ဥပ္ပန္နဿ ပဟာနဥ္စ။
တဿာ ယတိမနုပ္ပါဒေါ။
စက္ခု-ရူပါဒိ-ဝိညာဏံ။
ဖဿောတဏှာစ ဝေဒနာ။
သညာစ စေတနာ တဏှာ။
ဝိတက္ကောစ ဝိစာရကော။
ပိယရူပဥ္စရွေသာ။
ဥပ္ပဇ္ဇတိ နိရုဇ္ဈတိတိ။ ။

---

မဟာသတိပဋ္ဌာန-သုတ္တံ နိဋ္ဌိတံ

မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်ပြီး၏။

# မဟာသတိပဋ္ဌာနသုတ်နိဿယ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စနီဝရဏေ ဟိတွာ ကတွာ သတိံ သုပဋ္ဌိတံ။
ဘာဝယိတွာန ဗောဇ္ဈင်္ဂေ၊ ပတ္တာ တံ ဒေသကံ နမေ။ ။

ယော ဗုဒ္ဓေါ။ အကြင်မြတ်စွာဘုရားသည်။ ပဉ္စနီဝရဏေ။ ငါးပါးသော နီဝရဏတို့ကို။ ဟိတွာ။ ပယ်တော်မူ၍။ သတိံ။ သတိကို။ သုပဋ္ဌိတံ။ လွန်စွာထင်သည်ကို။ ကတွာ။ ပြုတော်မူ၍။ ဗောဇ္ဈင်္ဂေ။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ ဘာဝယိတွာန။ ပွားစေတော်မူ၍။ ဗောဓိံ။ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်သို့။ ပတ္တော။ ရောက်တော်မူပြီ။ ပတ္တာ။ ရောက်တော်မူပြီး၍။ တံဒေသကံ။ ထိုနီဝရဏငါးပါးကို ပယ်ခြင်း၊ သတိကိုထင်စွာပြုခြင်း၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွါးစေခြင်းကိုပြတတ်သောဒေသနာကို ဟောတော်မူတတ်သော။ တံဗုဒ္ဓံ။ ထိုမြတ်စွာဘုရားကို။ အဟံ။ အကျွန်ုပ်သည်။ နမေ-နမာမိ။ ရှိခိုးပါ၏။

လဒ္ဓါပေါသော သုဒ္ဓြုသံ။ ရာဇနာ နိခိနိဒ္ဒေဟ၊ ဇေ်ဒေသော သိဂန္ဓိရုံ။ ဘဂဝါ ကုရုဝါသိနံ။ ။ဧကာဝိ သတိဌာနေ သု။ အရဟတ္တေ သုခေပ်ယ။ သောကာဒုပဒ္ဒဝဿါ တံ။ ဝိသုဒ္ဓါဒိဋ္ဌိခါဝဟံ။ ။ပဉ္စု ကမ္မသခေဿောဝ။ သဗ္ဗဝဏ္ဏိပကာ သယံ။ စမ္ပုတာဒိနုလောမေ နံ။ စတုဓာ တံ ဘဏာမဟေ။

သဒ္ဓေနော။ ဥစ္စာ ရှိသော။ ပေါသော။ ဥစ္စာရှင်သည်။ သုဒ္ဓြုသံ။ ဆွေအတိပြီးသော သဒ္ဓါကို။ လဒ္ဓါ။ ရ၍။ ဇ္ဈုခ သုဒ္ဓြုံသော။ ဤဆွေအ

တိပြီးသောသေဋ္ဌာဉ်၌။ရတနာဒီနိ။ရတနာခုနစ်ပါးတို့ကို။ နိဒ္ဒဟေယ
ထား။ ထည့်သွင်းသိုမှီးရာသကဲ့သို့။ ဇေ့ံတထား။ ထိုအတူ။ သဓနှ
ပေါသသဒိသော။ ဉစ္စာရှင်နှင့်တူသော။ ဘဂဝါ။ မြတ်စွာဘုရား
သည်။ သုမင်္ဂလသသဒိသံ။ ရွှေအတိပြီးသော သေဋ္ဌာနှင့်တူသော။
ကုရုဝါသိနံ။ ကုရုတိုင်းသားလေးပါးသောပရိသတ်ကို။ လဒ္ဓါ။ ရ
တော်မူ၍။ ။ပဏ္ဍုကမ္ဗလဝေသော။ ချိုးရဲရောင်ခွေးတွေးတွေး
နီမြန်းသောကမ္ဗလာကုန်သည်သည်။ ဝဏ္ဏံ။ ကမ္ဗလာ၏ဖြစ်ရာဇာ
တိအစရှိသောဂုဏ်ကို။ ပကာသယမာနော။ ပြသကဲ့သို့။ သတ္တာဏံ။
သတ္တာဒန်ဝိသုဒ္ဓိယာစသော ခုနစ်ပါးသောဂုဏ်ကို။ ပကာသယံ-ပ
ကာသယန္တော။ ပြတော်မူလျက်။ ဧကောဝိသတိဋ္ဌာနေသု။အာနာပါ
နပဗ္ဗစသောနှစ်ဆဲ့တပါးသောအရာတို့၌။ ကမ္မဋ္ဌာနံ။ ဘာဝနာကံ၏
ဖြစ်ရာ အာနာပါနစသော ကမ္မဋ္ဌာန်းကို။ အရဟတ္တေ။ အရဟတ္တ
ဖိုလ်၌။ သုခေပိယ။ ကောင်းစွာထည့်သွင်း၍။ သောကာဒုပဒ္ဒဝ ဿ
တံ။ စိုးရိမ်ခြင်း၊ မြည်တမ်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်း။ စိတ်နှလုံးမ
သာယာခြင်းဟူသော လေးပါးသော ဉပဒ္ဒဝေါကို ပယ်ဖျောက်
တတ်သော။ ဝိသုဒ္ဓါဒိဒွိမာဝဟံ။ ကိလေသာမှစင်ကြယ်ခြင်း၊ အရိ
ယမဂ်ကိုရခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဟူသော အကျိုးသုံး
ပါးကိုဆောင်တတ်သော။ ဂမ္ဘီရံ။ပါဠိ၏နက်နဲခြင်း၊ အနက်၏နက်
နဲခြင်း၊ ဒေသနာ၏နက်နဲခြင်း၊ အသိဉာဏ်၏နက်နဲခြင်းဟူသော
လေးပါးသောနက်နဲခြင်းတို့ဖြင့် နက်နဲသော။ ရတနသဒိသံ။ ရတ
နာခုနစ်ပါးနှင့်တူသော။ ယံသတိပဋ္ဌာနသုတ္တံ။ အကြင်မဟာသတိ
ပဋ္ဌာနသုတ်ဒေသနာတော်ကို။နိဓာနဝသေန ဝေနေယျတို့သန္တာန်
၌သိုမှီးသည်၏အစွမ်းအားဖြင့်။ စရိတာဒိနယေန။ တဏှာစရိ
တမန္ဒပုဂ္ဂိုလ်အား ဟောသော ကာယာနုပဿနာ သတိပဋ္ဌာန်၊
တဏှာစရိတတိက္ခပုဂ္ဂိုလ်အားဟောသော ဝေဒနာနုပဿနာသ
တိပဋ္ဌာန်ဒိဋ္ဌိစရိတမန္ဒပုဂ္ဂိုလ်အားဟောသော စိတ္တာနုပဿနာသ
တိပဋ္ဌာန်ဒိဋ္ဌိစရိတတိက္ခပုဂ္ဂိုလ်အားဟောသောဓမ္မာနုပဿနာသ
တိပဋ္ဌာန်၊ သုဘသုခနိစ္စအတ္တဟူသော ဝိပလ္လာသလေးပါး ဩဃာ

လေးပါး၊ ယောဂလေးပါး၊ အာသဝလေးပါး၊ ဥပါဒါန်လေးပါး၊ အဂတိလေးပါးကို ပယ်ခြင်းအားလျော်စွာ။ စတုခါ။ ကာယာနုပဿနာစသော လေးပါးသောအပြားဖြင့်၊ ဒေသေသိ။ ဟောတော်မူပြီ။ တံ သတိပဋ္ဌာနသုတ္တံ။ ထိုမဟာသတိပဋ္ဌာန သုတ်၊ ဒေသနာတော်ကို။ ဟော။ အိုအရှင်တို့။ မယံ။ ငါတို့သည်။ ဘဏာမ။ ရွတ်ကြကုန်အံ့။

ဤမဟာသတိပဋ္ဌာန သုတ် ဒေသနာတော် ဖြစ်သည်။ နိဗ္ဗာန်တိုင်အောင် အကျိုးကို ပြီးစေတတ်သည့်၏ အဖြစ်ကို။ ဤသို့ ဆိုလတ္တံ့သော ဝတ္ထုသက်သေ အမြွက်ဖြင့် သိအပ်၏။ ။သီဟိုဠ်ကျွန်း၌။ ကုဋ္ဋိလတိဿအမည်ရှိသော တောင်ကျောင်းသည်။ တရသော တောင်ဂှမ်းလိုဏ်၌ ငါးရာကုန်သောလင်းနို့တို့သည် နေကုန်၏။ ထိုအခါ ထိုတောင်ဂှမ်း လိုဏ်၌နေလျက် တပါးသော ရဟန်းသည်။ မဟာသတိပဋ္ဌာနသုတ်ကိုရွတ်အံ့သရဇ္ဈာယ်၏။ လင်းနို့ ငါးရာတို့သည်။ ထိုရဟန်း၏ သတိပဋ္ဌာန်ကို သရဇ္ဈာယ်သောအသံ၌ တရားဟူသော အာရုံကိုယူ၍ စိတ်ကိုကြည်ညိုစေလျက် သေလွန်သည်ရှိသော်။ ထိုကျောင်း၏ ဥမင်ခံရွာ၌ ထိုထိုအမျိုးဝယ် ဖြစ်၍ ကြီးသောအခါ ထိုကျောင်းသို့သွား၍ အရိယဝံသတရားကို နာရလျှင်။ ကြည်ညိုသောစိတ်ရှိကုန်သည်ဖြစ်၍။ အိမ်သို့ပြန်ကုန်၏။ တဘန်တနေ့သ၌။ ကျောင်းသို့သွား၍ မဟာသတိပဋ္ဌာနသုတ်ကို နာရလျှင်။ လူတို့ဘောင်၌ ငြီးငွေ့သဖြင့်။ ငါးရာသော အမျိုးသားတို့သည်။ ရဟန်းပြု၍ ရှေး၌နေဘူးသောဝါသနာအားဖြင့်။ ထိုတောင်ဂှမ်းလိုဏ်၌ နေကုန်၏။ တနေ့သ၌ ထိုငါးရာသော ရဟန်းတို့တွင်။ တပါးသော ရဟန်းသည် ဤလိုဏ်ကား လင်းနို့နံ့ နံ၏ဟု ဆို၏။ သံဃာထေရ်သည် ငါ့ရှင်တို့နေရာ လိုဏ်ပင်တည်းဟု ဆို၏။ ထိုစကားကိုကြား၍ ရဟန်းတို့သည်သံဝေဂရကုန်သဖြင့်။ နောက်အဘို့၌ မဟာသတိပဋ္ဌာနသုတ်ကိုပင်လျှင် နာ၍။ ငါးရာသော ရဟန်းတို့သည်။ သောတာပန်ဖြစ်ကုန်၏။ တဘန်တနေ့သ၌။ မဟာသတိပဋ္ဌာနသုတ်ကိုပင်နာပြန်၍ အထက်မဂ်သုံးတန်ကိုရလေကုန်၏။ ။

သဟာသဝတ္ထုကျမ်းအတွက်။

သီဟိုဠ်ကျွန်း ရောဟန ဇာနပုဒ်၌ တဦးသော လှည်းကုန်သည်သည် လဲဝါဝမ်းဖြင့် ပြည့်သော လှည်းကို ဆောင်ယူ၍။ နက်စွာသောညွန်ပျောင်းသို့ရောက်သောလှည်းသည် ညွန်၏အလယ်၌ ကျွံနစ်၏။ ထိုလှည်းကုန်သည်၏ မဟာဒတ္တမည်သော နွားလားသည် ညွန်၌ ကျွံနစ်သော လှည်းကို ငင်ထုတ်ခြင်းငှါ မစွမ်းနိုင်။ ထိုအခါ လှည်းကုန်သည်သည်။ နွားလားဒတ္တ။ သင်သည် ယနေ့ နက်စွာသော ညွန်မှ လှည်းကို အကယ်၍ ထုတ်ငြားအံ့။ တဘန် သင့်ကို လှည်းထမ်းပိုး၌ မကပြီဟုဆို၏။ ထိုစကားကို ကြား၍။ မဟာဒတ္တနွားလားလည်း။ လှည်းကိုညွန်မှ ထုတ်ခြင်းငှါ သွန်စွာ လုံ့လပြု၏။ကုန်သည်လည်းနွားကိုသုံးသပ်၍နှင်၏။ နွားလားလည်း အားကုန် ထုတ်သဖြင့် လှည်းကိုဆောင်၏။ ဤသို့နှင်နှင် ခြောက်ကြိမ်တိုင်အောင် မဟုတ်မမှန်သောစကားကိုဆိုလျက်။ ညွန်မှလှည်းကို ထုတ်စေ၍။ တဘန် ခုနစ်ကြိမ်တိုင် ရောက်လတ်သော် နွားလားသည် အလွန်အကြူးအားထုတ်ပါသော်လည်း။ အို၍ အားနည်းခြင်းကြောင့် မစွမ်းနိုင်။ တဘန် ပြင်းစွာသောအဟုန်ဖြင့် လှည်းကို ငင်ထုတ်သော်။ နွားလား၏ရင်သည် ကွဲသဖြင့် သွေးအန်၍ ထိုအရပ်၌ ပင်လည်း၏။ ကုန်သည်လည်း မဟာဒတ္တနွားလားကိုစွန့်၍ တပါးသောနွားကိုကာ၍သွား၏။ထိုအခါ တယောက်သောအုံးထိန်းသည် သည်လာလတ်၍။ မြေကြီးနယ်ရန် အသက်ရှင်စဉ်ပင် နွား၏ အရေကို ခွါယူ၍သွား၏။ စောင်းသမားတယောက် လာလတ်၍။ စောင်းကြိုးပြုခြင်းငှါ အကြောကိုနုတ်ယူ၍သွား၏။ မုဆိုးတယောက် ခွေးတို့နှင့်တကွ လာလတ်၍ အသားကိုလှီး၍ ခွေးတို့အားပေး၏။ ထိုခွေးတို့သည် နှုတ်သီးတို့ဖြင့် ကိုက်ဖြတ်၍ စားကုန်၏။ အသက် ရှင်စဉ်ပင် နွားလား၏ကိုယ်ကို ပိုးရွခြပုန်းတို့သည် ကိုက်ခဲကုန်၏။ မဟာဒတ္တ နွားလားသည် ကြီးစွာသောဆင်းရဲရောက်လျက် ပင်၏။ ထိုအခါ ရှင်ဥပါလိပ္ပပါတ်ကာတိဿမထေရ်သည် ရဟန်း ငါးရာတို့နှင့်တကွ ထိုလမ်းခရီးဖြင့် သွားသည်ရှိသော်။ မဟာဒတ္တနွားလားကို မြင်လျှင် သနားခြင်း ဖြစ်ကုန်ကား။ သပိတ်ဖြင့် ရေကို ဆောင်ယူ၍

တိုက်၏နွားသည်းအလိုတိုင်းသောက်၍ သက်သာရာကိုရ၏။ မ
ထေရ်လည်းနွား၏အနီး၌နေ၍မဟာသတိပဋ္ဌာနသုတ်ကိုဟော၏။
သရဏဂုံကိုပေး၏။ သရဏဂုံပေးစဉ် သေလွန်ခဲ့သော် မဟာသ
တိပဋ္ဌာနသုတ်၌ ဤကား တရားတော်ပင်တည်းဟု အာရုံကိုယူ၍
တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ဝယ်
နတ်သမီး တထောင်ခြံရံလျက် ဖြစ်လေသော်။ ရှေးဘဝကို မြင်၍
ရူဋ္ဌပိဏ္ဍပါတိကတိဿမထေရ်သည် ပြုအပ်သော ကျေးဇူးကို သိ
သည်၏အဖြစ်ကို မြင်စေခြင်းငှါ သန်းခေါင်ယံအခါ နတ်သမီး တ
ထောင်ခြံရံလျက် ရွှေဗိမာန်နှင့် တကွ လာ၍ မထေရ်၏ ခြေရင်း၌
ရှိခိုးပြီးလျှင် တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏။ မထေရ်
သည် အချင်းနတ်သား သင်ကား အလွန်လှသောအဆင်းရှိ၏။ ရှုစ
ဘွယ်ရှိ၏ အရပ်မျက်နှာတို့ကို အရောင်အဝါဖြင့် တောက်ပစေ၏။
နတ်သမီးအပေါင်း ခြံရံအပ်၏။ အဘယ် နတ်သားနည်းဟု မသိ
ဟန်ပြု၍မေး၏။နတ်သားလည်း အရှင်ဘုရား။ အကျွန်ုပ်သည် ရှေး
ဘဝ၌ အပါယ်ပဋိသန္ဓေနေသော နွားလားဖြစ်၏။ရိုက်သော အမျိုး
သို့ရောက်၏။ ကုသိုလ် ကောင်းမှုကို သိ။ အကျွန်ုပ်ကို နက်စွာ
သော ညွန့်၏အလယ်၌ ကျုံ့နစ်သောလှည်း၌ ကကုန်၏။ လှည်းကို
ထုတ်ဆောင်သော် အကျွန်ုပ်၏ရင်သည် ကွဲရကား ထိုအရပ်၌ပင်
သ[illegible]၍ အားနည်းသောအကျွန်ုပ်ကိုမြင်လျှင် အရှင်သည် စွန့်ပစ်၍
သွား၏။ကရုဏာမရှိကုန်သော အချို့သောသူတို့သည် အသက်ရှင်
စဉ်ပင် အကျွန်ုပ်၏အရေကို ခွါယူ၍သွားကုန်၏။ အချို့သော သူတို့
သည် အကြောကိုနှုတ်ယူ၍သွားကုန်၏။ အချို့သောသူတို့သည် အ
သားကိုလှီး၍ သွားကုန်၏။ သို့စင် ပင်ပန်းဆင်းရဲခြင်းသို့ ရောက်
သော အကျွန်ုပ်ကို။ ရဟန်းမြတ်ဖြစ်သော အရှင်ဘုရားသည် မြင်
တော်မူ၍ သနားတော်မူသဖြင့် သတိပဋ္ဌာန်တရားတော်ကို ဟော
ပေ၏။တရားတော်ဟောပြီးသည့်အဆုံး၌ သရဏဂုံကို ပေးတော်မူ
၏။ သရဏဂုံ ပေးစဉ်ပင် အကျွန်ုပ် သေလွန်၍ တာဝတိံသာ၌
ဖြစ်၏။သီလကို ပေးမိပါသော် ယာမာဘုံ၌ဖြစ်ရလေ၏။ နတ်ပြည်

သို့ရောက်ငြားသော်လည်း ဈေးအမည်မပျောက်မကွယ်သည် ဖြစ်၍ သိကြားနှင့်တကွသော နတ်တို့သည် အကျွန်ုပ်ကို မဟာဒတ္တနတ်သားဟူ ဆိုကြကုန်၏ဟု နားတော်လျှောက်၏။ အရှင်ဘုရား အကျွန်ုပ်သည် ဈေးအခါ အလွန် ကြမ်းကြုတ်သော ဆင်းရဲခြင်းသို့ရောက်သော နွားသတ္တဝါဖြစ်၏။ အကျွန်ုပ်အား အရှင်ဘုရားသည် သတိပဋ္ဌာန်ကိုဟောတော်မူ၍ သရဏဂုံကိုလည်း ပေးတော်မူ၏။ နားသို့ဝင်သောသတိပဋ္ဌာနသုတ်၏ ဤကဲ့သို့သောကောင်းကျိုးကို ရှုပါလော့။ ဤတထောင်သော နတ်သမီးတို့သည် အကျွန်ုပ်ကို ခြံရံကုန်၏။ သတိပဋ္ဌာနသုတ်ကိုနာရ၍ ဆင်းရဲလှစွာသော နွားသတ္တဝါဖြစ်သောအကျွန်ုပ်စည်လျက် ဤကဲ့သို့သောအသရေကို ရတုံသေး၏။ အကြင်သူတို့သည်ကား စည်းစိမ်ရှင် ဖြစ်ကုန်၏။ မြတ်သောချမ်းသာကို ရကုန်သောသူတို့၏လျှောက်ပတ်သောကာလ၌ သာသနာတော်ကို ဆည်းကပ်ခြင်းကို ပြုရာ၌ကား ဆိုဖွယ်ရာမရှိပေဟု တရားတော်ကိုချီးမွမ်း၍လည်းလျှောက်၏။ ယင်းသို့ လျှောက်ပြီး၍ ဘဝပဋိသန္ဓေ၌တပ်စွမ်းခြင်းကင်းသော မဟာဒတ္တနတ်သားသည် အရှင်ဘုရား သရဏဂုံသီလကို ပေးတော်မူ၍ ထိုသတိပဋ္ဌာနသုတ်ကိုပင် ဟောတော်မူပါ။ အကျွန်ုပ်ကို တရားသင်းဘော လှေသို့တင်၍ ဘဝသမုဒ္ဒရာမှ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့ ဆောင်တော်မူပါ။ အကျွန်ုပ်သည် သတိပဋ္ဌာနသုတ်၏ တန်ခိုး အားဖြင့်၎င်း။ သီလသရဏဂုံအားဖြင့်၎င်း အပါယ်ဆင်းရဲ၌ ကိုယ်၏အဖြစ်ကိုမြတ်၍ နတ်၌ဖြစ်သော ကိုယ်၏အဖြစ်ကို ရလေပြီဟု တရားဟောစိမ့်သောငှာ တောင်းပန်၏။ မထေရ်သည် သရဏဂုံသီလကို ပေး၍ သတိပဋ္ဌာနသုတ်ကိုပင် ဟောတော်မူ၏။ နတ်သားနှင့်တကွ တထောင်သောနတ်သမီးတို့သည် သောတာပတ္တိဖိုလ်၌တည်၍ မထေရ်ကို ရှိခိုးပြီးလျှင် ကောင်းကင်ပြင်ဝယ် ဟင်္သာမင်း ကဲ့သို့ တာဝတိံသာနတ်ပြည်သို့ ပြန်တက်ကြလေကုန်၏။ ။သီဟဠဝတ္ထု ကျမ်းအထွက်။

ကကုသန်မြတ်စွာဘုရားလက်ထက်တော်၌ တခုသောကြက်

မသည် နေရာစရပ်အနီး၌နေ၏။ ထိုကြက်မသည် တပါးသော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသော ရဟန်း၏ကမ္မဋ္ဌာန်းသံကိုကြား၍ ဤကား တရားတော်တည်းဟု အာရုံကိုယူလျက် တရသော စွန်သုတ်ခဲ့ရကား။ သေလွန်၍ ဥပရိမည်သော မင်းသမီးဖြစ်လျှင် ပရိဗိုဇ် ရဟန်းမိန်းမတို့အထံရဟန်းပြု၏။ ထိုရဟန်းမိန်းမသည် ဝစ္စကုဋီသို့ ဝင်သည်ရှိသော်။ ပိုးလောက်အစုကိုမြင်သဖြင့် ပုဠုဝကသညာကို ဖြစ်စေ၍ ပဌမဈာန်ကိုရလျှင် ထိုကိုယ်၏အဖြစ်မှ စုတေသော် ဗြဟ္မာ့ပြည်၌ဖြစ်၏။ ဗြဟ္မာ့ပြည်မှ စုတေသော် သေဋ္ဌေးမျိုး၌ ဖြစ်လျှင် မကြာမြင့်မီပင် စုတေပြန်၍ ငါတို့ဘုရားဖြစ်တော်မူသော အခါ ရာဇဂြိုဟ်ပြည်ဝယ် ဝက်မငယ် ဖြစ်၏။ မြတ်စွာ ဘုရား သည် ဝက်မငယ်ကိုမြင်၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာသည် ပြုံးတော်မူကြောင်းကို လျှောက်လတ်သော် အလုံးစုံသောအကြောင်းကို မိန့်တော်မူ၏။ ယထာပိမူလေအနုပဒ္ဒဝေ။ အစရှိသောဂါထာကို ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ များစွာသော တရားနာ ပရိသတ်တို့သည် သောတာပတ္တိဖိုလ်စသည်ကို ရလေကုန်၏။ ထိုဝက်ငယ်သည် ထိုကိုယ်၏အဖြစ်မှစုတေ၍ သုဝဏ္ဏဘူမိ၌မင်းသမီးဖြစ်၏။ ထိုမှ စုတေ၍ ဝနဝါသီအရပ်၌ဖြစ်၏။ ထိုမှစုတေ၍ ဗာရာဏသီပြည်၌ဖြစ်၏။ ထိုမှစုတေ၍ သုပ္ပါရကသဘော်ဆိပ်၌ မြင်းကုန်သည်သမီးဖြစ်၏။ ထိုမှစုတေ၍ ကာဝိရသဘော်ဆိပ်၌ သင်္ဘောသူကြီးသမီးဖြစ်၏။ ထိုမှစုတေ၍ အနုရာဓပြည်၌ မင်းသမီးဖြစ်၏။ ထိုမှစုတေ၍ အနုရာဓပြည်၏ တောင်အရပ်၌ သက္ကတ္တိမည်သောရွာဝယ်။ သုမနေမည်သောသူကြွယ်၏ သုမနမည်သော သမီးဖြစ်၏။ ထိုအခါ။ သတို့ သမီး၏အဘသည်။ ဒီဃဝါပိတိုင်းသို့သွား၍။ မဟာသုမန မည်သော ရွာ၌နေ၏။ ထိုရွာ၌။ ဒုဋ္ဌဂါမဏိမင်း၏ လကုဏ္ဍကအတိမ္ဗရမည်သောအမတ်သည် တစုံတခုပြုဘွယ်ကိစ္စကြောင့်ရောက်၍။ သုမန သတို့သမီးကို မြင်လျှင်။ ကြီးစွာသော မင်္ဂလာပြု၍ ဆောင်ယူ၍။ မဟာဂါမသို့သွား၏။ ထိုအခါ။ ကောဋ္ဌတောင်ကျောင်းကြီး၌ သီတင်း သုံးနေသော မဟာ အနုရုဒ္ဓါ ထေရ်သည်။ မဟာ ဂါမ၌

ဆွမ်းခံကြွသည်ရှိသော် ထိုအမတ်၏ အိမ်တံခါး၌ရပ်လျက် သုမနကိုမြင်၍ ငါ့ရှင်တို့ ဝက်ပေယျသည် အတိမ္ဗရ အမတ်ကြီး၏ မယား အဖြစ်သို့ ရောက်သည်ကား။ အံ့ဘွယ်ရှိစွဟု ရဟန်းတို့နှင့် ပြောဆိုတော်မူ၏။ သုမနသည် ထိုစကားကိုကြား၍။ အတိတ်ဘဝကို ဘွင့်လှစ်၍ ဇာတိဿရ ဉာဏ်ကိုရ၏။ ထိုခဏ၌ပင်လျှင် သံဝေဂရ၍ လင်ကို တောင်းပန်၍ ရဟန်းမိန်းမတို့အထံ၌ ရဟန်းပြု၍။ တိဿအမည်ရှိသောကျောင်းကြီး၌မဟာသတိပဋ္ဌာနသုတ်ကိုနာရ၍ သောတာပတ္တိဖိုလ်၌တည်လေ၏။နောက်ကာလ၌။ ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးတို့ကို နှိပ်နင်းပြီးသည်ရှိသော်။ ဆွေမျိုးတို့၏ နေရာ သက္ကဏ္ဍရွာသို့ သွား၍ နေလေသော်။ ကလ္လက မည်သော ကျောင်းကြီး၌ အာသိဝိသူပမသုတ်ကို နာရ၍ ရဟန္တာဖြစ်၏။ ထိုသုမနမည်သော ရဟန္တာမသည် ပရိနိဗ္ဗာန်ပြုသည့်နေ့၌။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် မေးအပ်သည်ဖြစ်၍။ အလုံးစုံသောအကြောင်းကို အခြားမရှိပြောဆို၍ စည်းဝေးသော ရဟန်းသံဃာ၏အလယ်၌။ ဗျာလာရာမ၌ သီတင်းသုံးနေသော ဓမ္မပဒကိုဆောင်သောမဟာတိဿနှင့်နှီးနှော၍။ ငါသည်ရှေးဘဝ၌ လူ၏ အဖြစ်မှ ရွေ၍ ကြက်မဖြစ်၏။ ကြက်မဘဝ၌ ငှက်၏အထံမှ ဦးခေါင်းပြတ်ခြင်းသို့ရောက်၍ မင်းမျိုး၌ဖြစ်လေသော် ပရိဗိုဇ် ရဟန်းတို့၏ အထံ၌ရဟန်းပြု၍။ ပဌမဈာန်ကိုရသဖြင့်ဗြဟ္မာ့ပြည်၌ဖြစ်၏။ဗြဟ္မာအဖြစ်မှရွေသော်။ သေဋ္ဌေးမျိုး၌ဖြစ်၍။ ကြာမြင့်မိပဲစုတေ၍ ဝက်မျိုး၌ဖြစ်၏။ ထိုမှစုတေ၍ သုဝဏ္ဏဘူမိ၌ ဖြစ်၏။ ထိုမှစုတေ၍ ဝနဝါသီအရပ်၌ဖြစ်၏။ ထိုမှစုတေ၍ ဗာရာဏသီပြည်၌ ဖြစ်၏။ ထိုမှစုတေ၍ သုပ္ပါရက သင်္ဘောဆိပ်၌ ဖြစ်၏။ ထိုမှစုတေ၍ ကာဝိရ သင်္ဘောဆိပ်၌ဖြစ်၏။ ထိုမှစုတေ၍ အနုရာဓပြည်၌ဖြစ်၏။ ထိုမှ စုတေ၍ သက္ကဏ္ဍရွာ၌ဖြစ်၏။ ဤသို့လျှင် အနိမ့်အမြင့်အမြတ်အယုတ်ဖြစ်ကုန်သော တဆဲ့သုံးဘဝသို့ရောက်၍။ ယခုအခါ ငြီးငွေ့ရကား။ ရဟန်းပြု၍ အရဟတ္တဖိုလ်ကိုရပြီ။ ခပ်သိမ်း ကုန်သော သူတော်ကောင်းတို့သည် အပ္ပမာဒ တရားနှင့် ပြည့်စုံကြစေကုန်လော့ဟု

ဆိုးမ၍။ လေးပါးသောပရိသတ်ဘို့ကို ထိတ်လန့်စေ၍ ပရိနိဗ္ဗာန်ပြု
လေ၏။ ။သူကြွက်မင်းမှာ။ ဖြဟ္မာသူကြွယ်။ ဝက်ငယ်ဖြစ်ဘိ။
ဘူမိနဝ။ ဗာရာဏမှာ။ သုပ္ပါဒက။ ကာဝိရနှင့်။ ပြည်မနူရာ။ ရွာ
သက္ကန္တ။ ဖြစ်လေရသည်။ ။ဘဝဆဲ့သုံး ယုတ်မြတ်တည်း။ ။
ဓမ္မပဒအဋ္ဌကထာထွက်။ ဤသို့ သတိပဋ္ဌာနသုတ္တန် ဒေသနာတော်
သည်။ နိဗ္ဗာန်တိုင်အောင် ဆောင်တတ်သောကြောင့် နိဗ္ဗာန်တိုင်
အောင်သော ကောင်းကျိုးချမ်းသာကို အလိုရှိကုန်သော သူတော်
ကောင်းတို့သည်။ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော် မြတ်
ကိုနာခြင်း သင်ခြင်း လေ့ကျက်ရွက်ဆောင်ခြင်း အစရှိသဖြင့် အ
ဘန်တလဲလဲအားထုတ်ကုန်ရာ၏။

---

## ဥဒ္ဒေသဝါရကထာ။

၁။ ။ဘန္တေကဿပ။ အရှင်မဟာကဿပ။ ဇာဒိသုတ္တံ။ ဤမ
ဟာသတိပဋ္ဌာနသုတ်ကို။မေမယာ။အကျွန်ုပ်အာနန္ဒာသည်။ ဘဂ
ဝဘော။ မြတ်စွာဘုရား၏။ သမ္မုခါ။ မျက်မှောက်တော်မှ။ ဧဝံ။ဤ
သို့။သုတံ-ဥပလက္ခိတံ။မှတ်လိုက်ရ၏။ ဧကံ။တပါးသော။ သမယံ။
အခါ၌။ ဘဂဝါ။ မြတ်စွာဘုရားသည်။ ကုရူသု။ ကုရုတိုင်းတို့၌။
ကမ္မာသဒမ္မံနာမ။ ပြောက်ကျားသော ခြေရှိသော ပေါရိသာဒကို
ဆုံးမရာဖြစ်၍ ကမ္မာသဒမအမည်ရှိသော။ ကုရူနံ။ ကုရုတိုင်းသူတို့
၏။ နိဂမော။နိဂုမ်းသည်။ အတ္ထိ။ရှိ၏။ တတ္ထ။ထိုနိဂုမ်း၌။ ဝိဟရတိ။
နေတော်မူ၏။ တတြခေါ။ ထိုကမ္မာသဒမနိဂုမ်းဝယ် နေတော်မူ
သောအခါ၌သျှင်၊ဘဂဝါမြတ်စွာဘုရားသည်။ဘိက္ခူ။တို့ကို။ ဘိက္ခ
ဝေါတိ။ရဟန်းတို့ဟူ၍။ အာမန္တေသိ။ ခေါ်တော်မူ၏။ ဘဒ္ဒန္တေတိ။
အရှင်ဘုရားဟူ၍။ တေဘိက္ခူ။ ထိုရဟန်းတို့သည်။ ဘဂဝတော။
မြတ်စွာ ဘုရားအား။ ပစ္စဿောသုံ။ ရိုသေစွာ စကားတုံ့ပြန်
လျှောက်ကုန်၏။ ဘဂဝါ။ မြတ်စွာဘုရားသည်။ ဧတံဝစနံ။ ဤဆို
လတ္တံ့သော စကားတော်ကို။ အဝေါစ။ မိန့်တော်မူ၏။ ဘိက္ခဝေ။

ရပဟာန်းတို့။သတ္တာနံ။သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ။အညစ်အကြေးအညစ်အကြေးရှိသော ကိ
လေသာတို့မှ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ။ စိုးရိမ်ခြင်းငို
ကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ။ လွန်ခြင်းငှါ။ ဒုက္ခ
ဒေါမနဿာနံ။ ကိုယ်၏ဆင်းရဲခြင်း စိတ်နှလုံးမသာယာခြင်း တို့၏။
အတ္ထင်္ဂမာယ။ ချုပ်ခြင်းသို့ရောက် ခြင်းငှါ။ ဉာယဿ။ အရိယမဂ်
ကို။အဓိဂမာယ။ရခြင်းငှါ။ နိဗ္ဗာနဿ။ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာ
ယ။မျက်မှောက်ပြုခြင်းငှါ။ ပဝတ္တော။ ဖြစ်သော။ ဧကာယနော။တ
ကြောင်းတည်းသောခရီးဖြစ်သော၊ ဧကာယနော။ တယောက်အ
ထီးတည်း သာလျှင် သွားအပ်သော။ ဧကာယနော။ မြတ်သော
ဘုရားသမ္မာသမ္ဗုဒ္ဓ၏ခရီးဖြစ်သော။ဧကာယနော။မြတ်သောသာသနာ
တော်၌သာလျှင်ဖြစ်သော။ ဧကာယနော။ မြတ်သော နိဗ္ဗာန်သို့သာ
လျှင် သွားတတ်သော။ အယံ၏ဒိသော။ ဤသို့သဘောရှိသော။
မဂ္ဂေါ။ ခရီးသည်။စတ္တာရော၊လေးပါးကုန်သော။ ယဒိဒံယေဝ၊ ဣမေ
သတိပဋ္ဌာနာ။အကြင်သတိပဋ္ဌာန်တို့သည်။စတ္တာရော။လေးပါးတို့
တည်း။စတ္တာရော ။ လေးပါးကုန်သောသတိပဋ္ဌာန်တို့သည်။ ကတ
မေ။ အဘယ်သည်တို့နည်း။ ဘိက္ခဝေ။ရဟန်းတို့။ ဣဓ။ ဤသာသ
နာတော်၌။ ဘိက္ခု။ ရဟန်းသည်။အာတာပီ။ ရုပကာယကို အာရုံပြု
၍ ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သဒ္ဓါမှ အသန်
လုံ့လရှိသည်ဖြစ်၍။သမ္ပဇာနော။ရုပကာယကို ကောင်းစွာ အပြား
အားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။
သတိမာ။ ရုပကာယကို အောက်မေ့တတ်သောသတိနှင့် ပြည့်စုံ
သည်ဖြစ်၍။ လောကေ။ ရုပုပါဒါနက္ခန္ဓာဟူသော လောက၌။ အ
ဘိဇ္ဈာဒေါမနဿံ။ ရုပကာယကို တပ်သောအားဖြင့် ရှေ့ရှုကြံခြင်း
ဟူသောလောဘ၊ ရှေ့ရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာ
ခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ။ တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့်
ပျောက်၍။ ကာယေ။ အင်္ဂါကြီးငယ်အပေါင်း၊ဆံအမွေးစသည့် အ
ပေါင်းဟူသောရုပ်ဥပါဒါရုပ်အပေါင်း၊ပထဝီကာယစသည့်အပေါင်း
ဖြစ်သော ရုပကာယ၌။ ကာယာနုပဿီ။ အင်္ဂါကြီးငယ် အ

ပေါင်း၊ ဆံအမွေးစသည့် အပေါင်း။ ဘူတရုပ် ဥပါဒါရုပ်အပေါင်း။ ပထဝီကာယစသော အပေါင်းကို အဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ကာယာနုပဿီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အခြင်းအရာအပေါင်းကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ အဘန် တလဲလဲရှုသော ဝိပဿနာဉာဏ်ရှိသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဘိက္ခု။ ရဟန်းသည်။ အာတာပီ။ ဝေဒနာကိုအာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော။ ဝေဒနာကို ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာအဆင် အခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ။ ဝေဒနာကို အောက်မေ့တတ်သောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ။ ဝေဒနုပါဒါနက္ခန္ဓာဟူသောလောက၌။ အဘိဇ္ဈာဒေါမနဿံ။ ဝေဒနာကို တပ်သောအားဖြင့် ရှေးရှုကြံခြင်း ဟူသော လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်း ဟူသော ဒေါမနဿ။ ဝိနေယျ။ တဒင်္ဂဝိက္ခမ္ဘနအားဖြင့်ဖျောက်၍။ ဝေဒနာသု။ သုခစသော ဝေဒနာတို့၌။ ဝေဒနာနုပဿီ။ ဈာနာရုံကိုအာရုံပြု၍ သုခဝေဒနာဖြစ်၏ စသည်ဖြင့် အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝေဒနာနုပဿီ။ သုခဝေဒနာကို ဒုက္ခအားဖြင့်။ ဒုက္ခဝေဒနာကို ကြောင့်တံသင်းနှင့် တူသော အားဖြင့်။ ဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝေဒနာနုပဿီ။ သုခဝေဒနာသည် တည်သဖြင့် ချမ်းသာ၏။ ဘောက်ပြန်ပျက်စီးသဖြင့် ဆင်းရဲ၏။ ဒုက္ခဝေဒနာသည် တည်သဖြင့်ဆင်းရဲ၏။ ဘောက်ပြန် ပျက်စီးသဖြင့် ချမ်းသာ၏။ ဥပေက္ခာဝေဒနာသည် သိမြင်သဖြင့် ချမ်းသာ၏။ မသိမမြင်သဖြင့် ဆင်းရဲ၏ဟုအတန်ဘတလဲလဲရှုသည်ဖြစ်၍။ ဝေဒနာနုပဿီ။ ဝေဒနာကို အနိစ္စ ဒုက္ခ အနတ္တဟု အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဘိက္ခု။ ရဟန်းသည်။ အာတာပီ။ စိတ်ကိုအာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာ ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော။ စိတ်ကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ။ စိတ်

ကို အောက်မေ့တတ်သောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ။ ဝိညာဏုပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ။ စိတ်ကို တပ်သောအားဖြင့် ရှေ့ရှုကြံခြင်းဟူသော လောဘ၊ ရှေ့ရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ။ တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ပယ်ဖျောက်၍။ စိတ္တေ။ သရာဂစိတ်စသည်၌။ စိတ္တာနုပဿီ။ သရာဂစိတ်စသည်ကို အဖန်တလဲလဲရှုသည်ဖြစ်၍။ စိတ္တာနုပဿီ။ သရာဂစိတ်စသည်ကို အနိစ္စ စသည်ဖြင့် အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဘိက္ခု။ ရဟန်းသည်။ အာတာပီ။ နီဝရဏစသောတရားကို အာရုံပြု၍ ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သောသမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော။ နီဝရဏစသောတရားကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင် အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ။ နီဝရဏစသောတရားကို အောက်မေ့တတ်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ။ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ တရားဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ။ နီဝရဏစသောတရားကို တပ်သောအားဖြင့် ရှေ့ရှုကြံခြင်းဟူသော လောဘ၊ ရှေ့ရှုကြံတိုင်းမရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ။ တဒင်္ဂ ဝိက္ခမ္ဘန အားဖြင့် ပယ်ဖျောက်၍။ ဓမ္မေသု။ နီဝရဏစသောတရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏ စသောတရားကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဓမ္မာနုပဿီ။ နီဝရဏစသော တရားတို့ကို အနိစ္စစသည်ဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ။ဥဒ္ဒေသဝါရကထာ။ သတိပဋ္ဌာန်လေးပါးကို အကျဉ်းသရုပ်ထုတ်၍ ဟောတော်မူအပ်သော စကားအစဉ်သည်။ နိဋ္ဌိတာ။ ပြီးပြီ။

## အာနာပါနပဗ္ဗ။ထွက်သက်ဝင်သက်အားဖြင့် နှလုံးသွင်းရာသောအပိုင်း။

(၂) ဘိက္ခဝေ။ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ ကာယေ။ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ။ ရူပကာယကိုအဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ အရညဂတော ဝါ။ တောအရပ်သို့ကပ်၍၎င်း။ ရုက္ခမူလဂတော ဝါ။ သစ်ပင်ရင်းသို့ကပ်၍၎င်း။ သုညာဂါရဂတော ဝါ။ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍၎င်း။ ပလ္လင်္ကံ။ ထက်ဝယ်ကို။ အာဘုဇိတွာ။ ဘွဲ့ခွေ၍။ ဥဇုံ။ ဖြောင့်မတ်စွာ။ ကာယံ။ ကိုယ်ကို။ ပဏိဓာယ။ ထား၍။ သတိံ။ သတိကို။ ပရိမုခံ။ ကမ္မဋ္ဌာန်းသို့ရှေ့ရှု။ ဥပဋ္ဌပေတွာ။ ဖြစ်စေ၍။ နိသီဒတိ။ နေ၏။ သော ဘိက္ခု။ ထိုရဟန်းသည်။ သတော ဝ။ သတိနှင့်ပြည့်စုံသည် ဖြစ်၍သာလျှင်။ အဿသတိ။ ထွက်သက်ကို ဖြစ်စေ၏။ အဿသတိ။ ထွက်သက်ရှူ၏။ သတော ဝ။ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ။ ပင်သက်ကိုဖြစ်စေ၏။ ပဿသတိ။ ဝင်သက်ရှူ၏။ ဒီဃံ ဝါ။ ရှည်စွာမူလည်း။ အဿသန္တော။ ထွက်သက်ရှူလသော်။ ဒီဃံ။ ရှည်စွာ။ အဿသာမီတိ။ ထွက်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ သိ၏။ ဒီဃံ ဝါ။ ရှည်စွာမူလည်း။ ပဿသန္တော။ ဝင်သက်ရှူလသော်။ ဒီဃံ။ ရှည်စွာ။ ပဿသာမီတိ။ ဝင်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ သိ၏။ ရဿံ ဝါ။ တိုစွာမူလည်း။ အဿသန္တော။ ထွက်သက်ရှူလသော်။ ရဿံ။ တိုစွာ။ အဿသာမီတိ ထွက်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ သိ၏။ ရဿံ ဝါ။ တိုစွာမူလည်း။ ပဿသန္တော။ ဝင်သက်ရှူလသော်။ ရဿံ။ တိုစွာ။ ပဿသာမီတိ။ ဝင်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ သိ၏။ သဗ္ဗကာယပဋိသံဝေဒီ။ အလုံးစုံသော ထွက်သက်၏ အစအလယ်အဆုံးသုံးပါးအပေါင်းကို ထင်စေလျက်။ အဿသိဿာမီတိ။ ထွက်သက် ရှူအံ့ဟူ၍။ အဿသိဿာမီတိ အဿသံဗြူဿာမီတိ။ ထွက်သက်ကို ဖြစ်စေ

ဒွံ့ဟူ၍။ သိက္ခတိ။အားထုတ်သဖြင့်ကျင့်၏။ သဗ္ဗကာယပဋိသံဝေ
ဒီ။ အလုံးစုံသော ဝင်သက်၏ အစအလယ်အဆုံး သုံးပါး အပေါင်း
ကို ထင်စေလျက်။ ပဿသိဿာမိတိ။ ဝင်သက် ရှူအံ့ ဟူ၍။
ပဿသိဿာမိတိပဿသံဿာမိတိ။ ဝင်သက်ကိုဖြစ်စေအံ့ဟူ၍
သိက္ခတိ။ အားထုတ်သဖြင့်ကျင့်၏။ကာယသင်္ခါရံ။အရှူပြင်း၍ ရုန့်
ရင်းသောထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော။သာယာ
ဖြည်းညှင်း ရှူခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမိတိ။ အား
ထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ။ အရှိုက်ပြင်း၍ ရုန့်ရင်းသော
ဝင်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော။ သာယာဖြည်းညှင်း
ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိဿာမိတိ။ ဝင်သက်ရှူအံ့
ဟူ၍၊ သိက္ခတိ။ အားထုတ်သဖြင့်ကျင့်၏။ ဘိက္ခဝေ။ ရဟန်းတို့။
သေယျထာပိ။ ရှည်တိုထင်စွာ။ ငြိမ်းစေရာဝယ်။ ဥပမာသမှု။ အ
တန္တုကြား။ ဒက္ခော။ လိမ္မာသော။ ဘမကာရော ဝါ။ ပွတ်သမား
သည်၎င်း။ ဘမကာရန္တေဝါသီဝါ။ ပွတ်သမား၏ တပည့်သည်
၎င်း။ဒီဃံဝါ။မူလည်း။ အဉ္ဆန္တော။ ပွတ်ကြိုးကိုဆွဲငင်သည်ရှိသော်။
ဒီဃံ။ရှည်စွာ။ အဉ္ဆာမိတိ။ငင်၏ဟူ၍။ ပဇာနာတိ။၏။ ရဿံဝါ။တို
စွာမူလည်း။ အဉ္ဆန္တော။ဆွဲငင်သည်ရှိသော်။ ရဿံ။တိုစွာ။ အဉ္ဆာ
မိတိ။ငင်၏ဟူ၍။ ပဇာနာတိ။သိ၏။ သဗ္ဗဘမပဋိသံဝေဒီ။ အလုံးစုံ
သောပွတ်ကိုထင်စေလျက်။ အဉ္ဆန္တော။ ငင်သည်ရှိသော်။ သဗ္ဗဘ
မပဋိသံဝေဒီ။ အလုံးစုံသောပွတ်ကိုထင်စေလျက်။ အဉ္ဆာမိတိ။ ငင်
၏ဟူ၍။ ပဇာနာတိ။ သိ၏။ ဖရုသံအဉ္ဆံ။ ရုန့်ရင်းသောငင်ခြင်းကို။
ပဿမ္ဘယံ-ပဿမ္ဘယန္တော။သာယာဖြည်းညှင်းငင်ခြင်းဖြင့်ငြိမ်း
စေလျက်။ အဉ္ဆန္တော။ ငင်သည်ရှိသော်။ဖရုသံအဉ္ဆံ။ ရုန့်ရင်းသော
ငင်ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော။ သာယာဖြည်းညှင်းငင်
ခြင်းဖြင့် ငြိမ်းစေလျက်။ အဉ္ဆာမိတိ။ငင်၏ဟူ၍။ ပဇာနာတိ။သိ၏။
ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမေဝခေါ။ ရှည်တိုထင်စွာ။ငြိမ်းစေကာ
လျှင်။ ဆွဲငင်တတ်ငြား။ ပွတ်သမားအတူပင်လျှင် ဘိက္ခု။ အာနာ
ပါနကမ္မဋ္ဌာန်းကိုစီးဖြန်းသောရဟန်းသည်။ဒီဃံ ဝါ အဿသန္တော။

ရှည်စွာထွက်သက်ရှူသော်လည်း။ ဒီဃံအဿသာမီတိ။ ရှည်စွာ
ထွက်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ သိ၏။ ဒီဃံဝါ ပဿသန္တော။
ရှည်စွာဝင်သက်ရှူရှိုက်သော်လည်း။ဒီဃံပဿသာမီတိ။ ရှည်စွာ
ဝင်သက်ရှူ၏ဟူ၍။ ပဇာနာတိ။ ၏။ ပ။ ဤကား တိဇ္ဇံဝိရတ္တပ္ပကာရေန။ ဤ
သို့ဆိုအပ်ပြီးသောအပြားအားဖြင့်။အဇ္ဈတ္တံဝါ။မိမိသန္တာန်၌လည်း။
အဇ္ဈတ္တံပါ။ နိယကဇ္ဈတ္တလည်းဖြစ်သော။ ကာယေ။ ထွက်သက်
ဝင်သက် အပေါင်း၌။ ကာယာနုပဿီ။ ထွက်သက်ဝင်သက် အ
ပေါင်းကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဗဟိဒ္ဓါ
ဝါ။အပသန္တာန်၌လည်း။ ကာယေ။ ထွက်သက်ဝင်သက်အပေါင်း
၌။ ကာယာနုပဿီ။ ထွက်သက်ဝင်သက်အပေါင်းကိုအဘန်တလဲ
လဲရှုသည်ဖြစ်၍။ ဝိဟရတိ။၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ။ ရံခါမိမိသန္တာန်၊
ရံခါ အပသန္တာန်၌ လည်း။ ကာယေ။ ထွက်သက် ဝင်သက်
အပေါင်း၌။ ကာယာနုပဿီ။ ထွက်သက် ဝင်သက် အပေါင်း
ကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ကာယသ္မိံ။
ထွက်သက်ဝင်သက်အပေါင်း၌။ သမုဒယဓမ္မာနုပဿီ ဝါ။ ကိုယ်၊
နှာခေါင်း၊စိတ်ဟူသော ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲရှု
သည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ ကာယသ္မိံ။ ထွက်သက်ဝင်
သက်အပေါင်း၌။ ဝယဓမ္မာနုပဿီဝါ။ ကိုယ်၊ နှာခေါင်း၊ စိတ်တို့၏
ချုပ်ခြင်းဟူသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှု
သည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ ကာယသ္မိံ။ ထွက်သက်ဝင်
သက်အပေါင်း၌။ သမုဒယဝယဓမ္မာနုပဿီဝါ။ ဖြစ်ကြောင်း ပျက်
ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရ
တိ။ ၏(ကာယော။ ထွက်သက်ဝင်သက်အပေါင်းသည်သာလျှင်။
အတ္ထိ။၏)ဣတိ။သို့။ အဿ။ထိုရဟန်း၏။ သတိဝါ ပန။ အာနာပါနသ
တိသည်မူလည်း။ ပစ္စုပဋ္ဌိတာ။ ရှေ့ရှုထင်သည်။ ဟောတိ။ဖြစ်၏။
သာ။ထိုအာနာပါနသတိသည်။ယာဝဒေဝ။အကြွင်းမျှလောက်။ ဉာ
ဏမတ္တာယ။ အဆင့်ဆင့် ကာယာနုပဿနာဉာဏ်၏ ပွားခြင်း အ
တိုင်းအရှည် အကျိုးငှါရင်း။ ဟောတိ။ ဖြစ်၏။ သောဘိက္ခု။ ထို

ရဟန်းသည်။အနိဿိတောစ။ထွက်သက်ဝင်သက်ကို တဏှာဒိဋ္ဌိ
အားဖြင့်မမှီမူလည်း။ ဝိဟရတိ။နေ၏။ လောကေ။ ဥပါဒါနက္ခန္ဓာဟူ
သောလောက၌။ကိဉ္စိ။တစုံတခုသောရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ
ဝိညာဏ်ကို။ အတ္တာတိဝါ။ ငါ့အစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်
၎င်း။ အတ္တနိယန္တိဝါ၊ ငါ၏ဥစ္စာဟူ၍တဏှာအားဖြင့်၎င်း နစဥပါ
ဒိယတိ။ မစွဲလမ်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမ္ပိခေါ။ ဤသို့လည်း။
ဘိက္ခု။ရဟန်းသည်။ ကာယေ။ ရူပကာယ၌။ ကာယာနုပဿီ။ ရူပ
ကာယကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ဝိဟရတိ။နေ၏။

ထွက်သက် အစကား ချက်။ အလယ်ကား ရင်အချိုင့် နှလုံး
သား။အဆုံးကားနှာသီးဖျား၊နှုတ်ခမ်းဖျား။ဝင်သက်အစကား နှာ
သီးဖျား၊ နှုတ်ခမ်းဖျား။ အလယ်ကား ရင်အချိုင့်နှလုံးသား။ အဆုံး
ကားချက်။ ဤသို့အစ၊အလယ်၊အဆုံးသို့ ရောက်တိုင်းရောက်တိုင်း
သော ထွက်သက် ဝင်သက်ကို သတိပြု၍ ဉာဏ်၌ ထင်အောင်
ဆင်ခြင်ရာ၏၊ ထွက်သက်ဝင်သက်၏ မှီရာကိုယ်ကား ရုပ်မည်၏။
ထွက်သက်ဝင်သက်ကိုအာရုံပြုသော စိတ်စေတသိက်ကား နာမ်
မည်၏။ ထိုရုပ်နာမ်၏ အကြောင်းကား။ အဝိဇ္ဇာစသော ပဋိစ္စသ
မုပ္ပါဒ် တရားတည်း။ အကြောင်းတရားကိုစွဲ၍။ အကျိုးတရား ဖြစ်
ခြင်းမျှသာ။ ဤတရားမှတပါး။ သတ္တဝါပုဂ္ဂိုလ် မည်သည် မရှိဟု။
အကြောင်းနှင့်တကွသော ရုပ်နာမ်တရားကို။ အနိစ္စ၊ဒုက္ခ၊အနတ္တ။
လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာကို ပွားစေသည်ရှိသော်။
အစဉ်ပွားစေသဖြင့်။ အရဟတ္တဖိုလ်သို့ ရောက်၏။ **နိဂုံး**။ ဤ၌ ထွက်
သက်ဝင်သက်ကို သိမ်းဆည်းတတ်သောသတိသည်။ ဒုက္ခသစ္စာ
မည်၏။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သော
တဏှာသည်။ သမုဒယသစ္စာမည်၏။ ဒုက္ခသမုဒယတို့၏ မဖြစ်ရာ
နိဗ္ဗာန်သည်။ နိရောဓသစ္စာမည်၏။ ဒုက္ခကို ပိုင်းခြား၍ သိတတ်
သော သမုဒယကို ပယ်တတ်သော နိဗ္ဗာန်ကို အာရုံပြုတတ်သော
မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာမည်၏။ ဤသစ္စာလေးပါးသည်။ ထွက်**သက်**
ဝင်သက်၏ အစွမ်းဖြင့်။ နှလုံးသွင်းသောသူ၏ အရဟတ္တဖိုလ်တိုင်

အောင်။ ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်၏။ ။အာနာပါန ပဗ္ဗံ။ ထွက်သက် ဝင်သက် အားဖြင့် နှလုံးသွင်းရသော အပိုင်းသည်။ နိဋ္ဌိတံ။ ပြီးပြီ။

---

## ဣရိယာပထပဗ္ဗံ။ ဣရိယာပုထ်အားဖြင့် နှလုံးသွင်းရသောအပိုင်း။

(၃) ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဘန်လည်း။ အပရံ။ တပါးတုံ။ ဘိက္ခု။ ရဟန်းသည်။ ဂစ္ဆန္တော ဝါ။ သွားလျက်မူလည်း။ သွားစဉ်မူလည်း။ သွားသည်ဖြစ်၍မူလည်း။ သွားသည် ရှိသော်မူလည်း။ သွားသောကြောင့်မူလည်း။ သွားဆဲသွားခိုက် သွားတုန်းမူလည်း။ ဂစ္ဆာမိတိ။ သွား၏ဟူ၍။ ပဇာနာတိ။ သိ၏။ ဌိတော ဝါ။ ရပ်လျက်။ ရပ်စဉ်။ ရပ်သည်ဖြစ်၍။ ရပ်သည်ရှိသော်။ ရပ်သောကြောင့်မူလည်း။ ရပ်ဆဲရပ်ခိုက်ရပ်တုန်းမူလည်း။ ဌိတော။ ရပ်သည်။ အမှိ။ ဖြစ်၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ နိသိန္နော ဝါ။ ထိုင်လျက်။ ထိုင်စဉ်။ ထိုင်သည် ဖြစ်၍။ ထိုင်သည် ရှိသော်။ ထိုင်သောကြောင့်မူလည်း။ ထိုင်ဆဲ။ ထိုင်ခိုက်။ ထိုင်တုန်းမူလည်း။ နိသိန္နော။ ထိုင်သည်။ အမှိ။ ဖြစ်၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ ၏။ သယာနော ဝါ။ လျောင်းလျက်။ လျောင်းစဉ်။ လျောင်းသည်ဖြစ်၍။ လျောင်းသည် ရှိသော်။ လျောင်းသောကြောင့်မူလည်း။ လျောင်းဆဲ။ လျောင်းခိုက် လျောင်းတုန်းမူလည်း။ သယာနော။ လျောင်းသည်။ အမှိ။ ဖြစ်၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ ဝါ ပန။ ဣရိယာပုထ်ကို ပဓာနပြု၍ ဆင်ခြင်သည်မှတပါး။ ကိုယ်ကိုပဓာနပြု၍ ဆင်ခြင်ခြင်းဖြင့်ကား။ ယထာ ယထာ။ အကြင်အကြင်သွားခြင်းစသော အခြင်းအရာအား ဖြင့်။ အဿ။ ထိုဣရိယာပုထ်ကို သိမ်းဆည်းသော ရဟန်း၏။ ကာယော။ ရူပကာယခေါ်ကိုယ်သည်။ ပဏိဟိတော။ ထားအပ်သည်။ ဟောတိ။ ဖြစ်၏။ တထာ တထာ။ ထိုထိုသွားခြင်းစသော အခြင်း အရာဖြင့်။ နံ ကာယံ။ ထိုသွားခြင်းစသည်ဖြင့်ဖြစ်သောကိုယ်ကို။ ပဇာ

နာတိ။သိ၏။ ဇူတ်၌။ဤသို့။အဇ္ဈတ္တံဝါ။မိမိသန္တာန်၌လည်း။ကာယေ။
ရူပကာယ၌။ ကာယာ နုပဿီ။ ရူပကာယကို အဘန်တ●ဲလဲ ရှု
သည်ဖြစ်၍။ ဝိဟရတိ။နေ၏။ ။ခွေးစသော သတ္တဝါတို့ပင်သော်
လည်း။ သွားလျှင်သွား၏ဟု သိကုန်၏။ ယင်းသို့သိခြင်းသည်။ ငါ
ဟူသော အယူကိုမစွန့်။ သတ္တပဋ္ဌာန်ကို ပွါးစေခြင်း မဖြစ်။ ထို
ကြောင့် ငါဟူသော အမှတ်သညာကိုစွန့်၍ သတိပဋ္ဌာန်ကို ပွါးစေ
ခြင်းဖြစ်သော သိခြင်းအထူးကိုသာ လိုအပ်၏။ ဟ့ည်း၌ နွားလေးခု
ကာ၍။ဟ့ည်းသမားနှင်သည်ရှိသော်။ ဟ့ည်းသွား၏ ဟ့ည်းရပ်၏ဟု
ခေါ် ဝေါ် ခြင်းမျှသာဖြစ်သကဲ့သို့။ ဟ့ည်းသမားနှင့်တူသော သွား
လို၊ရပ်လို၊ထိုင်လို၊ လျောင်းလိုသော စိတ်သည်။ နွားနှင့်တူသော
စိတ္တဇ ဝါယောဓာတ်ဝိညတ်ကို ဖြစ်စေသည် ရှိသော်။ ထိုစိတ္တဇ
ဝါယောဓာတ်ဖြန့်နှံ့သဖြင့်။ ဟ့ည်းနှင့်တူသောကိုယ်သည်။ ရှေ့သို့
တက်သည်ကိုသွား၏။ တကိုယ်လုံးထောင်၍ နေသည်ကို ရပ်၏။
အောက်ကိုယ်တပိုင်းကွေးလျက်။ အထက် ကိုယ် တ ပိုင်း ထောင်
လျက်ရှိသည်ကိုထိုင်၏။ တကိုယ်လုံးဘီလာဆန့်သည်ကိုလျောင်း
၏ဟုဆိုအပ်၏။ တရုံတယောက် သွားတတ်သော သတ္တဝါမည်
သည် မရှိဟု သိခြင်းအထူးကို လိုအပ်၏။ ။နာဝါမာ.ပုတဝေဂေ
န။ဇိယာဝေဂေနတေဇနံ။ယာထာယာတိတထာကာယော။ ယာတိ
ဝါတာဟတောအယံ။ ။ယန္တံသုတ္တဝသေနေဝ။ စိတ္တသုတ္တဝ
သေနိဒံ။ ပယုတ္တံကာယယန္တံပိ၊ ယာတိဌာတိနိသီဒတိ။ ။ကော
နာမ ဧတ္ထသောသတ္တော။ ယောဝိနာဟေတုပစ္စယေ။ အတ္တနော
အာနုဘာဝေန။ တိဋ္ဌေဝါယာဝါဝဇေ။ ။နာဝါ။ လှေသည်။ မာ
လုတဝေဂေန။ လေ၏အဟုန်ကြောင့်။ ဒေသန္တရံ။ အရပ်တပါးသို့။
ယာတိယထာ။ သွားသကဲ့သို့။ တေဇနံ။မြားသည်။ ဇိယာဝေဂေန။
လေးညို့ အဟုန်ကြောင့်။ ဒေသန္တရံ။ အရပ်တပါးသို့။ ယာတိယ
ထာ။ သွားသကဲ့သို့။ တထာ။ထိုအတူ။ အယံကာယော။ ဤကိုယ်
သည်။ ဝါတာဟတော။ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်
ဆောင် အပ်သည်ဖြစ်၍။ ဒေသန္တရံ။ အရပ် တပါးသို့။ ယာတိ။

ရေခံ့၏။ သန္တံ။ ယန္တံ ယားချပ်သည်။ သုတ္တဝသေန။ ယန္တရားကြီး
၏အစွမ်းဖြင့်သာလျှင်။ ယာတိဌာတိနိသီဒတိယာဘာ။ သွား၊ လာ
ရပ်ထိုင်သကဲ့သို့။ တထာ။ ထိုအတူ။ ပယုတ္တံ။ သွားလိုသောစိတ်စ
သော အကြောင်းတရားတို့သည်။ သွားခြင်းကိုရှိသာစသည့်၏ အ
စွမ်းဖြင့်ယှဉ်အပ်သော။ ရူပကာယယန္တံပိ။ ဤကိုယ်ဟူသောယန္တ
ရားရုပ်သည်လည်း။ စိတ္တသုတ္တဝသေန။ စိတ်ကြောင့်ဖြစ်သော ဝါ
ယောဓာတ်ဟူသော ယန္တရားကြီး၏အစွမ်းဖြင့်။ ယာတိ။ သွား၏။
ဌာတိ။ ရပ်၏။ နိသီဒတိ။ ထိုင်၏။ ဣတ္ထလောကေ။ ဤလောက၌။ ယော
သတ္တော။ အကြင်မိန်းမယောကျ်ား အပြားရှိသော သတ္တဝါသည်။
ဟေတုပစ္စယေ။ သွားလိုသောစိတ် ဟူသောအကြောင်း။ ထိုစိတ်
ကြောင့်ဖြစ်သော ဝါယောဓာတ်စသော အထောက်အပံ့ရှိကို။ ဝိ
နာ။ ကြဉ်၍။ အတ္တနော။ ကိုယ်၏။ အာနုဘာဝေန။ အစွမ်းဖြင့်။ ယဒိ
တိဋ္ဌေဝါ။ အကယ်၍ရပ်မူလည်းရပ်ရာ၏။ ယဒိ ဝဇေဝါ၊ အကယ်
၍ သွားမူလည်းသွားရာ၏။ သောသတ္တော။ အကြောင်းကြဉ်ငြား။
ကိုယ်စွမ်းဖြင့်။ သွားရပ်သော ထိုသတ္တဝါသည်။ ကောနာမ။ အ
ဘယ် သတ္တဝါပေနည်း။ ပစ္စယာဓိနခမ္မပဝတ္တိတော။ အကြောင်းနှင့်
စပ်သောသဘောတရားဖြစ်ခြင်းမျှသာတည်း။ ကောနာမ။ အဘယ်
သတ္တဝါရှိရာအံ့နည်း။ နတ္ထေဝ။ အကြောင်းကြဉ်ငြား။ ကိုယ်စွမ်း
အားဖြင့်။ သွားရပ်သောသတ္တဝါမည်သည်မရှိ။ ။ဤ၌ဣရိယာ
ပုတ်ကို သိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာ၊ ထိုဒုက္ခကို
ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည် သမုဒယ
သစ္စာ၊ ဒုက္ခသမုဒယနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ၊
နိဗ္ဗာန်ကိုအာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ။ဣရိ
ယာပထပဗ္ဗံ။ ဣရိယာပုတ် အားဖြင့် နှလုံးသွင်းရာသော အပိုင်း
သည်။ နိဋ္ဌိတံ။ ပြီးပြီ။

## သမ္ပဇညပဗ္ဗံ။ သမ္ပဇညတရား လေးပါးဖြင့် နှလုံးသွင်းရာသောအပိုင်း။

(၄) ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဖန်လည်း။ အပရံ။ တပါးတုံ။ ဘိက္ခု။ ရဟန်းသည်။ အဘိက္ကန္တေ။ ရှေ့သို့တက်သည်ရှိသော်။ ပဋိက္ကန္တေ။ နောက်သို့ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ အာလောကိတေ။ တူရူကြည့်သည်ရှိသော်။ ဝိလောကိတေ။ တစောင်းကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့် ဆင်ခြင်၍ တူရူကြည့်ခြင်း တစောင်းကြည့်ခြင်းကိုပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ သမိဉ္ဇိတေ။ ဆန့်သော လက်ခြေကိုကွေးသည်ရှိသော်။ ပသာရိတေ။ ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍ ကွေးခြင်း ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ သံဃာဋိပတ္တစီဝရဓာရဏေ။ ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍ ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ အသိတေ။ စားသည်ရှိသော်။ ပီတေ။ သောက်သည်ရှိသော်။ ခါယိတေ။ ခဲသည်ရှိသော်။ သာယိတေ။ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍စားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ ဥစ္စာရပဿာဝကမ္မေ။ ကျင်ကြီးကျင်ငယ်ကို ပြုသည်ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍ ကျင်ကြီးကျင်ငယ်ကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ ဂတေ။ သွားသည်ရှိသော်။ ဌိတေ။ ရပ်သည်ရှိသော်။ နိသိန္နေ။ ထိုင်သည်ရှိသော်။ သုတ္တေ။ အိပ်သည်ရှိသော်။ ဇာဂရိတေ။ နိုးသည်ရှိသော်။ ဘာသိတေ။ စကားဆိုသည်ရှိသော်။ တုဏှီဘာဝေ။ ဆိတ်ဆိတ် နေသည် ရှိသော်။ သမ္ပဇာနကာရီ။ ပညာဖြင့်ဆင်ခြင်၍ သွားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ။ ဖြစ်၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံ ဝါ။ မိမိသန္တာန်၌လည်း။ ကာယေ။ ရူပ

ကာယ၌။ ကာယာနုပဿီ။ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ၊တက်အံ့ဆုတ်အံ့ဟု စိတ်ဖြစ်သည်ရှိသော်။ ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ပြန့်နှံ့သဖြင့် ကိုယ်ဟုသမုတ်အပ်သော အရိုးအစုသာရှေ့သို့တက်၏။ နောက်သို့ဆုတ်၏ တက်တတ်ဆုတ်တတ်သောသတ္တဝါမည်သည်မရှိ။ ရှေ့သို့တက်အံ့ဟုခြေချီစဉ်ကာလဖြစ်သော ရုပ်နာမ်သည်ခြေချသည့်တိုင်အောင်မတည်။ ထိုခဏ၌ပင်ချုပ်လေ၏။ တူရူတစောင်းကြည့်အံ့ဟု စိတ်ဖြစ်သည်ရှိသော်။ ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ပြန့်နှံ့သဖြင့်အောက်မျက်လွှာအောက်သို့ကျ၏။ အထက်မျက်လွှာအထက်သို့တက်၏။တစုံတယောက်မျှယန္တရားဖြင့်မျက်လွှာကိုဘွင့်လှစ်ရသည်မရှိ။ ကွေးလို ဆန့်လိုသောစိတ် ဖြစ်သည်ရှိသော်။ ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ပြန့်နှံ့သဖြင့် ကြိုးဖြင့်ဆွဲငင်သောယန္တရားရုပ်၏လက်ခြေကွေးခြင်းဆန့်ခြင်းကဲ့သို့သော ကွေးခြင်းဆန့်ခြင်းဖြစ်သည်။ ဒုကုဋ်သင်္ကန်း အဝတ်ပုဆိုးဝတ်အံ့ဟု စိတ်ဖြစ်သည်ရှိသော်။ထိုကြောင့်ဖြစ်သောဝါယောဓာတ်ပြန့်နှံ့သဖြင့် ဝတ်ရုံခြင်းဖြစ်သည်။ အဝတ်ပုဆိုးကလည်း ငါသည်ကိုယ်ကိုဝတ်ရုံဖုံးလွှမ်း၏ဟုမသိ။ ကိုယ်ကလည်း ငါ့ကို အဝတ်ပုဆိုးသည်ဝတ်ရုံဖုံးလွှမ်း၏ဟုမသိ။ ယဉ်မင်းရုပ်ကို ပုဆိုးလွှမ်းသကဲ့သို့ တခုသောဓာတ်အပေါင်းသည်တခုသောဓာတ်အပေါင်းကို ဖုံးလွှမ်းရုံမျှသာတည်း။ စားသောက် လိုသောစိတ် ဖြစ်သည် ရှိသော်။ ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပြန့်နှံ့သဖြင့် ထမင်းခွက်ကိုခံယူခြင်းဖြစ်၏။ ဝါယောဓာတ်ပြန့်နှံ့သဖြင့် ထမင်းခွက်၌လက်ချခြင်း၊ ထမင်းလုပ်ကိုပြုခြင်း။ ထမင်းလုပ်ကိုချီခြင်း၊ ခံတွင်းသို့ သွင်းခြင်းဖြစ်၏။ တစုံတယောက်သောသူမျှ သံကောက်ယန္တရားဖြင့်မေးရိုးကိုဘွင့်လှစ်သည်မရှိ။ ဝါယောဓာတ်ပြန့်နှံ့သဖြင့် ထမင်းလုပ်ကိုခံတွင်း၌ထည့်ခြင်း။ အထက်သွားတို့၏ ကျည်ပွေ့ ကိစ္စကို ပြီးစေခြင်း။ အောက်သွားတို့၏ ဆုံကိစ္စကိုပြီးစေခြင်း၊ လျှာ၏လက်ကိစ္စကိုပြီးစေခြင်းဖြစ်၏။ ခံတွင်းသို့ရောက်သော ထမင်းလုပ်ကို လျှာ

ဖျား၌ကပ်သော လျှာရင်း၌ ခွဲသောတံထွေးဖြင့် လိမ်းကျံ၍ အောက်သွားတည်းဟူသောဆုံ၌ လျှာတည်းဟူသော လက်ဖြင့် ပြန်လှန်၍ တံထွေးတည်းဟူသော ရေဖြင့် ဆွတ်လျက် အထက်သွားတည်းဟူသောကျည်ပွေ့ဖြင့် မှုန့်မှုန့်ညက်ညက် ကြိတ်ပြီးသည်ကို တစုံတယောက်သောသူမျှ ဟင်းချိုယောက်မဖြင့် ဝမ်းတွင်းသို့သွင်း ဝါယောဓာတ်ကြောင့်သာ ဝင်လေ၏။ ဝင်သမျှကိုလည်း တစုံတယောက်မျှ ကောက်ရိုးနှီး၍ ခံသူမရှိ။ ဝါယောဓာတ်၏ အစွမ်းဖြင့်သာတည်၏။ တည်သမျှကိုလည်း တစုံတယောက် ခံ လောက်ဆောက်ပြီးလျှင် မီးညှိ၍ ချက်ပြုတ်သူမရှိ။ တေဇောဓာတ်ဖြင့်သာ ကျက်၏။ ကျက်သမျှကို တစုံတယောက်ဖွံ့တံဖြင့်ထုတ်သူမရှိ။ ဝါယောဓာတ်ဖြင့်သာ ထွက်၏။ ဤသို့လျှင် ပထဝီဓာတ်သည် တည်ခြင်းကိစ္စ။ အာပေါဓာတ်သည်စွတ်စိုစေခြင်းကိစ္စ။ တေဇောဓာတ်သည် ကျက်စေခြင်းကိစ္စ၊ ဝါယောဓာတ်သည် ဆောင်စေခြင်းကိစ္စ၊ အာကာသဓာတ်သည် လမ်းခရီးကိစ္စ၊ ဝိညာဏဓာတ်သည် ထိုထိုပယောဂ၌ နှလုံးသွင်းခြင်းကိစ္စကိုပြုသဖြင့် စားသောက်ခြင်းစသည်ဖြစ်၏။ အိုင်းအမာမှည့်၍ ပေါက်သည်ရှိသော်။ သွေးပြည်ယိုထွက်သကဲ့သို့ အစာအိမ် ကျင်ငယ်အိမ်၌ ရဝေးသော ကျင်ကြီးကျင်ငယ်သည် ဝါယောဓာတ်အဟုန်ကြောင့် ထွက်လိုလတ်သော်။ ရေဖူး၌ ပေါင်းမြင်းသော ရေကို စွန့်သကဲ့သို့ ကိုယ်၏ အကျိုးဆက်ဖြစ်သော ကျင်ကြီး ကျင်ငယ်ကို စွန့်ပစ်ခြင်းမျှသာ ဖြစ်၏။ စင်္ကြံသွားခြင်း၊ အတန့်ငယ်ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းကို ပြုလိုသော်။ ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပြန့်နှံ့သဖြင့် သွားခြင်း စသည်ဖြစ်၏။ ရှေးဣရိယာပထပဗ္ဗ အရှည်သွားခြင်းစသည်ကိုယူ။ ဤ၌ အတန်ငယ်သွားခြင်းစသည်ကိုယူ၊ သွားခြင်းစသည်၌ဖြစ်သော ရုပ်နာမ်သည် ရပ်ခြင်းစသည်သို့ မရောက်။ ထိုခဏ၌ပင်ချုပ်လေ၏။ ဝီထိစိတ်အခြားမဲ့၊ ဘဝင်စိတ်ဖြစ်သည်ကို အိပ်၏ဟုဆိုအပ်၏။ အာရုံထင်၍ ဘဝင်စိတ်ပြတ်သဖြင့် ဝီထိစိတ်ဖြစ်သည်ကို နိုး၏ဟုဆိုအပ်၏။ အိပ်စဉ်ကာလဖြစ်သော ရုပ်နာမ်

သည့်အိပ်စဉ်ကာလပင်ချုပ်လေ၏။ နိုးစဉ်ခဏဖြစ်သော ရုပ်နာမ်သည် နိုးစဉ်ခဏပင်ချုပ်လေ၏။ လည်၊အာ၊လျှာ၊သွား၊နှုတ်ခမ်း၊ စကားဆိုခြင်း၌ လျှောက်ပတ်သော ပယောဂကိုဖွဲ့၍။ အသံဖြစ်ခြင်းသည် စကားဆိုသည် မည်၏။ အသံကိုမပြုခြင်းသည်။ ဆိတ်ဆိတ်နေသည်မည်၏။ စကားဆိုစဉ်ဖြစ်သော ရုပ်နာမ်သည်။ ထိုခဏ၌ပင် ချုပ်လေ၏။ ဆိတ်ဆိတ်နေစဉ်ဖြစ်သော ရုပ်နာမ်သည်။ ထိုခဏ၌ပင် ချုပ်လေ၏။ ဤသို့ပညာဖြင့် ဆင်ခြင်သည်ကို သမ္ပဇဉ်မည်၏။ ထိုသမ္ပဇဉ်သည် အကျိုးမရှိသည်ကို သိသောသတ္ထကသမ္ပဇဉ်။ လျှောက်ပတ်သည်ကို သိသော သပ္ပါယသမ္ပဇဉ်။ ကမ္မဋ္ဌာန်းကိုမစွန့်သောဂေါစရသမ္ပဇဉ်။ ရုပ်နာမ်တရားမျှသာဟု မတွေမဝေသိသော အသမ္မောဟသမ္ပဇဉ်ဟူ၍ လေးပါးအပြားရှိ၏။ ထိုကြောင့် အကျိုးရှိ မရှိကိုဆင်ခြင်၍။ အကျိုးရှိမှသာရှေ့သို့တက်ခြင်းစသည်ကိုပြုခြင်း။ အကျိုးပင်ရှိသော်လည်း လျှောက်ပတ်သည် မလျှောက်ပတ်သည်ကိုဆင်ခြင်၍။ လျှောက်ပတ်မှပြုခြင်း။ အကျိုးရှိ၍ လျှောက်ပတ်၍။ ရှေ့သို့တက်ခြင်းစသည်ကိုပြုရာ၌ကမ္မဋ္ဌာန်းကို မစွန့်ခြင်း။ ရှေ့သို့တက်ခြင်းစသည် ပြုတတ်သော သတ္တဝါမရှိ။ ထိုအခြင်းအရာဖြစ်သော ရုပ်နာမ်မျှသာဟု မတွေမဝေသိခြင်းကိုပြုရာ၏။ သမ္ပဇဉ်ကိုသိမ်းဆည်းတတ်သော သတိသည်။ ဒုက္ခသစ္စာ။ ထိုဒုက္ခ၏အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ဒုက္ခသမုဒယနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ။ နိဗ္ဗာန်ကိုအာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ သမ္ပဇညပဗ္ဗံ၊ ရှေ့သို့တက်ခြင်းစသောခုနစ်ပါးသောအရာ၌။ လေးပါးသော သမ္ပဇဉ်ဖြင့် ပြုရာသည်ကို ဆိုသောအပိုင်းသည်။ နိဋ္ဌိတံ၊ပြီးပြီ။

---

## ပဋိကူလမနသိကာရပဗ္ဗ။ စက်ဆုပ်ရွံရှာဘွယ်ဟု နှလုံးသွင်းရာသောအပိုင်း။

(၅) ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဘန်လည်း။ အပရံ။ တပါးတုံ။ ဘိက္ခု။ ရဟန်းသည်။ ပါဒတလာ။ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ။ အထက်ဖြစ်သော။ ကေသမတ္ထကာ။ ဆံဖျားမှ။ အဓော။ အောက်ဖြစ်သော။ တစပရိယန္တံ။ အပေါ်ရေလျှင် အဆုံးရှိသော။ နာနပ္ပကာရဿ။ အထူးထူး အပြားပြား ရှိသော။ အသုစိနော။ မစင်မကြယ် ရွံရှာဘွယ်သော ဝတ္ထုဖြင့်။ ပူရံ။ ပြည့်သော။ ဣမမေဝကာယံ။ ဤရူပကာယခန္ဓာကိုယ်ကိုသျှင်။ ပစ္စဝေက္ခတိ။ ဆင်ခြင်၏။ ဣမသ္မိံ ကာယေ။ ဤတလံမျှလောက်သော ရူပကာယ ခန္ဓာကိုယ်၌။ ကေသာ။ ဆံ။ လောမာ။ အမွေး။ နခါ။ လက်သည်းခြေသည်း။ ဒန္တာ။ သွား။ တစော။ အရေ။ မံသံ။ အသား။ နှာရု။ အကြော။ အဋ္ဌိ။ အရိုး။ အဋ္ဌိမိဉ္ဇံ။ ရိုးတွင်းခြင်ဆီ။ ဝက္ကံ။ အညို့။ ဟဒယံ။ နှလုံး။ ယကနံ။ အသည်း။ ကိလောမကံ။ အမြှေး။ ပိဟကံ။ အဖျဉ်း။ ပပ္ဖါသံ။ အဆုတ်။ အန္တံ။ အူမ။ အန္တဂုဏံ။ အူသိမ်အူငယ်။ ဥဒရိယံ။ အစာသစ်။ ကရီသံ။ အစာဟောင်း။ မတ္ထလုင်္ဂံ။ ဦးနှောက်ဦးနှစ်။ ပိတ္တံ။ သည်းခြေ။ သေမှံ။ သလိပ်။ ပုဗ္ဗော။ ပြည်။ လောဟိတံ။ သွေး။ သေဒေါ။ ချွေး။ မေဒေါ။ အဆီခဲ။ အဿု။ မျက်ရည်။ ဝသာ။ ဆီကြည်။ ခေဠော။ တံတွေး။ သိင်္ဃာဏိကာ။ နှပ်။ လသိကာ။ အစေး။ မုတ္တံ။ ကျင်ငယ်။ ဣတိဣမေဒွတ္တိံသာကာရာ။ ဤသုံးဆဲ့နှစ်ပါးသော အခြင်းအရာ အစုတို့သည်။ အတ္ထိသန္တိ။ ရှိကုန်၏။ ဣတိ။ ဤသို့။ ပစ္စဝေက္ခတိ။ ဆင်ခြင်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သေယျထာပိ။ ဥပမာမည်သည်ကား။ ဥဘတောမုခါ။ အောက်အထက် နှစ်ဘက်၌ မျက်နှာရှိသော။ ပုတောဠိ။ ဇိတ်သည်။ နာနာဝိဟိတဿ။ အထူးထူး အပြားပြား ထည့်အပ်သော။ ဓညဿ။ စပါးဖြင့်။ ပူရာ။ ပြည့်သည်။ ဟောတိ။ ဖြစ်၏။ ဣဒံ။ ဤအထူးထူးအပြားပြား ထည့်အပ်သောစပါးဖြင့် ပြည့်၏ဟူသည်။ သေယျထာကတမံ။ အဘယ်နည်းဟူမူကား။ သာလီနံ။ သလေးတို့ဖြင့်။

ဝီဟိနံ။ သလေးမှတပါးသောစပါးတို့ဖြင့်၊ မုဂ္ဂါနံ။ ပဲနောက်တို့ဖြင့်။ မာသာနံ။ ပဲကြီးတို့ဖြင့်။ တိလာနံ။ နှမ်းတို့ဖြင့်။ တဏ္ဍုလာနံ။ ဆန်တို့ဖြင့်။ ပူရော။ ပြည့်သည်။ ဟောတိ။ ဖြစ်၏။ တမေနံ။ ထိုအထူးထူးအပြားပြား စပါးဖြင့် ပြည့်သောအိတ်ကို။ မုဉ္စိတွာ။ ဖြေ၍။ စက္ခုမာ။ မျက်စိအမြင်ရှိသော။ ပုရိသော။ ယောက်ျားသည်၊ ဣမေ။ ဤသည်တို့ကား။ သာလိ။ သလေးတို့တည်း။ ဣမေ။ ဤသည်တို့ကား။ ဝီဟိ။ ကောက်တို့တည်း။ ဣမေ။ ဤသည်တို့ကား။ မုဂ္ဂါ။ ပဲနောက်တို့တည်း။ ဣမေ။ ဤသည်တို့ကား။ တိလာ။ နှမ်းတို့တည်း။ ဣမေ။ ဤသည်တို့ကား။ တဏ္ဍုလာ။ ဆန်တို့တည်း။ ဣတိ။ ဤသို့။ ပစ္စဝေက္ခေယျ။ ဆင်ခြင်ရာ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမေဝ ခေါ။ ဤအတူသာလျှင်။ ဘိက္ခု။ သည်။ ဣမမေဝ ကာယံ။ ဤရူပကာယခန္ဓာကိုယ်ကိုသာလျှင်။ ပစ္စဝေက္ခတိ။ ဆင်ခြင်၏။ ဣမသ္မိံ ကာယေ။ ဤတလံမျှလောက်သောရူပကာယခန္ဓာကိုယ်၌။ ကေသာ။ နှပ်ကုဋေငါးသန်းသောဆံတို့ရင်း။ လောမာ။ ကိုးသိန်းကိုးသောင်းသော အမွေးတို့ရင်း။ နခါ။ ငါးကြွင်းကြေးသဘွယ် နှစ်ဆယ်သော လက်သည်းခြေသည်းတို့ရင်း။ ဒန္တာ။ သုံးဆဲ့နှစ်ချောင်းသောသွားတို့ရင်း။ တစော။ တကိုယ်လုံးကိုစွပ်၍ လုံးသည့်ရှိသော ဆီးစေ့ခန့်မျှရှိသော အထူးထူးသောအဆင်းရှိသော ပါးသောအပေါ်ရေ။ အဆင်းဖြူသော ထူသောအတွင်းရေရင်း။ မံသံ။ တိုက်နံရံကို သိမ်းကျံသော မြေစိုင်ကဲ့သို့။ အရိုးကိုလိမ်းကျံသော ကိုးရာသော အသားရင်း။ နှာရု။ နံရံကိုဖွဲ့သောကြိမ်နွယ်ကဲ့သို့ အရိုးကိုဖွဲ့သော ကိုးရာသောအကြောအရသာကို ဆောင်သော ခုနှစ်ထောင်သော အကြောရင်း။ အဋ္ဌိ။ သုံးရာသောအရိုးရင်း။ အဋ္ဌိမိဉ္ဇံ။ ကျက်စွာပေါင်း၍ ဝါးကျည်ထော၌ထည့်အပ်သော ကြိမ်ညွန့်နှင့် သဏ္ဌာန်တူသော ဖြူသောအဆင်းရှိသောရိုးတွင်းခြင်ဆီရင်း။ ဝက္ကံ။ ရေမျိုမှ ဆက်သော အကြော၏ အဆုံးနှလုံးသားကိုမှီ၍တည်သျက် သရက်သီးပြွတ်နှင့် သဏ္ဌာန်တူသော စဉ်းငယ်နီသော အဆင်းရှိသော အသားစိုင်နှစ်ခုဟု ဆိုအပ်သောအညှိရင်း။ ဟဒယံ။ သမြတ်နှစ်ခု အလယ်ကိုယ် အတွင်း

ရင်အချိုင့် အညို့နှစ်ခုအကြား၌ တွဲလျားဦးစောက် တည်သော
ပညာရှိအား စဉ်ငယ်ပွင့်သော ပညာမဲ့အားဖုံ့သော အပေါ်ဖတ်
ကိုခွါ၍ပစ်အပ်သော ပဒုမာကြာငုံတမျှ အပကားပြေပြစ်သန့်ရှင်း။
အတွင်းကား သပွတ်ခါးအူသဘွယ်။ အလယ်၌ ပုံ့ညက်စေ့ဆန်
လောက်သော တွင်း၌။ စရိုက်နှင့်အညီ။ နီမြန်းရာဂ။ ဒေါသမည်း
ငြား။ သားရည်မောဟ။ တဏှာပဲပြုတ်ရည်။ ဝါသည်သဒ္ဓါ။ ပညာ
ပြွမ်းပြက်။ ဇာတမြက်အသွင်၊ အရောင်ထင်သော။ နေ့ခါတ်
မနေ့ဝိညာဏဓာတ် စိတ်စေတသိက်တို့၏ မှီရာ။ ဟဒယာဂ္ဂု
ရုပ်တည်သော တလက်ဘက်မျှလောက်သော နှလုံးသွေးရှိသော
နှလုံးသားရင်း။ ယကနံ။ သမြတ်နှစ်ခုတို့၏ အတွင်း၌ လက်ယာ
နံပါးကိုမှီလျက်။ ကသစ်ရွက်နှင့် သဏ္ဌာန်တူသော ဖျော့တော့
တော့နီသော အဆင်းရှိသော ပညာရှိအား ငယ်သည်ဖြစ်၍ နှစ်ခု
သုံးခု။ ပညာမဲ့အား ကြီးသည်ဖြစ်၍ တခုတည်းသော အသည်း
ရင်း။ ကိလောမကံ။ ဖြူသောအဆင်းရှိသော အသားတစ်ကိုရစ်
သော အဝတ်ကဲ့သို့ အညို့နှလုံးကိုဖုံး၍ တည်သော အမြှေးအား
ဖြင့်။ နှစ်ပါးသောအမြှေးရင်း။ ပိဟကံ။ နှလုံးသား၏ လက်ဝဲနံပါး၌မှီ
လျက် လက်ခနှစ်သစ်ခန့် နွားလျှာဖျားသဏ္ဌာန် ညိုသောအဆင်း
ရှိသော ဝမ်းလျှာသရက်ရွက်ဟု ဆိုအပ်သော အသားဖျဉ်းရင်း။
ပပ္ဖါသံ။ အညို့နှလုံးကိုဖုံး၍ တည်လျက် မုံ့ရှက်ပြက်သဏ္ဌာန်ရှိ
သောအဆင်းရှိသော သုံးဆဲ့နှစ်ခုသော အသားလွှာ တည်း ဟူ
သော ကလဒ်ခုံးဆောင်းထပ်ဟု ဆိုအပ်သော အဆုတ်ရင်း။ အန္တံ၊
သွေးပြည့်သောကျင်း၌ အရေကိုဆုတ်၍ ထည့်အပ်သော မြွေနွား
ကဲ့သို့ လည်ချောင်းမှ ဝစ္စမဂ်သို့ တိုင်အောင်။ ကိုယ်တွင်း၌တည်
သော ယောက်ကျားအား သုံးဆဲ့နှစ်တောင်။ မိန်းမအားနှစ်ဆဲ့ရှစ်
တောင်ရှိသော နှစ်ဆဲ့တပတ် ခွေ၍နေသော ဖြူသော အဆင်းရှိ
သောအူမရင်း။ အန္တဂုဏံ။ ခြေသုတ် ကြိုးပန်းကိုဘွဲ့သော ကြိုး
သေးကဲ့သို့ နှစ်ဆဲ့တပတ်ခွေရာ၌ အူမဟိုဘွဲ့သော မြော်မြစ်အဘူ
ဖြူသောအူသိမ်ရင်း။ ဥဒရိယံ။ အစွန်းနှစ်ဘက်၌ကိုင်၍ ညှစ်အပ်

သောစိုသောပုဆိုး၏ အလယ်ဖုကဲ့သို့။ နှစ်ဆဲ့တပတ် ခွေသော အရု
မ၏ အလယ်ဖုဟုဆိုအပ်သော သုံးဆဲနှစ်ပါးသော ပိုးမျိုးတို့၏ နေ
ရာ အစာသစ်အိမ်၌တည်သော ခွေးစားကျင်း၌ ခွေးအံဖတ်ကဲ့သို့
မျိုအပ်သောအစာသစ်ရင်း။ ကရီသံ ကျည်တောက်၌ ထည့်အပ်
သော မြေညက်ကဲ့သို့အရုမ၏အဆုံး အစောက်ရှစ်သစ်ခန့်မျှရှိသော
အစာဟောင်းအိမ်၌ တည်သော အစာသစ်မှ ကျက်၍ ကျသော
အစာဟောင်း တည်း ဟူသော ကျင်ကြီးရင်း။ မတ္ထလုင်္ဂံ။ ဦးခေါင်း
၌ထည့်အပ်သော မုံ့ညက်စိုင်သဏ္ဌာန်၊ ခေါင်းတွင်း၌ချုပ်ကြောင်း
လေးခုကိုမှီ၍ တည်သော မုံ့ညက်စိုင်အတူ ဖြူသော ဦးနှောက်
ရင်း။ ပိတ္တံ။ ရေပြည့်သော သပွတ်ခါးသီးသဏ္ဌာန်။ နှလုံးအဆုတ်
တို့၏ အလယ် အသည်းကိုမှီ၍ တည်သော နောက်ကျုသောသစ်
မည်စည်ဆီနှင့် တူသော အအိမ်ဖြင့် ဘွဲ့အပ်သော ဗဒ္ဓသည်းခြေ။
ဆံအမွေး ခြေသည်း လက်သည်း သွားတို့၏ အသားမှ လွတ်ရာ
အရပ်ခြောက်ထပ် ကြမ်းငန်းသောအရေကို ထားလျက် မုံ့ရက်
၌ဆီကဲ့သို့တကိုယ်လုံး နှံ့၍တည်သော ညိုးနွမ်းသော ပန်းအဆင်း
ရှိသော အအိမ်ဖြင့်ဘွဲ့အပ်သော အဗဒ္ဓသည်းခြေအားဖြင့် နှစ်ပါး
သောသည်းခြေရင်း။ သေမှံ။ မစင်တွင်းကို ပိတ်သော ပျဉ်ကြီး
တံစီးတွင်းအထက်မှ မြေးရှက်သော အမြှုပ်ယှာ အသွင် ရေအ
ပြင်ကိုယှမ်းသော ရေညှိပမာအစာသစ်ကိုပိတ်လျက် အစူ၌တည်
သော ဖြူသောအဆင်းရှိသော တကွမ်းစားမျှ လောက်သော သ
လိပ်ရင်း။ ပုဗ္ဗော အစေးရှိသောသစ်ပင်၏ ထားခုတ်ရာစသည်၌
ပုပ်ဝေးသောအစေးကဲ့သို့ အမာပေါက်ရာ။ ခလုတ်ထိရာ။ ဆူးငြိ
ရာ။ မီးလျှံသင့်ရာ စသည်တို့၌ သွေးပုပ် ပုဝေး၍ဖြစ်သော ဖျော့
တော့သော အဆင်းရှိသော ပြည်ရင်း။ လောဟိတံ ကြည် လင်
သော ချိပ်ရည် အဆင်း ကဲ့သို့ ကိုယ် အလုံး အနှံ့ အကြော ကို
လျှောက်၍ ရွေ့ရှားသောတပြည်သားမျှလောက်သောသွေး။ ဖြစ်
ခဲ့သော ချိပ်ရည်အဆင်းကဲ့သို့ အသည်းတည်ရာ၏ အောက်အဘို့
ကိုပြည့်စေ၍ နှလုံးအညို့ အဆုပ်တို့ကို စွတ်စေ၍တည်သော တ

ဂွမ်းစားမျှလောက်သော မစွဲသောအားဖြင့်နှစ်ပါးသော သွေး
၎င်း။ သေဒေါ ချွေးနှုတ်သော ကြာချိုးမှ ယိုစီးသောရေကဲ့သို့ကိုယ်
စိတ်ပူပန်သောအခါ အမွေးတွင်းတို့မှယိုစီးသော ဆီကြည်အဆင်း
ရှိသော အာပေါဓာတ်တည်းဟူသော ချွေး၎င်း။ မေဒေါ ဆူသူ
အားတကိုယ်လုံး။ ကြုံသသူအား မြင်းခေါင်းသား စသည်၌ တည်
သော နနွင်းဆိုးသော ပုဆိုးကဲ့သို့ဝါသောအဆင်းရှိသော အဆီခဲ
၎င်း။ အဿု ကြွေးမြည်တမ်းရယ်ပန်းကြီးသောအခါ မလျော်
ပတ်သော ဥတုအာဟာရမျိုး မီးခိုးမြေမှုန့်ထိပါးသောအခါစသည်
တို့၌ မျက်စိမှ ယိုစီးသောဆီကြည်အဆင်းရှိသော အာပေါဓာတ်
တည်းဟူသော မျက်ရည်၎င်း။ ဝသာ။ ထမင်းချိုး၌ သွန်းသောင်း
သောဆီကဲ့သို့မီးပူသောအခါစသည်တို့၌များသောအားဖြင့် လက်
ဖမိုး လက်ဖဝါး၊ ခြေဖမိုးခြေဖဝါး၊ နှာသီးဖျားနဖူး ပြင်ပခုံးစွန်း
၌တည်သောအနှိုးဆီ အဆင်းနှင့်တူသော ဆီကြည်၎င်း။ ခေဠော၊
ချဉ်သီးစသည်ကို မြင်သောအခါ လက်ယက်တွင်းမှ ထွက်သော
လက်ယက်ရေကဲ့သို့ပါးစောင်နှစ်ဘက်မှသက်၍လျှာ၌တည်သော
လျှာဖျား၌ကြဲသော လျှာရင်း၌ခွဲသော အမြှုပ်နှင့်ရောသော အာ
ပေါဓာတ်တည်းဟူသော တံတွေး၎င်း။ သိင်္ဃာဏိကာ။ ငိုကြွေး
မြည်တမ်းခြင်းမလျော်ပတ်သော ဥတုအာဟာရ၏ အစွမ်းဖြင့်
ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော နူသေးထန်းသီးဆန်နှင့်
တူသောဦးနှောက်မှယိုစီးသော အာပေါဓာတ်တည်းဟူသော နှပ်
၎င်း။ လသိကာ။ ဝင်ရိုးကို နယ်ဆီသုတ်သကဲ့သို့ တရွေ့ရှစ်ဆယ်
သော အရိုးဆက်တို့၏ အကြားဝယ် နယ်ဆီကိစ္စကို ပြီးစေ၍တည်
သော မဟာလှေကားစေးနှင့် တူသော ဖြစ်ခွဲသော အစေး၎င်း။
မုတ္တံ တံစီးရည်ကဲ့သို့ စည်ပေါင်းတွင်း၌ တည်သော ပဲကြီးပြာ
ရည်အဆင်းရှိသော ကျင်ငယ်၎င်း။ ဣတိ။ ဤသို့။ ဣမေဒွါဒသ
ကာရာ။ ဤသုံးဆဲ့နှစ်ပါးသော အခြင်းအရာအစုတို့သည်။ ပဋ္ဌိ
တော ပ။ အဆင်းအားဖြင့်၎င်း။ သဏ္ဌာနတော ပ။ လုံးလုံးလျှောင်း
လျှောင်း။ ပေါင်း၍တည်ဟန်။ သဏ္ဌာန်အားဖြင့်၎င်း။ ဂန္ဓတော ပ။

ညှိနံ့ညှော်လှောင်း။ မကောင်းသော ယနံ့အားဖြင့်ဂုင်း။ အာသယ
တောပိ။ဖြစ်ရာဖြစ်ကြောင်းအားဖြင့်ဂုင်း။ ဩကာသတောပိ။ တည်
ရာအရပ်အားဖြင့်ဂုင်း။အာသုဗ္ဗိဘာဝေန။ မစင်ကြည်သည်၏ အဖြစ်
ဖြင့်။ ဇေကုစ္ဆိဘာဝေန။စက်ဆုပ်ဘွယ်၏အဖြစ်ဖြင့်။ ပဋိကူလဘာ
ဝေန။ ရွံရှာဘွယ်၏အဖြစ်ဖြင့်။ ဒုဂ္ဂန္ဓဘာဝေန။ ညှိနံ့ညှော်လှောင်း
မကောင်းသော ယနံ့၏အဖြစ်ဖြင့်။ အသုဘဘာဝေန။ မတင့်တယ်
သည်၏အဖြစ်ဖြင့်။ပညာယမာနာ။ထင်ကုန်လျက်။ အဋ္ဌိသန္တို။ ၏။
ဉာတိ။ဤသို့။ပဋ္ဌဝေက္ခတိ။၏။ ဉာတိ။ ဤသို့။ အဇ္ဈာဘွံ့ဝါ။ မိမိသန္တာန်
၌လည်း။ကာယေ။၌။ ကာယာနုပဿီ။ ဆံအမွေးစသော အပေါင်း
ကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ ဤဆံအမွေးစ
သည်ကို အဆင်းသဏ္ဌာန် ဖြစ်ကြောင်းတည်ရာ အနံ့ဟူသောငါး
ပါးသော အခြင်းအရာ ဖြင့်ဂုင်း။ ဤကောဋ္ဌာသသည် ဤအရပ်၌
တည်၏။ဟူ၍ဂုင်း။ ဤကောဋ္ဌာသကို ရှေ့နောက်အောက်အထက်
လက်ဝဲလက်ယာမှ ဤကောဋ္ဌာသဖြင့် ပိုင်းခြား၏ ဟူ၍ဂုင်း ဆင်
ခြင်ရာ၏။ ဥဒရိယ၊ ကရီသ။ ပုဗ္ဗ။ မုတ္တဤလေးပါးကား ဥတုကြောင့်
ဖြစ်၏။ သေဒ။ အဿု။ ခေဠ။ သိင်္ဃာဏိက ဤလေးပါးကား စိတ်ဥ
တုကြောင့်ဖြစ်၏။ အကြွင်းနှစ်ဆဲ့လေးပါးကား ကံစိတ် ဥတုအာ
ဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်၏။ ။ဟတ္ထပါဒ
မံသသိတာ။ ဝဍ္ဍသင်္ခြိပတ္တိကာ။ဝတုဂေါမ္ပကဗာဿ္ဗြိ။ ဧွဇာတာ
ရူကဗိုင်္ဗြိစ။ ။အဋ္ဌာရသပိဋ္ဌိဋ္ဌိနို။ ဝတုပိသတိဖါသုကာ။ ဂုဒ္ဒသူရာ
ဟဒယေကံ၊ ဒွိက္ခကကောဋ္ဌမာဟုကံ။ ။ဝတုရော အင္ဂမာဟုဋ္ဌိ။
သတ္တဂိဝါဠိဟနုကံ။ နာသိကေကံဒွိက်ကဏ္ဏာ။ နဋ္ဌာဒုမုဋ္ဌမေကကံ။
နဝသိသကပါလဋ္ဌိ။ ဇ္ဓံတိသတအဋ္ဌိကာ။ ။ဝတုသဋ္ဌိဟတ္ထပါ
ဒ မံသသိကာ။ လက်ချိုးခြောက်ဆဲ့လေး။ ခြေချိုးခြောက်ဆဲ့လေး။
အသားကိုမှီသောအရိုးနှုခြောက်ဆဲ့လေး။ ဋ္ဌိပဏ္ဍိကာ။ ဖနောင့်ရိုး
နှစ်ခု။ဝတုဂေါမ္ပကဗာဿ္ဗြိ။ခြေတဘက်လျှင် နှစ်ခုစီဖြစ်၍ ဘမျက်
ရိုးလေးခု။ မြင်းခေါင်းလေးခု။ ဧွဇာတာရူကဗိုဋ္ဌိစ။ ပုဆစ်ရိုးနှစ်ခု
ပေါင်ရိုးနှစ်ခု။ခါးရိုးနှစ်ခု။ အဋ္ဌာရသပိဋ္ဌိဋ္ဌိနို။ ကျောက်ဆူးရိုးတဆဲ့

ရှစ်ချ။ စတုဝီသတိဖါသုကာ။ နံရိုးနှစ်ဆဲ့လေးချ၊ ဗုဒ္ဒသုရာ။ ရင်ရိုးတဆဲ့လေးချ။ ဟာဒယေကံ။ နှလုံးရိုးတချ။ ဒွကဏ္ဍကကောဋ္ဌဗာဟုကံ။ ညှပ်ရိုးနှစ်ချ။ လက်ပြင်ရိုးနှစ်ချ။ မောင်းရိုးနှစ်ချ။ စတုရောအဂ္ဂဗာဟုဋ္ဌိ။ မောင်းဖျားလက်ဖျံရိုးလေးချ။ သတ္တဂီဝါ။ လည်ဘုတ်ရိုးချနှစ်ချ။ ဒွိဟနုကံ။ မေးရိုးနှစ်ချ။ နာသိကေကံ။ နှာခေါင်းရိုးတချ။ ဒွက္ခိကဏ္ဍာ။ မျက်ကွင်းရိုးနှစ်ချ။ နားရိုးနှစ်ချ။ နဋ္ဌာဋ္ဌုမုဒ္ဓကေကံ။ နဖူးရိုးတချ။ ထိပ်ရိုးတချ။ နဝသီသကပါလဋ္ဌိ။ ခေါင်းခွံရိုးကိုးချ၊ ဇဝံ။ ဤသို့။ တိသတအဋ္ဌိကာ။ သုံးရာသောအရိုးတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ။ လက်ခြေရိုးနု။ စတုသဋ္ဌိ။ ဒွေပဏှိတက်။ ဘမျက်မြင်းခေါင်း။ လေးချောင်းစိဖြပ်။ ပုဆစ်ပေါင်ခါး။ နှစ်ပါးစိသာ။ ကျောက်မှာဆဲ့ရှစ်ချ။ စတုဝီသာ။ နံရိုးကျလိမ့်။ ဗုဒ္ဒသရင်ဆုံး။ နှလုံးတမျိုး။ ညှပ်ရိုးလက်ပြင်။ မောင်းတွင်နှစ်ပါး။ မောင်းဖျားလေးသာ။ လည်မှာခုနှစ်။ နှစ်ခမေးရိုး။ တမျိုးနှာတွင်း။ မျက်ကွင်းနှစ်ပါး။ နားတွင်နှစ်ခါ။ နဋ္ဌာဋ္ဌေက။ မုဒ္ဒဇကံ။ ခေါင်းခွံကားကိုး။ မော်ကွန်းထိုးသည်။ အရိုးသုံးရာပြည့်သတည်း။

နှလုံးသားကား အပဒ္မပြေပြစ်ချောမော၏။ အတွင်း၌ကား သပွတ်ခါးအရှနှင့်တူ၏။ ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ ခန့်မျှလောက်သောတွင်း၌။ တလက်ဘက်မျှလောက်သောနှလုံးသွေးရှိ၏။ ထိုနှလုံးသွေး၌ ဟဒယဝတ္ထုရုပ် တည်၏။ ထိုဟဒယဝတ္ထုရုပ်၌။ မနောဓာတ်။ မနောဝိညာဏဓာတ်။ စိတ်စေတသိက်မှီ၍ ဖြစ်၏။ ထိုစိတ်စေတသိက်ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့်နှလုံးသွေး ရောနှောသောကြောင့်။ ရာဂပြောသသူအား နီ၏။ ဒေါသပြောသသူအား မည်းနက်၏။ မောဟများသသူအားသားဆေးရည်နှင့်တူ၏။ ဝိတက်များသသူအား။ ကုလားပဲပြုတ်ရည်နှင့်တူ၏။ သဒ္ဒါများသသူအား။ မဟာလှေကားပွင့်ကဲ့သို့ဝါ၏။ ပညာများသသူအား။ ပဏ္ဍမြားကဲ့သို့ ပြိုးပြိုးပြက် အရောင်ထင်၏။ ။နီမြန်းရာဂ။ ဒေါသမည်းငြား။ သားဆေးရေမောဟ။ တက္ကပဲရည်။ ဝါသည် သဒ္ဓါ။ ပညာပြိုးပြက်။ ဓောတမြက်သို့။ ။ထိန်လက်ရောင်လျှံထင်သ

တည်း။ ။သောမနဿ။နှိမြန်းလှ၏။ ဒေါသမည်ရွာ။ ဥပေက္ခာမှု။ နှမ်းဆိတ္တဟု။ ။မှတ်ယူတနည်းကျမ်းလာတည်း။

အသည်းကားပညာရှိအား။ နှစ်ချ သုံးချ ဟူရကား။ ဒွိဟိတ်မှာ နှစ်ချ။တိဟိတ်မှာသုံးချဖြစ်ဘွယ်ရှိ၏။ ။အစွန်း နှစ်ဘက်၌ ကိုင်၍ ညွှစ်အပ်သော။ စိုသောပုဆိုး၏ အလယ်အဖုကဲ့သို့။ အရုမ၏အလယ်အဖုသည့် အစာသစ်အိမ်မည်၏။ထိုအဖုမှ တဘက်မှာချက်၊ ကြက်တွန့်တက်သကဲ့သို့ အစာသစ်အိမ်မှ အောက်အထက် အရူမ ခွေ၍နေ၏။ ထိုအစာသစ်အိမ်၌တည်သော အစာကို ငါးရပြု၍ဘရ ကိုပိုးစား၏။ တရကို ဝမ်းမီးတေဇောလောင်၏။ တရကား ကျင်ကြီး။ တရကားကျင်ငယ်။ တရကားအသွေးအသားဖြစ်၏။ ။ပိုး စားလောင်မီး။ ကျင်ကြီးကျင်ငယ်။ တသွယ်သွေးသား ဖြစ်လေ ငြားသည်။ ။ငါးပါးအစာခွဲဝေတည်း။

တာဝရုပ်။ကာယပသာဒ။ ရွေ့ရှားသောသွေး။ ဇီဝိတိန္ဒြေ။ အဗဒ္ဓသည်းခြေ၊သုက်။ ဤ ခြောက်ပါးကား။ အသားမှ လွတ်သော ဆံ။အမွေး။ခြေသည်းလက်သည်း။သွား။ ခြောက်သွေ့ကြမ်းထန်းသောအရေမှတပါး။ တကိုယ်လုံးနှံ့၍တည်၏။ ပုဗ္ဗ။ သေဒ၊ မေဒ။ ဝသာတို့လည်း။ ယခင်နည်းတည့်ကောင်းသည်ပင်။ ။ကာယပ သာဒ။လောဟိတ။ဇီဝသည်းခြေသုက်။ ။ကိုယ်လုံးနှံ့ဖြာ။တည် နေရာ။ကျမ်းလာမှန်သမုတ်။ ။အဗဒ္ဓသည်းခြေပျက်သော်။ မျက် စိဝါ၏။ မျက်လုံးလှည့်လည်၏။ ကိုယ်လုံးတုန်လှုပ်၏။ ကိုယ်ယား ယံ၏။ဆေးကု၍သော်ကား၊ချမ်းသာသေး၏။ ဗဒ္ဓသည်းခြေ ပျက် သော်။ရူးသွပ်၏။ဆေးမရှိပြီ။ ။သလိပ်ကား။ မစင်တွင်းကို ပိတ် သောပျဉ်ကဲ့သို့။ရေအပြင်ကို ဖုံးသော မှော်ရေညှိကဲ့သို့ အစာ သစ်ကိုပိတ်ဖုံး၍တည်၏။ မှော်ရေညှိအထက်။ ခုတ်ကျောက်လှံ ကန့်ကျလသော်၊ မှော်ရေညှိကိုခွဲ၍ ရေထဲသို့ ခုတ်ကျောက်ဝင် လျှင်၊ မှော်ရေညှိတို့တဖန် ဖုံးပြန်သကဲ့သို့။ ခဲဘွယ်ဘောဇဉ် ကိုမျိုလသော်။သလိပ်ကိုခွဲ၍ အစာသစ်အိမ်သို့။ ခဲဘွယ်ဘောဇဉ် ဝင်လျှင် ဖုံးမြဲဖုံး၏။ထိုသလိပ်အားနည်းသောအခါ။ ခံတွင်းမှ

ယာနံ မကောင်းဖြစ်၏။ မရွေ့သောသွေးကား။ အသည်း၏အောက် အဘို့ကိုပြည့်စေလျက်။ နှလုံးအညွှန့် အဆုတ်အထက် တစက်စက် ယိုစီးလျက်။ အညွှန့်စသည်ကို စွတ်စေ၍တည်၏။ ထိုသွေး ထိုအညွှန့်စသည်ကိုမစွတ်သောသဏ္ဌာန်ရှိ ရေသိပ်ကုန်၏။ ။အစေးနည်းသသူအား။ ထခြင်း။ ထိုင်ခြင်း။ သွားခြင်း။ လာခြင်း။ ကွေးခြင်း။ ဆန့်ခြင်းတို့၌ အရိုးဆက်ဖြစ်ဖြစ်မည်ကုန်၏။ တယူဇနာနှစ်ယူဇနာပင်သွားသော်လည်း။ လေပျက်၏။ ကိုယ်ဆင်းရဲ၏။ အစေးများသသူအား။ ထိုအပြစ်မရှိ။ ။ဆံစသည်ကို ရွံ့ရှာဘွယ်ဟု သိမ်းဆည်း တတ်သော သတိသည်။ ဒုက္ခသစ္စာ။ ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည်။ သမုဒယသစ္စာ။ ထိုဒုက္ခ သမုဒယနှစ်ပါး၏ မဖြစ်ရာ နိဗ္ဗာန်သည်။ နိရောဓသစ္စာ။ နိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာမည်၏။ ။ပဋိကူလမနသိကာရပဗ္ဗံ။ စက်ဆုပ် ရွံ့ရှာဘွယ်ဟု နှလုံးသွင်းရာသော အပိုင်းသည်။ နိဋ္ဌိတံ။ ပြီး၏။

---

## ဓာတုမနသိကာရပဗ္ဗ။ ဓာတ်အားဖြင့် နှလုံးသွင်းရာသောအပိုင်း။

(၆) ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဖန်လည်း၊ အပရံ။ တပါးတုံ။ ဘိက္ခု။ ရဟန်းသည်။ ယထာဌိတံ။ တည်မြဲတိုင်းသော။ ယထာပဏိဟိတံ။ ထားမြဲတိုင်းသော။ ဣမမေဝကာယံ။ ဤရူပကာယခန္ဓာကိုယ်ကိုသာလျှင်။ ဓာတုတော။ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ။ ဆင်ခြင်၏။ ဣမသ္မိံကာယေ။ ဤရူပကာယခန္ဓာကိုယ်၌။ ပထဝီဓာတု။ ကြမ်းထန်း ခက်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်သည်။ အာပေါဓာတု။ ယိုခြင်းဖွဲ့ခြင်းလက္ခဏာရှိသော အာပေါဓာတ်သည်။ တေဇောဓာတု။ ရင့်စေကျက်စေခြင်း ပူခြင်း လက္ခဏာရှိသော တေဇောဓာတ်သည်။ ဝါယောဓာတု။ ရွေ့ခြင်း ပြည့်စေ ပြန့်နှံ့စေခြင်း လက္ခဏာရှိသော ဝါယောဓာတ်သည်။

အင်္ဂ။ ရှိ၏။ ဉာတိ။ ဤသို့။ ပစ္စဝေက္ခတိ။ အသီးအသီး ဆင်ခြင်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သေယျထာပိ။ ဥပမာ မည်သည် ကား။ ဒက္ခော။ လိမ်မာသော။ ဂေါဃာတကော ဝါ။ နွားသတ်ယောကျ်ားသည်၎င်း။ ဂေါဃာတကန္တေဝါသီ ဝါ၊ နွားသတ်သောကျ်ား၏ တပည့်သည်၎င်း။ ဂါဝိ ၊ နွားကို။ ဝဓိတွာ။ သတ်၍။ စတုမဟာပထေ။ လမ်းမလေးဖြာ။ ပေါင်းဆုံရာ၌။ ဗိလသော။ အဘို့အစုအားဖြင့်။ ဝိဘဇိတွာ။ အချိုးအသား။ သီးခြားဝေဘန်၍။ နိသိန္နော။ နေသည်။ အဿ။ ဖြစ်ရာ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမေဝခေါ။ ဤအတူသာလျှင်။ ဘိက္ခု။ ရဟန်းသည်။ ယထာဌိတံ။ ရပ်သောဣရိယာပုထ်အားဖြင့်တည်တိုင်းသော။ ယထာပဏိဟိတံ၊ တပါးသောဣရိယာပုထ်အားဖြင့်ထားတိုင်းသော။ ယထာဌိတံ။ ထိုထိုခါ၌။ မိမိကိစ္စ၏အစွမ်းဖြင့် တည် တိုင်း သော။ ယထာ ပဏိဟိတံ။ ထိုထိုအကြောင်းတရားတို့သည် အပြားအားဖြင့် ဆောင်အပ်သော ဣမမေဝ ကာယံ။ ဤရုပကာယခန္ဓာကိုယ်ကိုသာလျှင်။ ဓာတုသော။ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ။ အသီးအသီး ဆင်ခြင်၏။ ဉာတိ။ သို့။ ကာယေ။ ဓာတ်လေးပါးအပေါင်း၌။ ကာယာနုပဿီ။ ဓာတ်လေးပါး အပေါင်းကို။ အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။

ကေသာဒိမတ္ထလုင်္ဂန္တာ။ ပထဝံသာတိဝီသတိ။ ပိတ္တာဒိမုတ္တကန္တာ တေဇလံသာဒွါဒသီရိတာ။ ။ယေနသန္တာပနံ ယေန။ ဇိရဏံ ဒဟနံ တထာ။ ယေနာသိတာဒိပါကောတိ။ စတုရံသာနလာဝိကာ။ ။ဥဒ္ဒင်္ဂမာဒိကာ ကုစ္ဆိဋ္ဌာ။ ကောဋ္ဌာသေ ယက်သာရိဝ။ အဿာသောတိစဝိညေယျာ။ ဆဠ္ဝါသုနိဿိတာ။ ။ကေသာဒိမတ္ထလုင်္ဂန္တာ။ ကေသာအစ မတ္ထလုင် အဆုံးရှိကုန်သော။ ဝီသတိ။ နှစ်ဆယ်သော။ တေကောဋ္ဌာသာ။ ထိုအဖို့တို့ကို။ ပထဝံသာတိ။ ပထဝီဓာတ်တို့ဟူ၍။ ဤရိတာ။ ဆိုအပ်ကုန်၏။ ပိတ္တာဒိမုတ္တကန္တာ။ ပိတ်အစမုတ်အဆုံး ရှိကုန်သော။ ဒွါဒသ။ တဆဲ့နှစ်ပါးကုန်သော။ တေကောဋ္ဌာသာ။ ထိုအဖို့တို့ကို။ ဇလံသာတိ၊ အာပေါဓာတုကောဋ္ဌာသတို့ဟူ၍။ ဤရိတာ။ ဆိုအပ်ကုန်၏။ ။ယေန။ အ

ကြောင်သန္တာပနတေဇောကြောင့်သန္တာပနံ။တရက်ဖျားခြင်းစသည်
ဖြင့် ပြင်းစွာပူပန်ခြင်းသည်။ ဟောတိ။ဖြစ်၏။ယေန။ အကြောင်ဇိရဏ
တေဇောကြောင့်။ဇိရဏံ။ဆွေးမြေ့ခြင်း။ သွားကျိုးခြင်းစသည်ဖြင့်။ အ
ရွယ်မှယုတ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ယေန။ အကြောင်းဒါဟတေ
ဇောကြောင့်။ ဒဟနံ။လွန်စွာပူလောင်ခြင်းသည်။ ဟောတိ။ ဖြစ်၏။
တထာ။ထိုမှတပါး။ ယေန။ အကြောင်းပါစကတေဇောကြောင့်။ အသိ
တာဒိပါကော။စားသောက်ခဲလျက်အပ်သော အစာ၏ကျက်ခြင်း
သည်။ဟောတိ။ဖြစ်၏။ ဣတိဣမေ စတုရံသာ။ ဤလေးပါးသောအ
ရတို့သည်။ အနလာဓိကာ။ တေဇောဓာတ် လွန်သော အရတို့
တည်း။ ။ဥဒ္ဓင်္ဂမာဝါယကုစ္ဆိဋ္ဌာ။ အထက်သို့ ဆန်တက်သော
ဥဒ္ဓင်္ဂမလေ။ အောက်သို့ရှိန်သွားသော အဓောဂမလေ။ အူ၏အပ
ဝမ်း၌တည်သောကုစ္ဆိဋ္ဌလေတို့ငှင်း။ ကောဋ္ဌာသေယာ။ အူတွင်း
၌တည်သော ကောဋ္ဌာသေယလေ လည်းကောင်း။ အင်္ဂသာရိစ။
အင်္ဂါကြီးငယ်သို့သွေ့ာက်၍ ကွေးခြင်းဆန့်ခြင်းစသဖြင့် ဖြစ်သော
အင်္ဂါငယ်နုသာရီလေရင်း။ အဿာသော စ။ထွက်သက် ဝင်သက်
လေရင်း။ ဣတိဣမေဆဋ္ဌသော။ ဤခြောက်ပါးသောအရတို့ကို။ ဝါ
ယုနိဿိတာ၊ ဝါယောဓာတ်ကိုမှီသောအရတို့ဟူ၍။ ဝိဉ္ဉေယျာ။
သိအပ်ကုန်၏။ ။နွားသတ်သောယောက်ျားသည် နွားကိုအစာ
ပေး၍မွေးသောင်ရင်း။သတ်ရာအရပ်သို့ ဆောင်သောင်ရင်း။ သတ်ရာ
အရပ်၌ချည်၍ထားသောင်ရင်း။ သတ်သောင်ရင်း။ သတ်၍သေသည်
ကိုမြင်သောင်ရင်း။ ထိုခဏ၌ နွားဟူသော အမှတ်သညာ မကွယ်မ
ပျောက်သေး။ အတုံးအပိုင်း ခုတ်ဖြတ်လှီးဖျက်၍ အဘို့အစုပြုပြီး
သောင်မှကား။ နွားဟူသောအမှတ်သညာ ကွယ်ပျောက်၍ အမဲဟူ
သောအမှတ်သညာသာဖြစ်၏။ ယင်းသို့ အမဲဖြစ်ပြီးသောအခါ ငါ
အမဲရောင်း၏။ ဤသူတို့ကား အမဲ ဝယ်ကြ၏ ဟူသော အမှတ်
သညာသာဖြစ်သကဲ့သို့ ဓာတ်လေးပါးအားဖြင့် ပိုင်းခြားဝေဘန်၍
မဆင်ခြင် မအောက်မေ့သောအခါ သတ္တဝါဟူသော အမှတ်။ ငါ
ဟူသောအမှတ်သညာဖြစ်၏။ ဓာတ်လေးပါးအားဖြင့် ပိုင်းခြားဝေ

ဘန့်၍ဆင်ခြင်အောက်မေ့သောအခါ သတ္တဝါဟူသောအမှတ်။ ငါဟူသော အမှတ်သညာ ကွယ်ပျောက်၍ ဓာတ်လေးပါးမျှသာဟူသော အမှတ်သညာဖြစ်၏။ ဓာတ်လေးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ။ ထိုဒုက္ခ၏ အကြောင်း ဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ထိုဒုက္ခ၊သမုဒယသစ္စာနှစ်ပါး၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ ထိုနိဗ္ဗာန်ကိုအာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ။ဓာတုမနသိကာရပဗ္ဗံ။ ဓာတ်အားဖြင့် နှလုံးသွင်းရာသောအပိုင်းသည်။ နိဋ္ဌိတံ။ ပြီးပြီ။

---

## နဝသိဝထိကပဗ္ဗ။ မိမိခန္ဓာကိုယ်ကို ကိုးနည်း ပြ၍ရှုရာသောအပိုင်း။

(၇) ဘိက္ခဝေ။ ရဟန်းတို့။ ပုနစ။ တဘန်လည်း။ အပရံ။ တပါးတုံ။ ဘိက္ခု။ ရဟန်းသည်။ သိဝထိကာယ။ သုသာန်၌။ ဆဍ္ဍိတံ။ စွန့်ပစ်အပ်သော။ ဧကာဟမတံဝါ။ သေ၍တရက်ရှိပြီးသည်လည်း ဖြစ်သော။ ဒွိဟမတံဝါ။ သေ၍နှစ်ရက်ရှိပြီးသည်လည်းဖြစ်သော။ တိဟမတံဝါ။ သေ၍သုံးရက်ရှိပြီးသည်လည်း ဖြစ်သော။ ဥဒ္ဓုမာတကံ။ ဖူးဖူးယောင်သော။ ဝိနီလကံ။ အဖြူအနီရောသည်ဖြစ်၍များသောအားဖြင့် ညိုသော အဆင်းရှိသော။ ဝိပုဗ္ဗကဇာတံ။ ယိုစီးသောပြည်ရှိသော။ သရီရံ။ အကောင်ကို။ ပဿေယျ။ မြင်ရာ၏။ သောဘိက္ခု။ ထိုရဟန်းသည်။ သေယျထာပိ။ မြင်သောအကောင်ကဲ့သို့။ အယံပိခေါကာယော။ ဤငါ၏ခန္ဓာကိုယ်သည်လည်း။ ဧဝံဓမ္မော။ ဤသို့ဖူးဖူးယောင်ခြင်းစသောသဘောရှိ၏။ ဧဝံဘာဝီ။ ဤသို့ ဖူးဖူးယောင်ခြင်း စသည် ဖြစ်လတ္တံ့။ ဧဝံအနတီတော။ ဤသို့ ဖူးဖူးယောင်ခြင်းသဘောကိုမလွန်နိုင်။ ဣတိ။ ဤသို့။ ဣမမေဝကာယံ။ ဤမိမိခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟရတိ။ ထပ်တူဆောင်၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံဝါ။ မိမိသန္တာန်၌လည်း။ ကာယေ။ ရူပကာ

ယဋ္ဌ။ ကာယာနုပဿီ။ ရုပကာယကိုအဘန်တလဲလဲရှုသည်ဖြစ်၍။
ဝိဟရတိ။နေ၏။ ။သိဝထိကပဌမပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။တဘန်လည်း။ အပရံ။ တပါးတုံ။
ဘိက္ခု။ရဟန်းသည်။ သိဝထိကာယ။ သုသာန်၌။ ဆဋ္ဋိတံ။စွန့်ပစ်
အပ်သော။ ကာယေဟိ ဝါ။ ကျီးတို့သည်မူလည်း။ ခဇ္ဇမာနံ။ခဲအပ်
သော။ ကုလလေဟိ ဝါ။ စွန်ရဲတို့သည် မူလည်း။ ခဇ္ဇမာနံ။ ခဲအပ်
သော။ဂိဇ္ဈေဟိ ဝါ။သင်းတတို့သည်မူလည်း။ ခဇ္ဇမာနံ။ခဲအပ်သော။
ကင်္ကေဟိ ဝါ။ ဘုံးပဟိုးငှက်တို့သည် မူလည်း။ ခဇ္ဇမာနံ။ ခဲအပ်
သော။ သုနခေဟိ ဝါ။ အိမ်ခွေးတို့သည်မူလည်း။ ခဇ္ဇမာနံ။ ခဲအပ်
သော။ ဗျဂ္ဃေဟိ ဝါ။ကျားတို့သည်မူလည်း။ ခဇ္ဇမာနံ။ ခဲအပ်သော။
ဒီပီဟိ ဝါ။ သစ်တို့သည်မူလည်း။ ခဇ္ဇမာနံ။ခဲအပ်သော။ သိင်္ဂါလေ
ဟိ ဝါ။ မြေခွေးတောခွေးတို့သည်မူလည်း။ ခဇ္ဇမာနံ။ ခဲအပ်သော။
ဝိဝိဓေဟိ။ အထူးထူးအပြားပြား မျိုးစွာကုန်သော။ ပါဏကဇာ
တေဟိ ဝါ။ပိုးလောက်တို့သည်မူလည်း။ ခဇ္ဇမာနံ။ခဲအပ်သော။သရီ
ရံ။အကောင်ကို။ ပဿေယျ။မြင်ရာ၏။ ။သော ဘိက္ခု။ ထိုရဟန်း
သည်။ သေယျထာပိ။ မြင်သောအကောင်ကိုကဲ့သို့။ အယံပိ ခေါ
ကာယော။ ဤငါ၏ခန္ဓာကိုယ်သည်လည်း။ ဧဝံဓမ္မော။ ဤသို့ကျီး
စွန်လင်းတစသည် ခဲအပ်သောသဘောရှိ၏။ ဧဝံဘာဝီ။ ဤသို့ကျီး
စွန်လင်းတစသည် ခဲအပ်သည်ဖြစ်သတတ်။ ဧဝံအနတီတော။ ဤသို့
ကျီးစွန်လင်းတစသည်ခဲအပ်သောသဘောကို မလွန်နိုင်။ ဣတိ။ ဤ
သို့။ဣမမေဝကာယံ။ ဤမိမိခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟရတိ။
ထပ်တူဆောင်၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံ ဝါ။ မိမိသန္တာန်၌လည်း။
ကာယေ။ ရုပကာယ၌။ ကာယာနုပဿီ။ ရုပကာယကို အဘန်တ
လဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ ။သိဝထိကနှစ်ပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဘန်လည်း။ အပရံ။တပါးတုံ။
ဘိက္ခု။ရဟန်းသည်။သိဝထိကာယ။သုသာန်၌။ဆဋ္ဋိတံ။စွန့်ပစ်အပ်
သော။ အဋ္ဌိကသင်္ခလိကံ။ အရိုးဆက်ရှိသော။ သမံသလောဟိတံ။

အသားအသွေးနှင့်တကွသော။ နှာရုသမ္ဗန္ဓံ။ အကြောဖြင့် ဘွဲ့အပ်သော။ သရီရံ။ အကောင်ကို။ ပသေယျ။ မြင်ရာ၏။ ။သုံးပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ပုန စ။ တဘန်လည်း။ အပရံ။ တပါးဘုံ။ ဘိက္ခု။ ရဟန်းသည်။ သိဝထိကာယ။ သုသာန်၌။ ဆဍ္ဍိတံ။ စွန့်ပယ်အပ်သော။ အဋ္ဌိကသင်္ခလိကံ။ အရိုးဆက်ရှိသော။ နိမံသလောဟိတမက္ခိတံ။ အသားမရှိ သွေးဖြင့်လိမ်းကျံအပ်သော။ နှာရုသမ္ဗန္ဓံ။ အကြောဖြင့် ဘွဲ့အပ်သော။ သရီရံ။ အကောင်ကို။ ပသေယျ။ မြင်ရာ၏။ ။လေးပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ဘိက္ခု။ ရဟန်းသည်။ သိဝထိကာယ။ သုသာန်၌။ ဆဍ္ဍိတံ။ စွန့်ပစ်အပ်သော။ အဋ္ဌိကသင်္ခလိကံ။ အရိုးဆက်ရှိသော။ အပဂတ မံသလောဟိတံ။ အသားအသွေးကင်းသော။ နှာရုသမ္ဗန္ဓံ။ အကြောဖြင့်ဘွဲ့အပ်သော။ သရီရံ။ အကောင်ကို။ ပသေယျ။ မြင်ရာ၏။ ။ငါးပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ဘိက္ခု။ ရဟန်းသည်။ သိဝထိကာယ။ သုသာန်၌။ ဆဍ္ဍိတံ။ စွန့်ပစ်အပ်သော။ သရီရံ။ အကောင်ကို။ ပသေယျ။ မြင်ရာ၏။ ကိံဒိသံ။ အဘယ်သို့သောအကောင်ကို။ ပသေယျ။ မြင်ရာသနည်း။ အညေန။ တပါးသော အရပ်မျက်နှာ အဘို့ဖြင့်။ ဟတ္ထဋ္ဌိကံ။ လက်ရိုးကို။ အညေန။ တပါးသောအရပ်မျက်နှာအဘို့ဖြင့်။ ပါဒဋ္ဌိကံ။ ခြေရိုးကို။ အညေန။ တပါးသောအရပ်မျက်နှာအဘို့ဖြင့်။ ဂေါပ္ဖကဋ္ဌိကံ။ ဘမျက်ရိုးကို။ ဇင်္ဃဋ္ဌိကံ။ မြင်းခေါင်းရိုးကို။ ဦရုဋ္ဌိကံ။ ပေါင်ရိုးကို။ ကဋိဋ္ဌိကံ။ ခါးရိုးကို။ ဖါသုကဋ္ဌိကံ။ နံရိုးကို။ ပိဋ္ဌိဋ္ဌိကံ။ ကျောက်ဆူးရိုးကို။ ခန္ဓဋ္ဌိကံ။ ပခုံးရိုးကို။ ဂီဝဋ္ဌိကံ။ လည်ကုတ်ရိုးကို။ ဟနုကဋ္ဌိကံ။ မေးရိုးကို။ ဒန္တဋ္ဌိကံ။ သွားရိုးကို။ သီသကဋာဟံ။ ခေါင်းခွံကို။ ဣတိ။ ဤသို့။ ဒိသာဝိဒိသာ။ ဟူ၍ဖြစ်သောအရပ်မျက်နှာ။ အထောင့်ဖြစ်သော အရပ်မျက်နှာတို့၌။ ဝိက္ခိတ္တာနိ။ ပယ်အပ်ကျန်သော။ အပဂတသမ္ဗန္ဓာနိ။ အကြောပြတ်၍ အစပ်ကင်းကျန်သော။ အဋ္ဌိကာနိ။ အရိုးဖြစ်သောအကောင်တို့ကို။ ပသေယျ။ မြင်ရာ၏။ ။ခြောက်ပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ဘိက္ခု။ ရဟန်းသည်။ သေတာနိ။ ဖြူကုန်သော။ သင်္ခဝဏ္ဏပဋိဘာဂါနိ။ ခရုသင်း အဆင်းနှင့် တူကုန်သော။ အဋ္ဌိနိ။ အရိုးဖြစ်သောအကောင်တို့ကို။ ပဿေယျ။ မြင်ရာ၏။ ။ ခုနစ်ပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ဘိက္ခု။ ရဟန်းသည်။ ပုဉ္ဇကိတာနိ၊ ရာသိဝိကိရဏာနိ။ အရပဖရိုဖရဲကြကုန်သော။ တေရောဝဿိကာနိ။ ခါကျူးနှစ်လည်း မိုးယှဉ်းရည်စွတ်ကာ ကြာမြင့်စွာကုန်သော။ တေရောဝဿိကာနိ၊ တိဝဿိကာနိ။ သုံးမိုးယှဉ်းစွတ်ကုန်သော။ အဋ္ဌိကာနိ။ အရိုးဖြစ်ကုန်သော အကောင်တို့ကို။ ပဿေယျ။ မြင်ရာ၏။ ။ ရှစ်ပိုင်း။

ဘိက္ခဝေ။ ရဟန်းတို့။ ဘိက္ခု။ ရဟန်းသည်။ ပူတီနိ။ ဆွေးမြေ့ကုန်ပြီးသော။ စုဏ္ဏကဇာတာနိ။ မှုန့်မှုန့်ညက်ညက် ဖြစ်၍ ဖရိုဖရဲကြကုန်သော။ အဋ္ဌိကာနိ။ အရိုးဖြစ်သောအကောင်တို့ကို။ ပဿေယျ။ မြင်ရာ၏။ သော ဘိက္ခု။ ထိုရဟန်းသည်။ သေယျထာပိ။ မြင်သော အကောင်ကဲ့သို့။ အယံပိခေါကာယော။ ဤငါ၏ ခန္ဓာကိုယ်သည်လည်း။ ဧဝံဓမ္မော။ ဤသို့ မှုန့်မှုန့်ညက်ညက်ကြေပျက်ခြင်းသဘောရှိ၏။ ဧဝံဘာဝီ။ ဤသို့ မှုန့်မှုန့်ညက်ညက် ကြေပျက်ခြင်းဖြစ်လတ္တံ့။ ဧဝံအနတီတော။ ဤသို့ မှုန့်မှုန့်ညက်ညက် ကြေပျက်ခြင်းသဘောကိုမလွန်နိုင်။ ဣတိ။ ဤသို့။ ဣမမေဝကာယံ။ ဤငါ့ကိုယ် ခန္ဓာကိုသာလျှင်။ ဥပသံဟရတိ။ ထပ်တူဆောင်၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံဝါ။ မိမိသန္တာန်၌လည်း။ ကာယေ။ ရူပကာယ၌။ ကာယာနုပဿီ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ။ ကိုးပိုင်း။

သိဝထိကကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ။ ထိုဒုက္ခသစ္စာ၏ အကြောင်း ဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ထိုဒုက္ခသမုဒယနှစ်ပါးတို့၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ။ ထိုနိဗ္ဗာန်ကိုအာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။ ။ နဝသိဝထိကပဗ္ဗံ။ သိဝထိကကိုးပိုင်းသည်။ နိဋ္ဌိတံ။ ပြီးပြီ။

စုဒ္ဒသ ကာယာနုပဿနာ။ တဆဲ့လေးပါးကုန်သော ကာယာနုပဿနာတို့သည်။ နိဋ္ဌိတာ။ ပြီးကုန်ပြီ။

---

## ဝေဒနာနုပဿနာ။ သုံးပါးသောဝေဒနာအားဖြင့် ရှုခြင်းအကြောင်း။

(၁) ဘိက္ခဝေ။ ရဟန်းတို့။ ကထဉ္စ။ အဘယ်သို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ ဝေဒနာသု။ ဝေဒနာတို့၌။ ဝေဒနာနုပဿီ။ ဝေဒနာကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ သုခံဝါ ဝေဒနံ။ ဣဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာကိုမူလည်း။ ဝေဒိယမာနော။ ခံစားလျက်၊ ခံစားစဉ်၊ ခံစားသည်ဖြစ်၍။ ခံစားသည်ရှိသော်။ ခံစားခြင်းကြောင့်။ ခံစားဆဲ၊ ခံစားခိုက်၊ ခံစားတုန်း။ သုခံဝေဒနံ။ သုခဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ သိ၏။ ဒုက္ခံဝါဝေဒနံ။ အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိသော ဒုက္ခဒေါမနဿဝေဒနာကိုမူလည်း။ ဝေဒိယမာနော။ ခံစားသည်ရှိသော်။ ဒုက္ခံဝေဒနံ။ ဒုက္ခဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ သိ၏။ အဒုက္ခမသုခံဝါဝေဒနံ။ ဣဋ္ဌမဇ္ဈတ္တာရုံကိုခံစားခြင်းလက္ခဏာရှိသော သုခမှလည်းတပါး ဒုက္ခမှလည်းတပါးသော ဥပေက္ခာဝေဒနာကိုမူလည်း။ ဝေဒိယမာနော။ ခံစားသည်ရှိသော်။ အဒုက္ခမသုခံဝေဒနံ။ ဥပေက္ခာဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ သိ၏။ သာမိသံဝါ။ ကာမဂုဏ်၌မှီသည်လည်းဖြစ်သော။ သုခံဝေဒနံ။ သုခဝေဒနာကို။ ဝေဒိယမာနော။ ခံစားသည်ရှိသော်။ သာမိသံသုခံဝေဒနံ။ ကာမဂုဏ်၌မှီသော သုခဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ ၏။ နိရာမိသံဝါ။ ကာမဂုဏ်၌မမှီသည်လည်းဖြစ်သော။ သုခံဝေဒနံ။ သုခဝေဒနာကို။ ဝေဒိယမာနော။ ခံစားသည်ရှိသော်။ နိရာမိသံသုခံဝေဒနံ။ ကာမဂုဏ်၌မမှီသောသုခဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပ

ဇာနာတိ။ သိ၏။ သာမိသံ ဝါ ဒုက္ခံ ဝေဒနံ။ ကာမဂုဏ်၌ မှီသော ဒုက္ခ
ဝေဒနာကို မူလည်း။ ဝေဒိယမာနော။ ခံစားသည်ရှိသော်။ သာမိသံ
ဒုက္ခံ ဝေဒနံ။ ကာမဂုဏ်၌မှီသော ဒုက္ခဝေဒနာကို။ ဝေဒိယာမိတိ။ ခံ
စား၏ဟူ၍။ ပဇာနာတိ။ သိ၏။ နိရာမိသံ ဒုက္ခံ ဝေဒနံ။ ကာမဂုဏ်၌မ
မှီသော။ ဒုက္ခဝေဒနာကို မူလည်း။ ဝေဒိယမာနော။ ခံစားသည်ရှိ
သော် နိရာမိသံ ဒုက္ခံ ဝေဒနံ။ ကာမဂုဏ်၌မမှီသော ဒုက္ခဝေဒနာကို။
ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ သိ၏၊ သာမိသံ ဝါ အဒုက္ခမ
သုခံ ဝေဒနံ။ ကာမဂုဏ်၌မှီသော ဥပေက္ခာဝေဒနာကို မူလည်း။ ဝေဒိ
ယမာနော။ ခံစားသည်ရှိသော်။ သာမိသံ အဒုက္ခမသုခံ ဝေဒနံ။ ကာ
မဂုဏ်၌မှီသော ဥပေက္ခာဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။
ပဇာနာတိ။ သိ၏။ နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ။ ကာမဂုဏ်၌မမှီ
သော ဥပေက္ခာဝေဒနာကို မူလည်း။ ဝေဒိယမာနော။ ခံစားသည်ရှိ
သော်။ နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ။ ကာမဂုဏ်၌ မမှီသော ဥ
ပေက္ခာဝေဒနာကို။ ဝေဒိယာမိတိ။ ခံစား၏ဟူ၍။ ပဇာနာတိ။ သိ၏။
ဣတိ။ ဤသို့။ အဇ္ဈတ္တံ ဝါ။ မိမိသန္တာန်၌ မူလည်း။ ဝေဒနာသု ဝေဒနာ
တို့၌။ ဝေဒနာနုပဿီ။ ဝေဒနာကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။
ဝိဟရတိ။ နေ၏။ ဗဟိဒ္ဓါ ဝါ။ အပသန္တာန်၌ မူလည်း။ ဝေဒနာသု။
ဝေဒနာတို့၌။ ဝေဒနာနုပဿီ။ ဝေဒနာကို အဘန်တလဲလဲ ရှုသည်
ဖြစ်၍။ ဝိဟရတိ။ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ။ ရံခါ မိမိသန္တာန်။ ရံခါ အပ
သန္တာန်၌ မူလည်း။ ဝေဒနာသု။ ဝေဒနာတို့၌။ ဝေဒနာနုပဿီ။ ဝေ
ဒနာကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဝေဒနာသု။
ဝေဒနာတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ။ အဝိဇ္ဇာတဏှာ သမ္ဖဿ
ဟူသော ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍
လည်း။ ဝိဟရတိ။ နေ၏။ ဝေဒနာသု။ ဝေဒနာတို့၌။ ဝယဓမ္မာနုပဿီ
ဝါ။ အဝိဇ္ဇာတဏှာ သမ္ဖဿတို့၏ ချုပ်ခြင်းဟူသော ပျက်စီး
ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည် ဖြစ်၍လည်း။ ဝိဟ
ရတိ။ နေ၏။ ဝေဒနာသု။ ဝေဒနာတို့၌။ သမုဒယဝယဓမ္မာနုပဿီ
ဝါ။ ဖြစ်ကြောင်း သဘော ပျက်ကြောင်း သဘောကို အဘန်တ

လဲလဲရှုသည် ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ ဝေဒနာဝ။ အာရုံကို ခံစားခြင်းသဘောသည်သာလျှင်။ အတ္ထိ။ ရှိ၏။ ဣတိ။ ဤသို့။ အဿ။ ထိုရဟန်း၏။ သတိ၀ါ။ ပန။ သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ။ ရှေးရှုထင်သည်။ ဟောတိ။ ဖြစ်၏။ ယာ။ ထိုဝေဒနာကို အောက်မေ့ခြင်းသတိသည်။ ယာဝဒေဝ။ အကြင်မျှလောက်။ ဉာဏမတ္တာယ။ အဆင့်ဆင့် ဝေဒနာနုပဿနာဉာဏ်၏ ပွါးခြင်း အတိုင်းအရှည်အကျိုးငှါရင်း။ ပဋိဿတိမတ္တာယ။ အဆင့်ဆင့်ဝေဒနာကို အောက်မေ့ခြင်း သတိ၏ ပွါးခြင်း အတိုင်းအရှည်အကျိုးငှါရင်း။ ဟောတိ။ ၏။ သော။ ထိုရဟန်းသည်။ အနိဿိတော စ။ ဝေဒနာကို တဏှာဒိဋ္ဌိအားဖြင့်မှီမူ၍လည်း။ ဝိဟရတိ။ နေ၏။ လောကေ။ ဥပါဒါနက္ခန္ဓာ ဟူသောလောက၌။ ကိဉ္စိ။ တစုံတခုသောတရားကို၌။ အတ္တာဘိ ငါ။ ငါအစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိ ဝါ။ ငါ၏ ဥစ္စာဟူ၍တဏှာအားဖြင့်ရင်း။ န စ ဥပါဒိယတိ။ မစွဲသမ်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝံခေါ။ ဤသို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ ဝေဒနာသု။ အာရုံကို ခံစားခြင်းသဘောတရားတို့၌။ ဝေဒနာနုပဿီ။ အာရုံကို ခံစားခြင်းသဘောတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရ တိ။ နေ၏။ ။အလိုရှိအပ်သော ရူပါရုံစသည်ကိုသာလျှင် ငါခံစား သည်ဟူ၍ရင်း။ ရှေး၌ခံစားပြီးသည်ကိုသည်း ငါခံစားလေပြီဟူ၍ရင်း။ အောက်မေ့သော သူအားဖြစ်သော သုခဝေဒနာသည် ကာမဂုဏ် ငါးပါးဟူသော အာမိသနှင့် စပ်သောကြောင့် သာမိသသုခဝေဒ နာမည်၏။ ရူပါရုံစသည်တို့၏ အနိစ္စစသောသဘောကိုမြင်၍ ဖြစ် ပြီးသောရူပါရုံစသည်တို့သည် အနိစ္စဒုက္ခသဘော ရှိကုန်၏ဟု ရှု သောသူအားဖြစ်သော သုခဝေဒနာ သည်ကား ကာမဂုဏ်ငါးပါး ဟူသော အာမိသနှင့်မစပ်သောကြောင့်နိရာမိသ သုခဝေဒနာမည် ၏ အလိုရှိအပ်သော ရူပါရုံစသည်ကို မရပါသေဟူ၍ရင်း။ ရပြီး၍ ပျောက်ပျက်သည်ကိုလည်း ပျောက်ပျက်ခဲ့ပြီဟူ၍ရင်း။ အောက် မေ့သောသူအားဖြစ်သော ဒုက္ခဝေဒနာသည်။ ကာမဂုဏ်ငါးပါး ဟူသော အာမိသနှင့်စပ်သောကြောင့် သာမိသဒုက္ခဝေဒနာမည်

၏။ ရူပါရုံစသည်တို့၏ အနိဋ္ဌသောသဘောကိုမြင်၍။ အဓိယဖိုလ်
ကိုတောင့်တ၍ ရအောင်အနိစ္စစသည့်ဖြင့် စီးဖြန်းလျက်မရသော
ကြောင့် နှလုံးမသာသောသူအားဖြစ်သော ဒုက္ခဝေဒနာသည်ကာ
မဂုဏ်ငါးပါးဟူသော အာမိသနှင့် မစပ်သောကြောင့် နိရာမိသ
ဒုက္ခဝေဒနာမည်၏။ အလိုရှိအပ်သော ရူပါရုံစသည်ကိုအာရုံပြု၍။
ပုထုဇ္ဇန်မိုက်အား ဖြစ်သော ဥပေက္ခာဝေဒနာသည်။ ကာမဂုဏ်
ငါးပါးဟူသောအာမိသနှင့် စပ်သောကြောင့်။ သာမိသဥပေက္ခာ
ဝေဒနာမည်၏။ ရူပါရုံစသည်တို့သည်အနိစ္စစသောသဘောရှိကုန်
၏ဟုရှုသောသူအားဖြစ်သော ဥပေက္ခာဝေဒနာသည် ကာမဂုဏ်
ငါးပါးဟူသောအာမိသနှင့်မစပ်သောကြောင့် နိရာမိသဥပေက္ခာ
ဝေဒနာမည်၏။ ။ပက်လက်အိပ်တတ်ခါမျှသော သူငယ်သည်
ပင်အမိနို့ကိုစို့သောအခါ။ ငါသုခဝေဒနာကို ခံစား၏ဟုသိ၏။ ထို
သို့သိခြင်းကိုသတ္တဝါဟူသောအမှတ်သညာ မကင်းသောကြောင့်
မလိုအပ်။ ဣဋ္ဌာရုံကိုအာရုံပြု၍။ သုခဝေဒနာဖြစ်ခြင်းမျှသာ အနိဋ္ဌာ
ရုံကိုအာရုံပြု၍ ဒုက္ခဝေဒနာဖြစ်ခြင်းမျှသာ။ ဣဋ္ဌမဇ္ဈတ္တာရုံကိုအာရုံ
ပြု၍ဥပေက္ခာဝေဒနာဖြစ်ခြင်းမျှသာ။ ဝေဒနာကို ခံစားတတ်သော
သတ္တဝါမရှိဟုသိခြင်းကို။ သတ္တဝါဟူသော အမှတ်သညာကင်း
သောကြောင့်လိုအပ်၏။ တနည်းလည်းသုခဖြစ်သောအခါ ဒုက္ခဥ
ပေက္ခာမဖြစ်။ ဒုက္ခဖြစ်သောအခါသုခဥပေက္ခာမဖြစ်။ ဥပေက္ခာဖြစ်
သောအခါ။ သုခဒုက္ခမဖြစ်။ ဝေဒနာတို့သည်ကုန်ခြင်း။ ဘောက်ပြန်
ပျက်စီးခြင်းသဘောရှိကုန်၏ဟု ဆင်ခြင်အောက်မေ့ ကြံစည်ခြင်း
ကိုသာ။ သုခဝေဒနာကိုခံစားသောအခါ။ ငါသုခဝေဒနာကိုခံစား၏
ဟူ၍လိုအပ်၏။ ဝေဒနာကို သိမ်းဆည်းတတ်သော သတိသည်
ဒုက္ခသစ္စာ။ ထိုဒုက္ခ၏အကြောင်းဖြစ်သော တဏှာသည် သမုဒယ
သစ္စာ။ ထိုသစ္စာနှစ်ပါး၏ချုပ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ။ နိဗ္ဗာန်
ကိုအာရုံပြု၍ဖြစ်သော မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာ မည်၏။ ။
ဝေဒနာနုပဿနာ။ ဝေဒနာကိုရှုရာဖြစ်သောအပိုင်းသည်။ နိဋ္ဌိတာ။
ပြီးပြီ။

## စိတ္တာနုပဿနာ။ ၁၆-ပါးသောစိတ်အပြားအားဖြင့် ရှုခြင်းအကြောင်း။

(၉) ဘိက္ခဝေ။ ရဟန်းတို့၊ ကထဉ္စ။ အသို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ စိတ္တေ။ စိတ်၌။ စိတ္တာနုပဿီ။ စိတ်ကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ သရာဂံ ဝါ။ တပ်ခြင်းရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဝီတရာဂံ ဝါ။ ရာဂကင်းသည်မှုလည်းဖြစ်သော။ စိတ္တံ။ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတရာဂံစိတ္တန္တိ။ ရာဂမှကင်းသောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ သဒေါသံ ဝါ။ ဒေါသနှင့်တကွမှုလည်းဖြစ်သော။ စိတ္တံ။ ဒေါသမူစိတ်ကို။ သဒေါသံစိတ္တန္တိ။ ဒေါသနှင့်တကွဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဝီတဒေါသံ ဝါ။ ဒေါသကင်းသည် မှုလည်း ဖြစ်သော။ စိတ္တံ။ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတဒေါသံစိတ္တန္တိ။ ဒေါသကင်းသောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ သမောဟံ ဝါ။ မောဟနှင့်တကွမှုလည်းဖြစ်သော။ စိတ္တံ။ အကုသိုလ်စိတ်တဆဲ့နှစ်ခုကို။ သမောဟံစိတ္တန္တိ။ မောဟနှင့်တကွဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဝီတမောဟံ ဝါ။ မောဟကင်းသည်မှုလည်း ဖြစ်သော။ စိတ္တံ။ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတမောဟံ စိတ္တန္တိ။ မောဟကင်းသောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ သံခိတ္တံ ဝါ။ အိပ်ခြင်းငိုက်မျည်းခြင်းဖြင့် တွန့်သည်လည်းဖြစ်သော။ စိတ္တံ။ လောဘမူဒေါသမူသသင်္ခါရိကစိတ်ငါးခုကို။ သံခိတ္တံစိတ္တန္တိ။ တွန့်သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဝိက္ခိတ္တံ ဝါ။ မတည်မတံ့ ပြန့်လွင့်သည်လည်းဖြစ်သော။ စိတ္တံ။ ဥဒ္ဓစ္စသဟဂုတ်စိတ် အကုသိုလ်စိတ်ကို။ ဝိက္ခိတ္တံစိတ္တန္တိ၊ မတည်မတံ့ ပြန့်လွင့်သော စိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ မဟဂ္ဂတံ ဝါ။ မြတ်သော အဖြစ်သို့ ရောက်သည်မှုလည်းဖြစ်သော။ စိတ္တံ။ ရူပါဝစရ။ အရူပါဝစရစိတ်ကို။ မဟဂ္ဂတံ စိတ္တန္တိ။ မဟဂ္ဂုတ်စိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ အမဟဂ္ဂတံ ဝါ။ မြတ်

သောအဖြစ်သို့ ရောက်သည်လည်းဖြစ်သော။ စိတ္တံ။ ကာမာဝစရ
စိတ်ကို။ အမဟဂ္ဂတံစိတ္တန္တိ။ ကာမာဝစရစိတ်ဟူ၍။ ပဇာနာတိ။ သိ
၏။ သဥတ္တရံဝါ။ မိမိထက်လွန်မြတ်သော တရားရှိသည် မူလည်း
ဖြစ်သော။ စိတ္တံ။ ကာမာဝစရစိတ်ကို။ သဥတ္တရံစိတ္တန္တိ။ မိမိထက်
လွန်မြတ်သော တရားရှိသောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ အနုတ္တရံ
ဝါ။ မိမိထက်လွန်မြတ်သော လောကီ တရားမရှိသည်လည်း ဖြစ်
သော။ စိတ္တံ။ ရူပါဝစရအရူပါဝစရစိတ်ကို။ အနုတ္တရံစိတ္တန္တိ။ မိမိ
ထက်လွန်မြတ်သော လောကီတရား မရှိသောစိတ်ဟူ၍။ ပဇာနာ
တိ။ သိ၏။ သမာဟိတံဝါ။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအားဖြင့်
တည်ကြည်သည်လည်း ဖြစ်သော။ စိတ္တံ။ ကသိုဏ်းပညတ်စသော
ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော မဟာကုသိုလ် မဟာကိရိယာ
စိတ်၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကိရိယာစိတ်ကို။ သမာဟိတံ
စိတ္တန္တိ။ တခုတည်းသောအာရုံကိုသာ ယူသည့်ဖြစ်၍ တည်ကြည်
သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ အသမာဟိတံဝါ။ ဥပစာရသမာဓိ၊
အပ္ပနာသမာဓိအားဖြင့် မတည်ကြည်သည်လည်း ဖြစ်သော။ စိတ္တံ။
မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကိရိယာမှ တပါးသော လောကီစိတ်
ကို။ အသမာဟိတံစိတ္တန္တိ။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအား
ဖြင့် မတည်ကြည်သောစိတ်ဟူ၍။ ပဇာနာတိ။ ၏။ ဝိမုတ္တံဝါ။ တဒင်္ဂ
ပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာမှ လွတ်သည်
လည်းဖြစ်သော။ စိတ္တံ။ လောကီကုသိုလ်စိတ်ကို။ ဝိမုတ္တံစိတ္တန္တိ။ တ
ဒင်္ဂ ဝိက္ခမ္ဘန၏အစွမ်းဖြင့် ကိလေသာမှလွတ်သော စိတ်ဟူ၍။ ပဇာ
နာတိ။ သိ၏။ အဝိမုတ္တံဝါ။ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်း
ဖြင့်ကိလေသာမှ မလွတ်သည်လည်း ဖြစ်သော။ စိတ္တံ။ လောကီ
ကုသိုလ်ကိရိယာမှ တပါးသော။ အကုသိုလ် လောကီဝိပါက် အ
ဗျာကတစိတ်ကို။ အဝိမုတ္တံစိတ္တန္တိ။ တဒင်္ဂ ဝိက္ခမ္ဘန၏ အစွမ်းဖြင့်
ကိလေသာမှမလွတ်သောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။ ဣတိ။ ဤသို့။
အဇ္ဈတ္တံဝါ။ မိမိသန္တာန်၌လည်း။ စိတ္တေ။ စိတ်၌။ စိတ္တာနုပဿီ။ သူ့ရာ
ဂ စိတ်စသည်ကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။

ဗဟိဒ္ဓါဝါ။အပသန္တာန်၌လည်း။ စိတ္တေ။ စိတ်၌။ စိတ္တာနုပဿီ။ သရာဂစသည်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ။ ရံခါ မိမိသန္တာန်။ ရံခါ အပသန္တာန်၌လည်း။ စိတ္တေ။စိတ်၌။စိတ္တာနုပဿီ။ သရာဂစိတ်စသည်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ စိတ္တသ္မိံ။ စိတ်၌။ သမုဒယဓမ္မာနုပဿီဝါ။အဝိဇ္ဇာတဏှာကံနာမ်ရုပ်ဟူသော ဖြစ်ကြောင်းသဘောကို အဖန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။နေ၏။ စိတ္တသ္မိံ။ စိတ်၌။ဝယဓမ္မာနုပဿီဝါ။အဝိဇ္ဇာတဏှာကံနာမ်ရုပ်တို့၏ချုပ်ခြင်းဟူသော ပျက်စီးကြောင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ စိတ္တသ္မိံ။ စိတ်၌။ သမုဒယ ဝယဓမ္မာ နုပဿီဝါ။ ဖြစ်ကြောင်းသဘော ပျက်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။နေ၏။စိတ္တံ။အာရုံကို သိခြင်းသဘောတရားသည်။အတ္ထိ။ရှိ၏။ဣတိ။ဤသို့။ အဿ။ထိုရဟန်း၏။ သတိဝါ ပန။သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ။ ရှေ့ရှုထင်သည်။ ဟောတိ။ ဖြစ်၏။ယာ။ ထိုစိတ်ကို အောက်မေ့ခြင်းသတိသည်။ ယာဝဒေဝ။ အကြင်မျှလောက်။ ဉာဏမတ္တာယ။ အဆင့်ဆင့် စိတ္တာနုပဿနာဉာဏ်၏ ပွါးခြင်းအတိုင်းအရှည် အကျိုးငှါရင်း။ ပဋိဿတိမတ္တာယ။ အဆင့်ဆင့်ကို အောက်မေ့ခြင်း သတိ၏ ပွါးခြင်းအတိုင်းအရှည် အကျိုးငှါရင်း။ဟောတိ။ဖြစ်၏။သော။ ထိုရဟန်းသည်(အနိဿိတော စ။ စိတ်ကိုတဏှာဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ။၏။)လောကေ။ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ။ တစုံတခုသော တရားကို။ အတ္တာတိဝါ။ ငါအစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိဝါ။ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်ရင်း။ နစဥပါဒိယတိ။ မစွဲလမ်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝံခေါ။ ဤသို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ စိတ္တေ။ အာရုံကို သိခြင်းလက္ခဏာရှိသော စိတ်၌။ စိတ္တာနုပဿီ။အာရုံကိုသိခြင်းသဘောတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ (။စိတ်ကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ။) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာ

သည် သမုဒယသစ္စာ။ ထိုသစ္စာနှစ်ပါး၏ချုပ်ရာနိဗ္ဗာန်သည် နိရော
ဓသစ္စာ။ ထိုနိရောဓကိုအာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ
မည်၏။ ။စိတ္တာနုပဿနာ။ စိတ်ကိုရှုရာသောအပိုင်းသည်။ နိဋ္ဌိ
တာ။ ပြီးပြီ။

---

ဋီကာ ငါး၊ ပါ၊ ပဏ္ဏာသတော်၌ရှိ
ဘာ ရှာ ရား

## နီဝရဏပဗ္ဗ။ နီဝရဏအားဖြင့်ရှုရာသောအပိုင်း။

(၁၀) ဘိက္ခဝေ။ ရဟန်းတို့။ ကထဉ္စ။ အသို့လျှင်။ ဘိက္ခု။
ရဟန်းသည်။ ဓမ္မေသု။ ရုပ်နာမ်တရားတို့၌။ ဓမ္မာနုပဿီ။ ရုပ်နာမ်တ
ရားကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခ
ဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ ပဉ္စ
သု။ ငါးပါးကုန်သော။ နီဝရဏေသု။ ပိတ်ပင် ဖုံးလွှမ်းတတ်သော
ကြောင့် နီဝရဏမည်ကုန်သော။ ဓမ္မေသု။ သင်္ခါရက္ခန္ဓာတရားတို့၌
ဓမ္မာနုပဿီ။ နီဝရဏတည်းဟူသော သင်္ခါရက္ခန္ဓာတရားကို အ
ဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။
ကထဉ္စ။ အသို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ ပဉ္စသု။ ငါးပါးကုန်သော။
နီဝရဏေသု။ ပိတ်ပင် ဖုံးလွှမ်းတတ်သောကြောင့် နီဝရဏ မည်
ကုန်သော။ ဓမ္မေသု။ သင်္ခါရက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ။ နီဝရဏ
တည်းဟူသော သင်္ခါရက္ခန္ဓာတရားတို့ကို အဘန်တလဲလဲရှုသည်
ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသ
နာတော်၌။ ဘိက္ခု။ ရဟန်းသည်။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ သန္တံဝါ။
မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်လည်းဖြစ်သော။ ကာမစ္ဆန္ဒံ။ ကာ
မဂုဏ်၌တပ်တတ်သော လောဘကို။ မေ။ ငါ၏။ အဇ္ဈတ္တံ။ အတွင်း
သန္တာန်၌။ ကာမစ္ဆန္ဒော။ ကာမစ္ဆန္ဒသည်။ အတ္ထိ။ ရှိ၏။ ဣတိ။ ဤသို့။
ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ အသန္တံဝါ။ မပြတ်မဖြစ်
ခြင်း ပယ်ခြင်းကြောင့် ထင်ရှားမရှိသည်လည်း ဖြစ်သော။ ကာ
မစ္ဆန္ဒံ။ ကာမစ္ဆန္ဒကို။ မေ။ ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ ကာ

မစ္ဆန္ဒော။ကာမစ္ဆန္ဒသည်။ နတ္ထိ။မရှိ။ဣတိ။ဤသို့။ ပဇာနာတိ။သိ၏။ ယထာ စ။အကြင်ရှေးရှေးသော ကာမစ္ဆန္ဒသုဘ အာရုံမသင့်သော နှလုံး သွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ။ ဥပါဒ်သို့ မရောက်သော။ ကာမစ္ဆန္ဒဿ။ ကာမစ္ဆန္ဒ၏။ ဥပ္ပါဒေါ။ ဥပါဒ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုရှေးရှေးသော ကာမစ္ဆန္ဒသုဘအာရုံမသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်အသုဘစသည်ကိုအသုဘစသည်ဖြင့် သင့်တင့်သောနှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ။ ဖြစ်သော။ ကာမစ္ဆန္ဒဿ။ ကာမစ္ဆန္ဒကို။ ပဟာနံ။ တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုအသုဘအာရုံ၌အသင့် နှလုံးသွင်းခြင်းဟူသော အကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်တဒင်္ဂဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ။ ပယ်အပ်ပြီးသော။ ကာမစ္ဆန္ဒဿ။ကာမစ္ဆန္ဒ၏။ အာယတိံ။ နောင်အခါ၌။ အနုပ္ပါဒေါ။ အရဟတ္တမဂ်ဖြင့်မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ထိုတဘန်အသစ်မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ သန္တံ ဝါ။ မပြတ်ဖြစ်သဖြင့်ထင်ရှားရှိသည်လည်းဖြစ်သော။ ဗျာပါဒံ ဒေါသကို။ မေ။ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ဗျာပါဒေါ။ဒေါသသည်။အတ္ထိ။ရှိ၏။ ဣတိ။ဤသို့။ပဇာနာတိ။သိ၏။ အဇ္ဈတ္တံ။မိမိသန္တာန်၌။ အသန္တံ။ မပြတ်မဖြစ်ပယ်ခြင်းကြောင့်ထင်ရှားမရှိသည်လည်းဖြစ်သော။ ဗျာပါဒံ။ဒေါသကို။မေ။ငါ၏။ အဇ္ဈတ္တံ။အတွင်းသန္တာန်၌။ ဗျာပါဒေါ။ဒေါသသည်။ နတ္ထိ။မရှိ။ဣတိ။ဤသို့။ ပဇာနာတိ။သိ၏။ ယထာ စ။ အကြင်ရှေးရှေးသော ဒေါသပဋိဃအာရုံ မသင့်သော နှလုံးသွင်းခြင်း ဟူသော အကြောင်းကြောင့်လည်း။ အနုပ္ပန္နဿ။ဥပါဒ်သို့မရောက်သော။ ဗျာပါဒဿ။ ဒေါသ၏။ ဥပ္ပါဒေါ။ ဥပါဒ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုရှေးရှေးသော ဒေါသပဋိဃအာရုံ မသင့်သောနှလုံးသွင်းခြင်းဟူသောအကြောင်းကိုလည်း။ ပဇာနာတိ။သိ၏။ ယထာ စ။အကြင် မေတ္တာစေတောဝိမုတ္တိ အသင့်နှလုံးသွင်းခြင်း ဟူသော အ

ကြောင်းကြောင့်လည်း။ ဥပ္ပန္နဿ။ ဥပါဒ်သို့ရောက်သော။ ဗျာပါ ဒဿ။ဒေါသကို။ပဟာနံ။ တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ။ဖြစ်၏။တဉ္စ။ ထိုမေတ္တာစေတောဝိမုတ္တိအသင့်နှလုံးသွင်း ခြင်းဟူသောအကြောင်းကိုလည်း။ပဇာနာတိ။သိ၏။ယထာစ။ အ ကြင်တဒင်္ဂဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ။ ပယ်အပ်ပြီးသော။ ဗျာပါဒဿ။ဒေါသ၏။အာယတိံ။နောင်အခါ၌။ အနုပ္ပါဒေါ။ အနာ ဂါမိမဂ်ဖြင့်မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုတဘန်အ သစ်မဖြစ်ကြောင်း ကိုလည်း။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိ သန္တာန်၌။ သန္တံ ဝါ။ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်လည်းဖြစ် သော။ထိနမိဒ္ဓံ။ အိပ်ခြင်းငိုက်မျည်းခြင်းကို။ မေ။ငါ၏။အဇ္ဈတ္တံ။အ တွင်းသန္တာန်၌။ထိနမိဒ္ဓံ ထိနမိဒ္ဓသည်။ အတ္ထိ။ရှိ၏။ ဣတိ။ဤသို့။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ အသန္တံ ဝါ။မပြတ်ဖြစ် ခြင်းပယ်ခြင်းကြောင့် ထင်ရှားမရှိသည်လည်း ဖြစ်သော။ ထိနမိဒ္ဓံ။ ထိနမိဒ္ဓကို။မေ။ငါ၏။အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ ထိနမိဒ္ဓံ။ထိနမိဒ္ဓ သည်။နတ္ထိ။မရှိ။ဣတိ။ဤသို့။ပဇာနာတိ။သိ၏။ ယထာစ။ အကြင်မ မွေ့လျော်ခြင်း။ ပျင်းရိခြင်း။ ကိုယ်တစန့်စန့် လူးလွန့်ခြင်း။ ထမင်း ဆိုယစ်ခြင်း။ စိတ်စက်မခန့်တွန့်ခြင်း။ မသင့်သော နှလုံးသွင်းခြင်း ဟူသောအကြောင်းကြောင့်လည်း။ အနုပ္ပန္နဿ။ ဥပါဒ်သို့မရောက် သော။ ထိနမိဒ္ဓဿ။ ထိနမိဒ္ဓ၏။ ဥပ္ပါဒေါ။ ဥပါဒ်ခြင်းသည်။ ဟော တိ။ဖြစ်၏။ တဉ္စ။ထိုမမွေ့လျော်ခြင်းစသော အကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာစ။ အကြင်ရှေးဦးအစအားထုတ်ခြင်းအာ ရမ္ဘဓာတ်။ပျက်ခြင်းမှထွက်မြောက်ခြင်းနိက္ကမဓာတ်။ အဆင့်ဆင့် အားထုတ်ခြင်း ပရက္ကမဓာတ်၌ အသင့်နှလုံးသွင်းခြင်းဟူသော အ ကြောင်းကြောင့်လည်း။ဥပ္ပန္နဿ။[illegible]သော။ ထိနမိဒ္ဓဿ။ ထိနမိဒ္ဓကို။ ပဟာနံ။တဒင်္ဂဝိက္ခမ္ဘနအားဖြင့်ပယ်ခြင်းသည်။ ဟောတိ။ ၏။ တဉ္စ။ ထိုအာရမ္ဘစသောအကြောင်းကိုလည်း။ ပဇာနာတိ။သိ၏။ယထာ စ။အကြင် တဒင်္ဂဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ။ ပယ်အပ်ပြီး သော။ထိနမိဒ္ဓဿ။ထိနမိဒ္ဓ၏။အာယတိံ။နောင်အခါ၌။ အနုပ္ပါဒေါ။

အရဟတ္တမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုတ
ဘန်အသစ်မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။
မိမိသန္တာနန်၌။ သန္တံ ဝါ။ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်လည်းဖြစ်
သော။ ဥဒ္ဓစ္စကုက္ကုစ္စံ စိတ်၏ မငြိမ်သက်ခြင်း လက္ခဏာရှိသော
ဥဒ္ဓစ္စ။ ပြုပြီးဒုစ္စရိုက်မပြုမိသော သုစရိုက်၌ စိုးရိမ်ခြင်း လက္ခဏာရှိ
သောကုက္ကုစ္စကို။ မေ။ ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာနန်၌ ဥဒ္ဓစ္စ
ကုက္ကုစ္စံ။ သည်။ အတ္ထိ၊ ရှိ၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။
မိမိသန္တာနန်၌။ အသန္တံ ဝါ။ မပြတ်မဖြစ်ခြင်း ပယ်ခြင်းကြောင့် ထင်
ရှားမရှိသည်လည်းဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စံ။ ဥဒ္ဓစ္စကုက္ကုစ္စကို။ မေ။
ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာနန်၌။ ဥဒ္ဓစ္စကုက္ကုစ္စံ။ ဥဒ္ဓစ္စကုက္ကုစ္စ
သည်။ နတ္ထိ။ မရှိ။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်
စိတ်၏မငြိမ်သက်သော အခြင်းအရာ မသင့်သော နှလုံးသွင်းခြင်း
ကြောင့်လည်း။ အနုပ္ပန္နဿ။ ဥပါဒ်သို့ မရောက်သော။ ဥဒ္ဓစ္စ
ကုက္ကုစ္စဿ။ ဥဒ္ဓစ္စကုက္ကုစ္စ၏။ ဥပ္ပါဒေါ။ ဥပါဒ်ခြင်းသည်။ ဟောတိ။
ဖြစ်၏။ တဉ္စ။ ထိုစိတ်၏မငြိမ်သက်သော အခြင်းအရာဟူသော အ
ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်စိတ်၏ငြိမ်
သက်ခြင်း အသင့်နှလုံးသွင်းခြင်း ဟူသော အကြောင်းကြောင့်
လည်း။ ဥပ္ပန္နဿ။ ဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စဿ။ ဥဒ္ဓစ္စကုက္ကုစ္စကို။ ပ
ဟာနံ။ တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။
တဉ္စ။ ထိုစိတ်၏ငြိမ်သက်ခြင်းဟူသော အကြောင်းကိုလည်း။ ပဇာ
နာတိ။ သိ၏။ ယထာ စ။ အကြင်တဒင်္ဂဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီ
နဿ။ ပယ်အပ်ပြီးသော။ ဥဒ္ဓစ္စကုက္ကုစ္စဿ။ ဥဒ္ဓစ္စကုက္ကုစ္စ၏။ အာယ
တိံ။ နောင်အခါ၌။ အနုပ္ပါဒေါ။ ဥဒ္ဓစ္စ၏အနာဂါမိမဂ်ဖြင့်မဖြစ်ခြင်း။
ကုက္ကုစ္စ၏ အရဟတ္တမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။
တဉ္စ။ ထိုတဘန် အသစ်မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။
အဇ္ဈတ္တံ။ မိမိသန္တာနန်၌။ သန္တံ ဝါ။ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်
လည်း ဖြစ်သော ဝိစိကိစ္ဆံ။ သို့လော သို့လော တွေးတောရွံ့ရှာ
သက်မကင်းယုံမှားခြင်းလက္ခဏာရှိသော ဝိစိကိစ္ဆာကို။ မေ။ ငါ

၏။အဇ္ဈတ္တံ။အတွင်းသန္တာန်၌။ ဝိစိကိစ္ဆာ။ အာရုံကို မဆုံးဖြတ်နိုင် ခြင်း။ဝိစိကိစ္ဆာသည်။ အတ္ထိ။ရှိ၏။ဣတိ။ဤသို့။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ အသန္တံဝါ။ မပြတ်မဖြစ်ခြင်း ပယ်ခြင်း ကြောင့် ထင်ရှားမရှိသည်လည်းဖြစ်သော။ ဝိစိကိစ္ဆံ။ ဝိစိကိစ္ဆာ ကို။မေ။ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ဝိစိကိစ္ဆာ။ ဝိစိကိစ္ဆာ သည်။နတ္ထိ။မရှိ။ဣတိ။ဤသို့။ပဇာနာတိ။ သိ၏။ ယထာစ။ အကြင် ရှေးရှေးဖြစ်သော ဝိစိကိစ္ဆာမသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။ အနုပ္ပန္နာယ။ ဥပါဒ်သို့ မရောက်သော။ ဝိစိကိစ္ဆာယ။ဝိစိကိစ္ဆာ၏။ ဥပ္ပါဒေါ။ ဥပါဒ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ထိုရှေးရှေးဖြစ်သော ဝိစိကိစ္ဆာဟူသော အကြောင်း ကိုလည်း။ပဇာနာတိ။သိ၏။ယထာစ။ အကြင်ကုသိုလ် အကုသိုလ် တရားစသည်၌အသင့်နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့် လည်း။ဥပ္ပန္နာယ။ဖြစ်သော။ဝိစိကိစ္ဆာယ။ ဝိစိကိစ္ဆာကို။ ပဟာနံ။ တဒင်္ဂဝိက္ခမ္ဘနအားဖြင့်ပယ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ၊ ထို ကုသိုလ် အကုသိုလ် တရားစသည်၌ အသင့်နှလုံးသွင်းခြင်း ဟူ သောအကြောင်းကိုလည်း။ပဇာနာတိ။သိ၏။ယထာစ။အကြင် တ ဒင်္ဂဝိက္ခမ္ဘန အားဖြင့်လည်း။ ပဟီနာယ။ ပယ်အပ်ပြီးသော။ ဝိစိ ကိစ္ဆာယ။ ဝိစိကိစ္ဆာ၏။ အာယတိံ။ နောင်အခါ၌။ အနုပ္ပါဒေါ။ သောတာပတ္တိမဂ်ဖြင့်မဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။တဉ္စ။ ထိုတ ဘန်အသစ်မဖြစ်ကြောင်းကိုလည်း။ပဇာနာတိ။သိ၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံ ဝါ။မိမိသန္တာန်၌လည်း။ဓမ္မေသု။ နီဝရဏတရားတို့၌။ ဓမ္မာ နုပဿီ။နီဝရဏတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ။ နေ၏။ဗဟိဒ္ဓါ ဝါ။အပသန္တာန်၌လည်း။ ဓမ္မေသု။ နီဝရဏတရားတို့ ၌။ဓမ္မာနုပဿီ။ နီဝရဏတရားကိုအဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိ ဟရတိ။ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ။ ရံခါမိမိသန္တာန်။ ရံခါအပ သန္တာန်၌မှုလည်း။ဓမ္မေသု။ နီဝရဏတရားတို့၌။ဓမ္မာနုပဿီ။ နီဝ ရဏတရားကိုအဘန်တလဲလဲ ရှုသည်ဖြစ်၍။ဝိဟရတိ။ နေ၏။ ဓမ္မေ သု။ နီဝရဏတရားတို့၌၊ သမုဒယဓမ္မာ နုပဿီ ဝါ။ သုဘအာရုံစ

သည်၌မသင့်သောနှလုံးသွင်းခြင်းစသောဖြစ်ကြောင်းသဘောကို အဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။နေ၏။ ဓမ္မေသု။ နီဝရဏတရားတို့၌။ ဝယဓမ္မာနုပဿီဝါ။ အသုဘအာရုံစသည်၌ သင့်သောနှလုံးသွင်းခြင်းစသော ပျက်စီးကြောင်း သဘောကို အဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ ဓမ္မေသု။ နီဝရဏတရားတို့၌။ သမုဒယဝယဓမ္မာ နုပဿီဝါ။ ဖြစ်ကြောင်းသဘော ပျက်စီးကြောင်းသဘောကိုအဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။နေ၏။ဓမ္မာ။ နီဝရဏတရားတို့သည်သာလျှင်။ အတ္ထိသန္တိ။ ရှိကုန်၏။ဣတိ။ဤသို့။အဿ။ထိုရဟန်း၏။သတိဝါပန။ သတိသည်မူလည်း။ပစ္စုပဋ္ဌိတာ။ရှေ့ရှုထင်သည်။ဟောတိ။ဖြစ်၏။ သာ။ ထိုနီဝရဏတရားကိုအောက်မေ့ခြင်းသတိသည်။ ယာဝဒေဝ။ အကြင်မျှလောက်။ဉာဏမတ္တာယ။ အဆင့်ဆင့် ဓမ္မာနုပဿနာ ဉာဏ်၏ပွါးခြင်းအတိုင်းအရှည်အကျိုးငှါလည်း။ ပဋိဿတိမတ္တာယ။ အဆင့်ဆင့်နီဝရဏတရားကိုအောက်မေ့ခြင်း။ သတိ၏ ပွါးခြင်းအတိုင်းအရှည်အကျိုးငှါလည်း။ဟောတိ။ဖြစ်၏။ သော။ ထိုရဟန်းသည်။ အနိဿိတောစ။နီဝရဏတရားကို တဏှာဒိဋ္ဌိအားဖြင့်မမှီမူ၍လည်း။ ဝိဟရတိ။ နေ၏။ လောကေ။ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ။တစုံတခုသောတရားကို။အတ္တာတိဝါ။ ငါအစိုးရသောကိုယ်ဟူ၍ဒိဋ္ဌိအားဖြင့်၎င်း။အတ္တနိယန္တိဝါ။ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်၎င်း။နစဥပါဒိယတိ။မစွဲလမ်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝံပိခေါ။ ဤသို့လည်း။ဘိက္ခု။ရဟန်းသည်။ပဉ္စသု။ ငါးပါးကုန်သော။ နီဝရဏေသု။ နီဝရဏဖြစ်ကုန်သော။ ဓမ္မေသု။တရားတို့၌။ ဓမ္မာနုပဿီ။ နီဝရဏတရားကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ ။

ဥဂ္ဂဟောဘာဝနာဂုတ္တံ။ မတ္တညုတာသုမိတ္တတာ။ သပ္ပါယကထာဆဓမ္မာ။ကာမစ္ဆန္ဒပဟာယိနော။ ။ဥဂ္ဂဟော။ ဆယ်ပါးသော အသုဘနိမိတ်ကိုယူခြင်း၎င်း။ ဘာဝနာ။ အသုဘသညာကို ပွါးစေခြင်း၎င်း။ဂုတ္တံ။ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော ဒွါရရှိသည်၏ အဖြစ်၎င်း။မတ္တညုတာ။ဘောဇဉ်၌အတိုင်းအရှည်ကို သိသည်၏ အ

ဖြစ်ရင်း။ သုမိတ္တတာ။ အသုဘကိုပွါးစေခြင်း၌ မွေ့လျော်သော အဆွေခင်ပွန်းကောင်းရှိသည့်၏အဖြစ်ရင်း။ သပ္ပါယကထာ။ ရပ်ခြင်းထိုင်ခြင်းစသည့်တို့၌ အသုဘ၌မှီသော လျောက်ပတ်သောစကားရှိသည့်၏အဖြစ်ရင်း။ ဣတိ။ ဤသို့။ ဆဓမ္မာ။ ခြောက်ပါးကုန်သောတရားတို့သည်။ ကာမစ္ဆန္ဒပဟာယိနော။ ကာမစ္ဆန္ဒကို ပယ်တတ်ကုန်၏။ ။ဥဂ္ဂဟေဘာဝနာပေက္ခာ။ ပဋိသံခါသုမိတ္တတာ။ သပ္ပါယကထာဆဓမ္မာ။ ဗျာပါဒဿပဟာယကာ။ ။ဥဂ္ဂဟေ၌။ ဩဓိသကမေတ္တာစသည်ကိုယူခြင်း။ ဘာဝနာ၌။ မေတ္တာကို ပွါးစေခြင်း အပေက္ခာ။ ကံသာလျှင် ဥစ္စာရှိ၏ဟုဆင်ခြင်ခြင်း။ ပဋိသံခါ။ ထိုသို့ဆင်ခြင်ခြင်း၌ တည်ခြင်း။ သုမိတ္တတာ။ မေတ္တာကို ပွါးစေခြင်း၌ မွေ့လျော်သော အဆွေခင်ပွန်းကောင်းရှိသည့်အဖြစ်။ သပ္ပါယကထာ။ ရပ်ခြင်းထိုင်ခြင်းစသည့်တို့၌ မေတ္တာ၌မှီသော လျောက်ပတ်သောစကားရှိသည့်၏အဖြစ်။ ဣတိ။ ဤသို့။ ဆဓမ္မာ။ ခြောက်ပါးသောတရားတို့သည်။ ဗျာပါဒဿ။ ဒေါသကို။ ပဟာယကာ။ ပယ်တတ်ကုန်၏။ ။မိတာဟာရိရိယာလောကော။ အဗ္ဘောကာသော သုမိတ္တတာ။ သပ္ပါယကထာဆဓမ္မာ။ ထိနမိဒ္ဓပဟာယိနော။ ။မိတာဟာရေ။ အာဟာရ၌အတိုင်းအရှည်ကိုယူခြင်း။ ဣရိယာ။ ထိနမိဒ္ဓဖြစ်သော ဣရိယာပုထ်မှတပါးသော ဣရိယာပုထ်သို့ ပြောင်းခြင်း။ အာလောကော။ အရောင်အသင်းကိုနှလုံးသွင်းခြင်း။ အဗ္ဘောကာသော။ ဟင်းလင်းအပြင် လွင်အရပ်၌နေခြင်း။ သုမိတ္တတာ၊ ပယ်အပ်ပြီးသော ထိနမိဒ္ဓရှိသော အဆွေခင်ပွန်းကောင်း ရှိသည့်၏အဖြစ်။ သပ္ပါယကထာ။ ရပ်ခြင်းထိုင်ခြင်းစသည်၌ ဓုတင်၌မှီသောလျောက်ပတ်သောစကားကိုဆိုခြင်း။ ဣတိ။ ဤသို့။ ဆဓမ္မာ။ ခြောက်ပါးသော တရားတို့သည်။ ထိနမိဒ္ဓပဟာယိနော။ ထိနမိဒ္ဓကိုပယ်တတ်ကုန်၏။ ။သုတံပုစ္ဆာဝိနယညူ။ ဗုဒ္ဓသေဝီသုမိတ္တတာ။ သပ္ပါယကထာဆဓမ္မာ။ ဥဒ္ဓစ္စာဒိပဟာယကာ။ ။သုတံ။ အကြားအမြင် များခြင်း။ ပုစ္ဆာ။ အပ်မအပ်ကို မေးမြန်းခြင်း၏ များခြင်း။ ဝိနယညူ။ ဝိနည်း၌လိမ္မာခြင်း။ ဗုဒ္ဓသေဝီ။ သီတင်းကြီးကိုမှီဝဲ

ခြင်း။ သုမိတ္တတာ။ ဝိနည်းတတ်သော အဆွေခင်ပွန်းကောင်း ရှိခြင်း။ သပ္ပါယကထာ။ ရပ်ခြင်း ထိုင်ခြင်းစသည်၌ အပ်မအပ်ကိုမှီသောလျောက်ပတ်သော စကားကိုဆိုခြင်း။ဣတိ။ ဤသို့ ဆခမ္မာ။ ခြောက်ပါးသော တရားတို့သည်။ ဥဒ္ဓစ္စာဒိ ပဟာယိကာ။ ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်တတ်ကုန်၏။ ။သုတံ ပုစ္ဆာဝိနယညု။ အဓိမောက္ခာသုမိတ္တတာ။ သပ္ပါယထာဆဓမ္မာ။ ဝိစိကိစ္ဆာ ပဟာယကာ။ ။သုတံ။အကြားအမြင်များခြင်း။ ပုစ္ဆာ။ ရတနာသုံးပါးကိုအကြောင်းပြု၍မေးမြန်းခြင်း။ဝိနယညု။ ဝိနည်း၌လိမ်မာခြင်း။ အဓိမောက္ခာ။ ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုခြင်း။ သုမိတ္တတာ။ သဒ္ဓါတရားရှိသော အဆွေခင်ပွန်းကောင်း ရှိသည်၏အဖြစ် သပ္ပါယကထာ။ရပ်ခြင်းထိုင်ခြင်းစသည်၌ ရတနာသုံးပါးဂုဏ်၌ မှီသောလျောက်ပတ်သောစကားကိုဆိုခြင်း။ ဣတိ။ ဤသို့။ဆဓမ္မာ။ ခြောက်ပါးသောတရားတို့သည်။ ဝိစိကိစ္ဆာပဟာယကာ။ ယုံမှားခြင်းကိုပယ်တတ်ကုန်၏။ ။နီဝရဏကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ။ ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ။နိရောဓသစ္စာကို အာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ။နီဝရဏပဗ္ဗံ။ နီဝရဏအားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။နိဋ္ဌိတံ။ပြီးပြီ။

---

ခန္ဓပဗ္ဗ၊ဥပါဒါနက္ခန္ဓာငါးပါးအားဖြင့်ရှုရာ
သောအပိုင်း။

(၁၁) ဘိက္ခဝေ။ရဟန်းတို့။ ပုန စ။ တဘန်လည်း။ အပရံ။ တပါး တုံ။ ဘိက္ခု။ ရဟန်းသည်။ပဉ္စသု။ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော။ ဓမ္မေသု။ တရားတို့၌။ ဓမ္မာနုပဿီ။ ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ။နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။ က

ထဇ္ဇ။ အသို့လျှင်။ ဘိက္ခု။ ရဟန်းသည်။ ပဇ္ဇာသု။ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု။ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော။ ဓမ္မေသု။ တရားတို့၌။ ဓမ္မာနုပဿီ။ ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ။ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ ရူပံ။ ရူပက္ခန္ဓာကား။ ဣတိဧတ္တကံ ဣတိဧဝံဇာတိကံ။ ဤမျှနှစ်ဆဲ့ရှစ်ပါး။ ဤသို့ဖောက်ပြန်ခြင်း သဘောရှိ၏။ ရူပဿ။ ရူပက္ခန္ဓာ၏။ သမုဒယော။ ဖြစ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှအဝိဇ္ဇာတဏှာကံအာဟာရဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည် ရှိ၏။ ရူပဿ။ ရူပက္ခန္ဓာ၏။ အတ္ထင်္ဂမော။ ချုပ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှအဝိဇ္ဇာတဏှာကံအာဟာရ ချုပ်ခြင်းပျက်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည်ရှိ၏။ ဝေဒနာ။ ဝေဒနာက္ခန္ဓာကား။ ဣတိဧတ္တကာ ဣတိဧဝံဇာတိကာ။ ဤမျှသုံးပါး။ ဤသို့ခံစားခြင်းသဘောရှိ၏။ ဝေဒနာယ။ ဝေဒနာက္ခန္ဓာ၏။ သမုဒယော။ ဖြစ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှအဝိဇ္ဇာတဏှာကံဖဿဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ ဝေဒနာယ။ ဝေဒနာက္ခန္ဓာ၏။ အတ္ထင်္ဂမော။ ချုပ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှ အဝိဇ္ဇာတဏှာကံဖဿချုပ်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည်ရှိ၏။ သညာ။ သညာက္ခန္ဓာကား။ ဣတိဧတ္တကာ ဣတိဧဝံဇာတိကာ။ ဤမျှရူပသညာစသောအားဖြင့် ခြောက်ပါး။ ဤသို့ ရူပါရုံ စသည်ကို မှတ်ခြင်း သဘော ရှိ၏။ သညာယ။ သညာက္ခန္ဓာ၏။ သမုဒယော။ ဖြစ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှ အဝိဇ္ဇာတဏှာကံဖဿဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည် ရှိ၏။ သညာယ။ သညာက္ခန္ဓာ၏။ အတ္ထင်္ဂမော။ ချုပ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှ အဝိဇ္ဇာတဏှာကံဖဿ ချုပ်ခြင်း ပျက်ခြင်း လက္ခဏာ အားဖြင့် ငါးပါး အတိုင်းအရှည် ရှိ၏။ သင်္ခါရာ။ သင်္ခါရက္ခန္ဓာတို့ကား။ ဣတိဧတ္တကာ ဣတိဧဝံဇာတိကာ။ ဤမျှငါးဆယ်။ ဤသို့ပြုပြင်ခြင်း သဘောရှိကုန်၏။ သင်္ခါ

ရာနံ။သင်္ခါရက္ခန္ဓာတို့၏။သမုဒယော ဖြစ်ကြောင်းကား။ ဣတိ ဧတ္တ ကော။ ဤမျှ အဝိဇ္ဇာတဏှာကံဖဿ ဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ဖြစ်၏။သင်္ခါရာနံ။သင်္ခါရက္ခန္ဓာတို့၏။အတ္ထင်္ဂ မော။ချုပ်ကြောင်းကား။ ဣတိဧတ္တကော။ ဤမျှအဝိဇ္ဇာတဏှာကံ ဖဿချုပ်ခြင်း ပျက်ခြင်း လက္ခဏာ အားဖြင့် ငါးပါးအတိုင်း အ ရှည်ရှိ၏။ ဝိညာဏံ။ ဝိညာဏက္ခန္ဓာကား။ ဣတိဧတ္တကံ ဣတိဧဝံ ဇာတိကံ။ ဤမျှ လောကီစိတ် ရှစ်ဆဲ့တခု။ ဤသို့ အာရုံကိုသိခြင်း သဘောရှိ၏။ ဝိညာဏဿ။ ဝိညာဏက္ခန္ဓာ၏။ သမုဒယော ဖြစ် ကြောင်းကား။ ဣတိဧတ္တကော။ဤမျှအဝိဇ္ဇာတဏှာကံ နာမ်ရုပ်ဖြစ် ခြင်းလက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည် ရှိ၏။ ဝိညာဏဿ။ ဝိညာဏက္ခန္ဓာ၏။ အတ္ထင်္ဂမော။ ချုပ်ကြောင်းကား။ ဣတိ ဧတ္တ ကော။ ဤမျှအဝိဇ္ဇာတဏှာကံနာမ်ရုပ် ချုပ်ခြင်း ပျက်ခြင်း လက္ခ ဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံ ဝါ။ မိမိသန္တာန်၌လည်း။ ဓမ္မေသု။ ဥပါဒါနက္ခန္ဓာ တရားတို့၌။ ဓမ္မာနု ပဿီ။ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟ ရတိ။နေ၏။ ဓမ္မေသု။ ဥပါဒါနက္ခန္ဓာ တရားတို့၌။ သမုဒယဓမ္မာနု ပဿီ ဝါ။ အဝိဇ္ဇာစသော ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ဝိဟရတိ။နေ၏။ ဓမ္မေသု။ ဥပါဒါနက္ခန္ဓာတရား တို့၌။ ဝယဓမ္မာနုပဿီ ဝါ။ အဝိဇ္ဇာ၏ ချုပ်ခြင်း စသော ပျက်စီး ကြောင်းသဘောကို အဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ဝိဟရတိ။ နေ၏။ ဓမ္မေသု။ ဥပါဒါနက္ခန္ဓာ တရားတို့၌။ သမုဒယဝယဓမ္မာနု ပဿီ ဝါ။ဖြစ်ကြောင်းသဘော ပျက်ကြောင်းသဘောကိုအဘန်တ လဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ဓမ္မာ။ ဥပါဒါနက္ခန္ဓာတ ရားတို့သည်သာလျှင်။ အတ္ထိ သတ္တ။ ရှိကုန်၏။ ဣတိ။ ဤသို့။အဿ။ ထိုရဟန်း၏။သတိ ဝါ ပန။သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ။ ရှေ့ရှု ထင်သည်။ ဟောတိ။ ဖြစ်၏။ သာ။သိုဥပါဒါနက္ခန္ဓာကိုအောက်မေ့ ခြင်းသတိသည်။ ယာဝဒေဝ။ အကြင်မျှသောသော။ ဉာဏမတ္တာ ယ။ အဆင့်ဆင့် ဓမ္မာနုပဿနာ ဉာဏ်၏ပွါးခြင်း အတိုင်းအရှည်

အကျိုး၌ါရင်း။ ပဋိဿတိမတ္တာယ။ အဆင့်ဆင့် ဥပါဒါနက္ခန္ဓာကို
အောက်မေ့ခြင်း သတိ၏ ပွါးခြင်း အတိုင်း အရှည် အကျိုး၌ါရင်း။
ယာဝတိ။၏။ သော။ ထိုရဟာန်းသည်။ အနိဿိတော စ။ ဥပါဒါ
နက္ခန္ဓာကို တဏှာဒိဋ္ဌိ အားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ။ နေ၏။
လောကေ။ဥပါဒါနက္ခန္ဓာဟူသောလောက၌။ကိဉ္စိ။ တစုံတရသော
တရားကို။ အတ္တာတိ ဝါ။ ငါ၊အစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်
၎င်း။ အတ္တနိယန္တိ ဝါ။ ငါ၏ဥစ္စာဟူ၍တဏှာအားဖြင့်၎င်း။ န စ ဥပါ
ဒိယတိ။မစွဲလမ်း။ ဘိက္ခဝေ။ ရဟာန်းတို့။ ဧဝံပိ ခေါ။ ဤသို့လည်း။
ဘိက္ခု။ ရဟာန်းသည်။ပဉ္စသု။ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု။
ဥပါဒါန်၏အာရုံဖြစ်သောခန္ဓာဟုဆိုအပ်ကုန်သော။ခန္ဓေသု။တရား
တို့၌။ဓမ္မာနုပဿီ။ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်
ဖြစ်၍။ ဝိဟရတိ။ နေ၏။ ။ရူပက္ခန္ဓာ၏ဖြစ်ကြောင်း အဝိဇ္ဇာတ
ဏှာကံအာဟာရဟူ၍လေးပါး။ မိမိ၏ ဖြစ်ခြင်းလက္ခဏာအားဖြင့်
ငါးပါးတည်း။ ချုပ်ခြင်း၌လည်း။ အဝိဇ္ဇာ၏ချုပ်ခြင်း စသည်ဖြင့်
လေးပါး။မိမိ၏ချုပ်ခြင်းလက္ခဏာအားဖြင့် ငါးပါးတည်း။ ဝေဒနာ
သညာသင်္ခါရက္ခန္ဓာ၏ ဖြစ်ကြောင်းကား။ အဝိဇ္ဇာတဏှာကံဖဿ
ဟူ၍လေးပါး။ မိမိ၏ဖြစ်ခြင်း လက္ခဏာ အားဖြင့် ငါးပါး တည်း။
ဝိညာဏက္ခန္ဓာ၏ဖြစ်ကြောင်းကား။ အဝိဇ္ဇာတဏှာကံ နာမ်ရုပ်ဟူ
၍လေးပါး။ မိမိ၏ဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါးတည်း။ ဝေဒ
နာက္ခန္ဓာစသည်၏ ချုပ်ကြောင်း၌လည်းနည်းတူပင်။ ။အဝိဇ္ဇာတ
ဏှုပါဒါနံ။ ကမ္မံဟေတုစတုဗ္ဗိဓော။ တေသံရူပကာယဿ။ အာ
ဟာရောပစ္စယောဘဝေ။ ။ဇနကောဟေတု အက္ခာတော။ ပစ္စ
ယောအနုပါလကော။ တေတုကိုရသဝိဇ္ဇာနံ။ ပစ္စယာပထဝါဒ
ယော။ ။ဣတိမေပဉ္စဓမ္မာပိ ဟေတုပစ္စယတံဂတာ။ အဝိဇ္ဇာဒ
ယောတယောတဿ။ မာတာဝဥပနိဿယာ။ ။ဇနကံပနကမ္မန္တံ၊
ပုတ္တဿဟိပိတာဝိယ။ ဓာတိဝိယကုမာရဿ။ အာဟာရောပစ္စ
ယောဘဝေ။ အဝိဇ္ဇာ။အဝိဇ္ဇာရင်း။ တဏှာ။တဏှာရင်း။ ဥပါဒါ
နံ။ဥပါဒါန်ရင်း။ကမ္မံ။ ကံရင်း။ ဣတိ။သို့။ တေသံရူပကာယဿ။ထို

ရူပကာယဿ၏။ ဟေတု။ ဖြစ်စေတတ်သောအကြောင်းသည်။ စတုဗ္ဗိ
ဓော။ လေးပါးအပြားရှိ၏။ အာဟာရော။ ခဲဘွယ်ဘောဇဉ်ဖြစ်တည်
သောအာဟာရဖြစ်သည်။ ပစ္စယော။ ထောက်ပင့်တတ်သောအ
ကြောင်းသည်။ ဘဝေ။ ဖြစ်၏။ ။ဇနကော။ ဖြစ်စေတတ်သောအ
ကြောင်းကို။ ဟေတု။ ဟေတုအကြောင်းဟူ၍။ အက္ခာတော။ ဆို
အပ်၏။ အနုပါလကော။ စောင့်ရှောက်တတ်သောအကြောင်းကို။
ပစ္စယော။ ပစ္စယအကြောင်းဟူ၍။ အက္ခာတော။ ဆိုအပ်၏။ [illegible]တု။ ဥ
ပမေယ်ည်သည်ကား။ ဗီဇံ။ မျိုးစေ့သည်။ အင်္ကုရဿ။ အညွန့်၏။
ဟေတု။ ဟေတုအကြောင်းဖြစ်သကဲ့သို့။ ပထဝါဒယော။ ပထဝီရ
သစသည်တို့သည်။ ပစ္စယာ။ ပစ္စယအကြောင်း ဖြစ်ကုန်သကဲ့သို့
တည်း။ ဣတိ။ ဤသို့။ အဝိဇ္ဇာဒယော။ အဝိဇ္ဇာအစရှိကုန်သော။ ဣမေ
ပဉ္စဓမ္မာဟိ။ ဤငါးပါးသောတရားတို့သည်သာလျှင်။ ဟေတုပစ္စယ
တ်။ ဟေတုအကြောင်း။ ပစ္စယအကြောင်း၏အဖြစ်သို့။ ဂတာ။ ရောက်
ကုန်၏။ တတ္ထ။ ထိုအကြောင်းတရားငါးပါးတို့တွင်။ အဝိဇ္ဇာဒယော။
အဝိဇ္ဇာ အစရှိကုန်သော။ တယော။ သုံးပါးကုန်သော တရားတို့
သည်။ မာတာဝ။ အမိကဲ့သို့။ ဥပနိဿယာ။ မှီရာဖြစ်၍ကျေးဇူးပြု
တတ်သောပစ္စယအကြောင်းမည်ကုန်၏။ ဟိ။ သို့မှတ်ပါး။ ဇနကံပ
နကမ္မံ။ ဖြစ်စေတတ်သောကံသည်ကား။ ပုတ္တဿ။ သားကို။ ဇန
ကော။ ဖြစ်စေတတ်သော။ ပိတာဝိယ။ အဘကဲ့သို့။ ဇနကော။ ဖြစ်
စေတတ်သော။ ဟေတု။ ဟေတုအကြောင်းသည်။ ဘဝေ။ ၏။ ကု
မာရဿ။ သူငယ်ကို။ အနုပါလိကာ။ စောင့်ရှောက်တတ်သော။
ဓာတီဝိယ။ အထိန်းကဲ့သို့။ အာဟာရော။ အစာအာဟာရသည်။
ပစ္စယော။ စောင့်ရှောက်ထောက်ပင့်တတ်သောပစ္စယအကြောင်း
သည်။ ဘဝေ။ ဖြစ်၏။ ခန္ဓာငါးပါးကိုသိမ်းဆည်းတတ်သောသတိ
သည်ဒုက္ခသစ္စာ။ ထိုဒုက္ခကိုဖြစ်စေတတ်သောတဏှာသည် သမု
ဒယသစ္စာ။ ထိုသစ္စာနှစ်ပါး၏မဖြစ်ရာနိဗ္ဗာန်သည်နိရောဓသစ္စာ။ နိ
ရောဓသစ္စာကိုအာရုံပြုသောမဂ္ဂင်ရှစ်ပါးသည်မဂ္ဂသစ္စာမည်၏။ ။
ခန္ဓပဗ္ဗံ။ ခန္ဓာအားဖြင့်နှလုံးသွင်းရာသောအပိုင်းသည်။ နိဋ္ဌိတံ။ ပြီးပြီ။

## အာယတနပဗ္ဗ။ အာယတနခြောက်ပါးအားဖြင့် ရှုရာသောအပိုင်း။

(၁၂) ဘိက္ခဝေ။ရဟန်းတို့။ ပုန စ။တဖန်လည်း။ အပရံ။တပါးတုံ။ဘိက္ခု။ရဟန်းသည်။ ဆသု။ခြောက်ပါးကုန်သော။အဇ္ဈတ္တိကဗာဟိရေသု။အတွင်းသန္တာန်အပသန္တာန်၌ ဖြစ်ကုန်သော။အာယတနေသု။အာယတနဖြစ်ကုန်သော။ ဓမ္မေသု။တရားတို့၌။ ဓမ္မာနုပဿီ။ အာယတနတရားကို အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ဘိက္ခဝေ။ရဟန်းတို့။ ကထဉ္စ။အသို့လျှင်။ ဘိက္ခု။ရဟန်းသည်။ ဆသု။ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကဗာဟိရေသု။ အတွင်းသန္တာန်အပသန္တာန်၌ဖြစ်ကုန်သော၊အာယတနေသု။အာယတနဖြစ်ကုန်သော။ ဓမ္မေသု။ တရားတို့၌။ ဓမ္မာနုပဿီ။အာယတနတရားကို အဖန်ဖန် ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။စက္ခုဉ္စ။စက္ခုပသာဒကိုလည်း။ပဇာနာတိ။သိ၏။ ရူပေ စ။ရူပါရုံကိုလည်း။ ပဇာနာတိ။သိ၏။တဒုဘယံ။ ထိုစက္ခုပသာဒရူပါရုံနှစ်ပါးကို။ ပဋိစ္စ။စွဲ၍။ ယဉ္စ သံယောဇနံ။အကြင်ကာမရာဂစသောသံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ တဉ္စ။ထိုသံယောဇဉ်ဆယ်ပါးကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်မသင့်သောနှလုံးသွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ။ မဖြစ်သေးသော။ သံယောဇနဿ။ သံယောဇဉ်၏။ ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။ ဟောတိ။ဖြစ်၏။ တဉ္စ။ထိုသံယောဇဉ်ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာ စ။ အကြင်သင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ။ဖြစ်သော။ သံယောဇနဿ။ သံယောဇဉ်ကို။ ပဟာနံ။ ဘဒင်္ဂဝိက္ခမ္ဘနအားဖြင့်ပယ်ခြင်းသည်။ ဟောတိ။ဖြစ်၏။ တဉ္စ။ ထိုသံယောဇဉ်ကိုပယ်ကြောင်းကိုလည်း။ ပဇာနာတိ။သိ၏။ ယထာ စ။ အကြင်တဒင်္ဂဝိက္ခမ္ဘနအားဖြင့်။ ပဟီနဿ။ ပယ်အပ်ပြီးသော။ သံယောဇနဿ။ သံယောဇဉ်၏။ အာယတိံ။ နောင်အခါ၌။ အနုပ္ပါ

ဒေါ။ မဂ်ဖြင့်မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုနောင်တဘန်မဖြစ်ကြောင်းဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ။သိ၏။သောတဉ္စ။သောတပသာဒကိုလည်း။ပဇာနာတိ။သိ၏။ သဒ္ဒေစ။ သဒ္ဒါရုံကိုလည်း။ ပဇာနာတိ။သိ၏။ တဒုဘယံ။ထိုသောတပသာဒသဒ္ဒါရုံနှစ်ပါးကို။ ပဋိစ္စ။စွဲ၍။ ယဉ္စသံယောဇနံ။အကြင်ကာမရာဂစသောသံယောဇဉ် ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တဉ္စ။ ထိုသံယောဇဉ်ကိုလည်း။ပဇာနာတိ။ သိ၏။ ဃာနဉ္စ။ ဃာနပသာဒကိုလည်း။ ပဇာနာတိ။ သိ၏။ ဂန္ဓေစ။ ဂန္ဓာရုံကိုလည်း။ ပဇာနာတိ။ သိ၏။ တဒုဘယံ။ ထိုဃာနပသာဒ ဂန္ဓာရုံ နှစ်ပါးကို။ ပဋိစ္စ။ စွဲ၍။ ယဉ္စသံယောဇနံ၊ အကြင် ကာမရာဂ စသော သံယောဇဉ် ဆယ်ပါးသည်။ဥပ္ပဇ္ဇတိ။ဖြစ်၏။ တဉ္စ။ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ။ သိ၏။ ဇိဝှဉ္စ။ဇိဝှါပသာဒကိုလည်း။ ပဇာနာတိ။ သိ၏။ ရသေစ။ရသာရုံကိုလည်း။ပဇာနာတိ။သိ၏။တဒုဘယံ။ ထိုဇိဝှါပသာဒရသာရုံနှစ်ပါးကို။ပဋိစ္စ။စွဲ၍။ ယဉ္စသံယောဇနံ။အကြင်ကာမရာဂစသောသံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ တဉ္စ။ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ။သိ၏။ကာယဉ္စ။ကာယပသာဒကိုလည်း။ ပဇာနာတိ။၏။ ဖောဋ္ဌဗ္ဗေစ။ဖောဋ္ဌဗ္ဗာရုံကိုလည်း။ ပဇာနာတိ။သိ၏။ တဒုဘယံ။ထိုကာယပသာဒဖောဋ္ဌဗ္ဗာရုံနှစ်ပါးကို။ ပဋိစ္စ။စွဲ၍။ယဉ္စသံယောဇနံ။ အကြင် ကာမရာဂစသော သံယောဇဉ် ဆယ်ပါးသည်။ဥပ္ပဇ္ဇတိ။ဖြစ်၏။တဉ္စ။ ထိုသံယောဇဉ်ကိုလည်း။ ပဇာနာတိ။ သိ၏။မနဉ္စ။မနာယတနကိုလည်း။ပဇာနာတိ။သိ၏။ ဓမ္မေစ။ဓမ္မာရုံကိုလည်း။ ပဇာနာတိ။သိ၏။ တဒုဘယံ။ ထိုမနာယတနဓမ္မာရုံနှစ်ပါးကို။ပဋိစ္စ။စွဲ၍။ ယဉ္စသံယောဇနံ။ အကြင်ကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ တဉ္စ။ထိုသံယောဇဉ်ကိုလည်း။ပဇာနာတိ။သိ၏။ ယထာစ။အကြင်မသင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ။ မဖြစ် သေးသော။ သံယောဇနဿ။ သံယောဇဉ်၏။ ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုသံယောဇဉ်ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။သိ၏။ ယ

ထာဝ။ အကြင်သင့်သောနှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ။
သော။ သံယောဇနဿ။သံယောဇဉ်ကို။ ပဟာနံ။ တဒင်္ဂဝိက္ခမ္ဘန
အားဖြင့် ပယ်ခြင်းသည်။ ဟောတိ။ ၏။ တဉ္စ။ ထိုသံယောဇဉ်ကို
ပယ်ကြောင်းကိုလည်း။ ပဇာနာတိ။သိ၏။ ယထာစ။ အကြင်တဒင်္ဂ
ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ။ပယ်အပ်ပြီးသော။ သံယောဇ
နဿ။သံယောဇဉ်၏။ အာယတိံ။နောင်အခါ၌။ အနုပ္ပါဒေါ။မဂ်ဖြင့်
မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုနောင်တဖန် မဖြစ်
ကြောင်းမဂ်ကိုလည်း။ ပဇာနာတိ။သိ၏။ ဣတိ။ဤသို့။ အဇ္ဈတ္တံ ဝါ။
မိမိသန္တာန်၌လည်း။ ဓမ္မေသု။အာယတနတရားတို့၌။ ဓမ္မာနုပဿီ။
အာယတနတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ
၏။ဓမ္မေသု။အာယတနတရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ။ စက္ခာ
ယတနစသည်၏ဖြစ်ကြောင်းဖြစ်သော။ အဝိဇ္ဇာစသော တရားကို
အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ဝိဟရတိ။၏။ ။စက္ခုသည်သ
သမ္ဘာရစက္ခု။ပသာဒစက္ခုဟူ၍နှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင်မျက်
ကွင်းရိုးဖြင့် ပိုင်းခြားအပ်သော အသားစိုင်သည် သသမ္ဘာရစက္ခု
မည်၏။ ထိုသသမ္ဘာရစက္ခု၏အလယ်၌ဝါဂွမ်းစိုင်ဝယ် ဆီပေါက်
ကဲ့သို့ မျက်လွှာခုနစ်ထပ်နှံ့၍ တည်သော ပရမာနုမြူ ဖွဲ့လောက်
သော ပသာဒရုပ်သည် စက္ခုပသာဒမည်၏။ သောတ စသည်တို့
သည်လည်း။သသမ္ဘာရပသာဒဟူ၍နှစ်ပါးစီချည်းပြားကုန်၏။ထို
အပြားတို့တွင်နားပေါက်အတွင်း။ လက်စွပ်ကွင်းသဏ္ဌာန်အသား
စိုင်၌ နီသောအဆင်းရှိသော အမွေးကိုမှီ၍ သောတပသာဒ တည်
၏။ နှာခေါင်းအတွင်း ဆိတ်ခွါသဏ္ဌာန်ရှိသောအရပ်၌ ဃာနပသာဒ
တည်၏။ လျှာ၏အလယ် ကြာရွက်ဖျားမျှလောက်သော အရပ်၌
ဇိဝှါပသာဒတည်၏။ ဝါဂွမ်းစိုင်၌ဆီကဲ့သို့ တကိုယ်လုံး၌ ကာယ
ပသာဒတည်၏။ ဟဒယဝတ္ထုရုပ်အတွင်းနှလုံးသွေး၌ မနာယတန
တည်၏။ ဤစက္ခုစသောအဇ္ဈတ္တိကာယတနခြောက်ပါး၌ ရူပါရုံစ
သော ဗာဟိရာယတနခြောက်ပါး ထင်သည်ကိုစွဲ၍ဖြစ်သော သံ
ယောဇဉ်ကား။ ကာမရာဂသံယောဇဉ်။ ပဋိဃ။ မာန။ ဒိဋ္ဌိ။ ဝိစိ

ကိစ္စာ၊ သီလဗ္ဗတ ပရာမာသ၊ ဘဝရာဂ၊ ဣဿာ၊ မစ္ဆရိယ၊ အဝိဇ္ဇာ သံယောဇဉ်ဟူ၍ ဆယ်ပါးတည်း ထိုသံယောဇဉ်သည် အဘယ်သို့ဖြစ်သနည်းဟူမူ။ စက္ခုဒွါရ၌ ဣဋ္ဌဖြစ်သော ရူပါရုံ၊ သောတဒွါရ၌ဣဋ္ဌဖြစ်သော သဒ္ဒါရုံ၊ ဃာနဒွါရ၌ဣဋ္ဌဖြစ်သော ဂန္ဓာရုံ၊ ဇိဝှါဒွါရ၌ဣဋ္ဌဖြစ်သော ရသာရုံ၊ ကာယဒွါရ၌ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၊ မနောဒွါရ၌ဣဋ္ဌဖြစ်သော ဓမ္မာရုံထင်သည်ရှိသော် ထိုအာရုံကိုသာယာနှစ်သက်မက်မောသောသူအား။ ကာမရာဂ သံယောဇဉ် ဖြစ်၏ အနိဋ္ဌာရုံထင်သည်ရှိသော် အမျက်ထွက်သသူအား။ ပဋိဃသံယောဇဉ်။ ဤကဲ့သို့ ဣဋ္ဌာရုံကိုရသသူအား ငါ့ပြင်မရှိ စသည်ဖြင့် ထောင်လွှားမှတ်ထင် အောက်မေ့သသူအား။ မာန သံယောဇဉ်။ ဤရူပါရုံစသည်မြဲ၏စသည်ဖြင့်ယူသသူအား။ ဒိဋ္ဌိသံယောဇဉ်။ ဤအာရုံကားသတ္တဝါဖြစ်လေသလော တွေးသောယုံမှားသသူအား။ ဝိစိကိစ္ဆာသံယောဇဉ်။ သမ္ပတ္တိဘဝ၌ ဤသို့သောအာရုံကိုမှလွယ်၏ဟုဘဝကို တောင့်တသသူအား။ ဘဝရာဂသံယောဇဉ်။ ဤသို့သောအလေ့အကျင့်ကို ဆောက်တည်၍ နောင်အခါလည်း ဤသို့သောဣဋ္ဌာရုံကိုရခြင်းငှါတတ်ကောင်း၏ဟု နွားခွေးစသည်တို့ အလေ့အကျင့်ကို ဆောက်တည်သသူအား။ သီလဗ္ဗတပရာမာသသံယောဇဉ်။ ဣဋ္ဌာရုံကို ငါမှတပါးအခြားသူမရပါစေလင့်ဟု ငြူစူသသူအား။ ဣဿာသံယောဇဉ်။ မိမိရသော စည်းစိမ်ချမ်းသာ အာရုံကို သူတပါးနှင့် မစပ်လို ဝန်တိုသသူအား။ မစ္ဆရိယသံယောဇဉ်ဖြစ်၏။ ကာမရာဂစသောသံယောဇဉ်နှင့် အတူတကွဖြစ်သော မောဟ၏အစွမ်းဖြင့် အဝိဇ္ဇာ သံယောဇဉ် ဖြစ်၏၊ ထိုသံယောဇဉ်တို့တွင်။ ဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသဣဿာမစ္ဆရိယ။ ဤသံယောဇဉ် ငါးပါးသည်သောတာပတ္တိမဂ်ဖြင့်နောင်တဘန်မဖြစ်ပြီ။ ရုန့်ရင်းသောကာမရာဂပဋိဃ သံယောဇဉ်နှစ်ပါးသည်။ သကဒါဂါမိမဂ်ဖြင့် နောင်အခါမဖြစ်။ သိမ်မွေ့သော ကာမရာဂ ပဋိဃ သံယောဇဉ်သည်။ အနာဂါမိမဂ်ဖြင့် နောင်အသစ်မဖြစ်။ မာနဘဝရာဂအဝိဇ္ဇာသံယောဇဉ်သုံးပါးသည်။ အရဟတ္တမဂ်ဖြင့် နောင်အ

သစ်မဖြစ်ပြီ။ ။အာယတနကိုသိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာ။ ထိုဒုက္ခကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ။ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ထိုနိရောဓကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ။ အာယတနပဗ္ဗံ။ အာယတန အားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။နိဋ္ဌိတံ။ပြီးပြီ။

---

## ဗောဇ္ဈင်္ဂပဗ္ဗ။ ဗောဇ္ဈင်ခုနှစ်ပါးဖြင့် ရှုရာသောအပိုင်း။

(၁၃) ဘိက္ခဝေ။ရဟန်းတို့။ပုန စ။တဖန်လည်း။အပရံ။ဘပါးတုံ။ဘိက္ခု။ရဟန်းသည်။သတ္တသု။ခုနှစ်ပါးကုန်သော။ဗောဇ္ဈင်္ဂေသု ဗောဇ္ဈင်ဖြစ်ကုန်သော။ဓမ္မေသု၊တရားတို့၌။ ဓမ္မာနုပဿီ။ ဗောဇ္ဈင်တရားကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။ကထဉ္စ။အဘယ်သို့လျှင်။ဘိက္ခု။ရဟန်းသည်။ သတ္တသု။ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု။ ဗောဇ္ဈင်ဖြစ်ကုန်သော။ဓမ္မေသု။ တရားတို့၌။ ဓမ္မာနုပဿီ။ ဗောဇ္ဈင်တရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ဝိဟရတိ။နေသနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။သန္တံ ဝါ။ရှိသည်ဖြစ်၍ ထင်ရှားရှိသည်လည်း ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ။ ကုသိုလ် တရားကို အောက်မေ့ တတ်သော သတိ သမ္ဗောဇ္ဈင်ကို။ မေ။ ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ။ သတိ သမ္ဗောဇ္ဈင်သည်။ အတ္ထိ။ ရှိ၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ အသန္တံ ဝါ။ မရှိသည်ဖြစ်၍ ထင်ရှားမရှိသည်လည်းဖြစ်သော၊ သတိသမ္ဗောဇ္ဈင်္ဂံ။သတိသမ္ဗောဇ္ဈင်ကို။ မေ။ ငါ၏။ အဇ္ဈတ္တံ။ မိမိသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ။သတိသမ္ဗောဇ္ဈင်သည်။နတ္ထိ။မရှိ။ဣတိ။ဤသို့။ ပဇာနာတိ။သိ၏။ ယထာ စ။ အကြင် အသင့်နှလုံး သွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ။ မဖြစ်

သေးသော။ သတိသမ္ဗောဇ္ဈင်္ဂဿ။ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုသတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကိုလည်း။ပဇာနာတိ။ သိ၏။ ယထာစ။ အကြင်အရဟတ္တမဂ်ကြောင့်လည်း။ ဥပ္ပန္နဿ။ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂဿ။ သတိသမ္ဗောဇ္ဈင်၏။ ဘာဝနာယ။ ပွါးခြင်းဖြင့်။ ပွါးခြင်းငှါ။ ပွါးခြင်း၏။ပါရိပူရိ။ပြည့်စုံခြင်းသည်။ဟောတိ။ ဖြစ်၏။ တဉ္စ။ ထိုအရဟတ္တမဂ်ကိုလည်း။ပဇာနာတိ။သိ၏။ သန္တံ ဝါ။ ရှိသည်ဖြစ်၍ ထင်ရှားရှိသည်လည်းဖြစ်သော။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ။ သဘော တရားကို စုံစမ်း ဆင်ခြင်တတ်သော ပညာ တည်း ဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။မေ။ ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ။ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ အတ္ထိ။ရှိ၏။ ဣတိ ဤသို့ပဇာနာတိ။ သိ၏။ သန္တံ ဝါ။ ရှိသည်ဖြစ်၍။ ထင်ရှားရှိသည်လည်းဖြစ်သော။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ။ ကုသိုလ်တရားကို အားထုတ်ခြင်းတည်းဟူသောဝီရိယသမ္ဗောဇ္ဈင်ကို။ ပီတိသမ္ဗောဇ္ဈင်္ဂံ။ ရတနာသုံးပါးဂုဏ်စသည်ကို နှစ်သက်ခြင်းတည်းဟူသော ပီတိသမ္ဗောဇ္ဈင်ကို။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ။ ကိုယ်စိတ်၏ ငြိမ်းခြင်း တည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ သမာဓိ သမ္ဗောဇ္ဈင်္ဂံ။ တည်ကြည်ခြင်းမပျံ့လွင့်ခြင်း တည်းဟူသော သမာဓိသမ္ဗောဇ္ဈင်ကို။ သန္တံ ဝါ။ရှိသည်ဖြစ်၍ ထင်ရှားရှိသည်လည်း ဖြစ်သော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ။ လျစ်လျူ ရှုခြင်းတည်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ မေ။ ငါ၏။အဇ္ဈတ္တံ။အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ဥပေက္ခာသမ္ဗောဇ္ဈင်သည်။ အတ္ထိ။ရှိ၏။ ဣတိ။ ဤသို့။ ပဇာနာတိ။ သိ၏။ အသန္တံ ဝါ။ မရှိသည် ဖြစ်၍ ထင်ရှား မရှိသည်လည်း ဖြစ်သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ။ဥပေက္ခာသမ္ဗောဇ္ဈင်ကို။မေ။ငါ၏။ အဇ္ဈတ္တံ။ အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ ဥပေက္ခာ သမ္ဗောဇ္ဈင်သည်။နတ္ထိ။မရှိ။ဣတိ။ဤသို့။ပဇာနာတိ။သိ၏။ယထာစ။ အကြင်အသင့် နှလုံးသွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ။ မဖြစ်သေးသော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ။ ဥပေက္ခာ သမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ။ ဖြစ်

ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဿ။ ထို ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။ ယထာစ။ အကြင်အရဟတ္တမဂ်ကြောင့်လည်း။ ဥပ္ပန္နဿ။ ဖြစ်သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ။ ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ဘာဝနာယ။ ပွါးခြင်းဖြင့်။ ပွါးခြင်းငှါ။ ပွါးခြင်း၏။ ပါရိပူရီ။ ပြည့်စုံခြင်းသည်။ ဟောတိ။ ၏။ တဉ္စ။ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ။ သိ၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံဝါ။ မိမိသန္တာန်၌လည်း။ ဓမ္မေသု။ ဗောဇ္ဈင်တရားတို့၌။ ဓမ္မာနုပဿီ။ ဗောဇ္ဈင်တရားကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု။ ဗောဇ္ဈင်တရားတို့၌။ သမုဒယဓမ္မာ နုပဿီဝါ။ ဖြစ်ကြောင်း သဘောကိုအဖန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ။ နေ၏။ ။ သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းကား။ အဘိက္ကန္တစသော ခုနှစ်ပါးသော အရာတို့၌ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်း၊ လွတ်သော သတိရှိသောသူကိုကြဉ်ခြင်း။ ထင်သောသတိရှိသောသူကိုမှီဝဲခြင်း။ ရပ်ခြင်းစသည်၌။ သတိကိုဖြစ်စေခြင်းငှါ။ ညွတ်ကိုင်းရှိုင်းဖွမ်းသော စိတ်ရှိခြင်းဟူ၍ လေးပါးတည်း။ ။သတိသမ္ပဇဉ်။ အမြဲယှဉ်၍။ ကြဉ်လေမုဋ္ဌ။ မှီရသတိမာ။ ဝိမုတ္တာဟု။ ။လေးဖြာ သတိ ပွါးကြောင်းတည်း။ ။ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား။ ခန္ဓာ အာယတနဓာတ် စသည်ကို မေးမြန်းဖန်များခြင်း။ ကိုယ်တွင်း ကိုယ်ပ၌ ဖြစ်သောဝတ္ထု၊ သန့်ရှင်း စင်ကြယ်ခြင်း။ သဒ္ဓါလွန်လျှင် ကွန့်သည်။ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင် ပြန့်သည်။ သမာဓိလွန်လျှင်တွန့်သည်။ သတိမူကား လွန်သည်မရှိ။ လိုသည်သာရှိသည်ဟူရကား။ သဒ္ဓါနှင့်ပညာ။ ဝီရိယနှင့်သမာဓိကို ညီစေခြင်း။ ပညာမဲ့ကိုကြဉ်ခြင်း။ ပညာရှိကိုယှဉ်ခြင်း။ နက်နဲသောခန္ဓာ စသည်၌ဖြစ်သော နက်နဲသောပညာအပြားကိုဆင်ခြင်ခြင်း။ ရပ်ခြင်းထိုင်ခြင်းစသည်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်စေခြင်းငှါ ညွတ်ကိုင်းရှိုင်းဖွမ်းသော စိတ်ရှိခြင်းဟူ၍ ခုနစ်ပါးတည်း။ ။ဖန်ဖန် မေးမှု။ ဝတ္ထုစင်စေ၊ ညှိစေမှု။ ဗာလကိုကြဉ်။ ဥာဏ်ရှိသှဉ်မှု။ ဆင်ခြင်နက်လှ။ ဝိမုတ္တာဟု။ ။ဥာဏပွါးကြောင်း ခုနစ်တည်း။ ။

ဝီရိယဖြစ်ကြောင်းကား အပါယ်ဘေးကို ဆင်ခြင်ခြင်း။ ဝီရိယ၏
အကျိုးကိုရှုမြင်ခြင်း။ ဘုရားစသော သူတော်ကောင်းတို့ သွားရာ
လမ်းခရီးသို့ လိုက်သင့်၏ဟု ဆင်ခြင်ခြင်း။ တရားကို အားထုတ်
ခြင်းဖြင့် **ဆွမ်း**ကိုပူဇော်ခြင်း။ သူတော်ကောင်းဥစ္စာ ဟူသော အ
မွေခံမြတ်သည်ကို ဆင်ခြင်ခြင်း။ ဘုရား၏မြတ်သည်၏ အဖြစ်ကို
ဆင်ခြင်ခြင်း။ ဘုရားသားတော်အဖြစ်တည်း ဟူသော အမျိုးမြတ်
သည်ကို ဆင်ခြင်ခြင်း။ သီတင်းသုံးဘော်မြတ်သည်ကို ဆင်ခြင်
ခြင်း။ ပျင်းရိသောသူကိုကြဉ်ခြင်း။ အားထုတ်အပ်သော ဝီရိယရှိ
သောသူကိုယှဉ်ခြင်း။ ရပ်ခြင်းစသည်၌ဝီရိယကိုဖြစ်စေခြင်း၌ညွတ်
ကိုင်းရှိုင်းဝှမ်းသော စိတ်ရှိခြင်းဟူ၍ တဆဲ့တပါးတည်း။ ။ပါယ်
ဘေးဆင်ခြင်။ မြင်သည်အကျိုး။လမ်းရိုးလိုက်ရာ။**ပိဏ္ဍာ**ပစယ။ ဒါ
ယဇ္ဇဟု။သတ္ထုမြတ်ဘိ။ ဇာတိမဟတ္တ။ သဗြဟ္မစာရီ။ မရှိ**လူ**ပျင်း။မှီ
တင်းအာရဒ္ဓ။ဝိမဇ္ဈဟု။ ။လုံ့လပွါးကြောင်းဆဲ့တစ်တည်း။ ။
ပီတိဖြစ်ကြောင်းကား။ ဗုဒ္ဓဓမ္မသံဃာ့သီလစာဂဒေဝတာ့ဥပသမာ
နုဿတိဟူ၍ အနုဿတိခုနစ်ပါး။ ဘုရားစသည်၌ ကြည်ညိုခြင်း။
သဒ္ဓါအစေးကင်း၍ ခြောက်သွေ့သော သူကို ကြဉ်ခြင်း။ သဒ္ဓါ
တရားများသောသူကို မှီဝဲခြင်း။ ကြည်ညိုဘွယ်သော သုတ္တန်ကို
ဆင်ခြင်ခြင်း။ ရပ်ခြင်းစသည်၌ ပီတိဖြစ်စေခြင်း**၌ ညွတ်**ကိုင်း
ရှိုင်းဝှမ်းသော စိတ်ရှိခြင်းဟူ၍ တဆဲ့တပါးတည်း။ ။သတ္တာ
နုဿတိ။ ကြည်ဘိ**လူ**ခံ။သိနိဒ္ဓကာ။ ပသာဒသုတ်။အမှီမှတ်ဟု။
မသုတ်ပီတိ ဆဲ့တစ်တည်း။ ။ပဿဒ္ဓိဖြစ်ကြောင်းကား မွန်မြတ်
သောဘောဇဉ်ကိုမှီဝဲခြင်း။ ချမ်းသာသောဥတုကိုမှီဝဲခြင်း။ ချမ်း
သာသောဣရိယာပုထ်ကို မှီဝဲခြင်း။ မိမိ၏ရင်း သူတပါး၏ရင်း ကံ
သာလျှင် ဥစ္စာရှိသည်ကိုဆင်ခြင်ခြင်း ။သူတပါးအား ညှဉ်းဆဲသ
ဖြင့်။ပူပန်သောကိုယ်ရှိသောသူကိုကြဉ်ခြင်း။ ငြိမ်းချမ်းသောကိုယ်
စိတ်ရှိသသူကိုမှီဝဲခြင်း။ ရပ်ခြင်းစသည်၌ ပဿဒ္ဓိဖြစ်စေခြင်း၌
ညွတ်ကိုင်းရှိုင်းဝှမ်းသောစိတ်ရှိခြင်းအားဖြင့် ခုနစ်ပါးတည်း။ ။
ဘောဇဉ်မွန်မြတ်။သျောက်ပတ်ဥတု။ သုခဣရိယာ။ မဇ္ဈတ္တပယောဂ။

သာရန္တကြည့်။ ယှဉ်အသာရေဒ်။ မိရတ်မှတ်သည်။ ပဿဒ်ပွါး
ကြောင်းရနစ်တည်း။ ။သမာဓိဖြစ်ကြောင်းကား။ အတွင်းအပ
ဝတ္ထုစင်ကြယ်ခြင်း။ သဒ္ဓါနှင့်ပညာ။ ဝီရိယနှင့်သမာဓိကို မျှစေ
ခြင်း။ သမာဓိ၏အာရုံဖြစ်သော ကသိုဏ်းနိမိတ်ကိုယူခြင်း၌ လိမ်
မာခြင်း။ ဝီရိယလျော့ခြင်းစသည်ဖြင့် တွန့်သောစိတ်ရှိသောအခါ
ဓမ္မဝိစယဝီရိယပီတိဖြင့်စိတ်ကိုချီပင့်ခြင်း။ ဝီရိယလွန်ခြင်း စသည်
ဖြင့်ပျံ့လွင့်သောစိတ်ရှိသောအခါ ပဿဒ္ဓိသမာဓိဥပေက္ခာဖြင့် စိတ်
ကိုနှိပ်ခြင်း။ ပညာပယောဂ နည်းခြင်းကြောင့်၎င်း။ ငြိမ်သက်သော
ချမ်းသာကို မရခြင်းကြောင့်၎င်း။ စိတ်မသက်သာသောအခါ သံ
ဝေဂဝတ္ထုကိုဆင်ခြင်၍၎င်း။ ရတနာသုံးပါးဂုဏ်ကို အောက်မေ့
၍၎င်း။စိတ်ကိုရွှင်စေခြင်း တွန့်ခြင်းပျံ့လွင့်ခြင်းကင်း၍ အာရုံ၌အ
မှုဖြစ်သောအခါ မြှောက်ခြင်းနှိပ်ခြင်းရှောင်စေခြင်း။ ကြောင့်ကြမပြု
မူ၍လျစ်လျူရှုခြင်း။ ပျံ့လွင့်သသူကိုကြဉ်ခြင်း။ တည်ကြည်သော
သူကိုယှဉ်ခြင်း။ ဈာန်ဝိမောက္ခကိုဆင်ခြင်ခြင်း။ ရပ်ခြင်း စသည်၌
သမာဓိကိုဖြစ်စေခြင်းငှါ ညွတ်ကိုင်းရှိုင်းငြမ်းသောစိတ်ရှိခြင်း ဟူ
၍ ဆဲ့တပါးတည်း။ ။ဝတ္ထုစင်စေ။ ဣန္ဒြေမျှစွာ။ လိမ်မာနိမိတ်။
ပဂ္ဂဟနိဂ္ဂဟံ။သံပဟံသ။ ဥပေက္ခနှင့်။ ပျံ့လွင့်သူကြည်၊ တည်ကြည်
ယှဉ်မှု။ ဈာနဝိမောက်။ မိရပ်လှောက်သည်။ ။ပွင့်မြှောက်
ဓိတိဆဲ့တစ်တည်း။ ။ဥပေက္ခာဖြစ်ကြောင်းကား။ မိမိ၏၎င်း။ သူ
တပါး၏၎င်း ကံသာလျှင် ဥစ္စာရှိ၏ဟု ဆင်ခြင်၍၎င်း။ ပရမတ္ထအား
ဖြင့် သတ္တဝါမည်သည်မရှိ။ သင်သည် အဘယ်သူကို ချစ်ခင်သ
နည်းဟု နိဿတ္တအဖြစ်ကို ဆင်ခြင်၍၎င်း။ သတ္တဝါကို လျစ်လျူရှု
ခြင်း။ သင်္ကန်းစသောသင်္ခါရသည်အစဉ်သင့် အဆင်းဘောက်ပြန်
၍ ဆိုးရွားခြင်းရတ်ပြတ်ခြင်းသို့ ရောက်လတ္တံ့။ ဤသင်္ကန်းစသည်
ကိုအစိုးရဘိမူကား။ ဤကဲ့သို့ မဖြစ်ရာဟု အဿာမိက အဖြစ်ကို
ဆင်ခြင်၍၎င်း။ဤသင်္ကန်းစသည်သည်။ အရှည်မခံ အခိုက်အတန့်
သာဟုတာဝကာလိကအဖြစ်ကိုဆင်ခြင်၍ သင်္ခါရကို လျစ်လျူရှု
ခြင်း။ သားသမီးစသောသတ္တဝါဥစ္စာခမ်းနားစသော သင်္ခါရကိုချစ်

ခင်မြတ်နိုးတတ်သောသူကို ကြဉ်ခြင်း၊ သတ္တသင်္ခါရကို လျစ်လျူ
ရှုတတ်သူကိုယှဉ်ခြင်း။ ချပ်ခြင်းစသည်၌ ဥပေက္ခာဖြစ်စေခြင်းငှါ
ညွတ်ကိုင်း ရှိုင်းငှမ်းသော စိတ်ရှိခြင်းဟူ၍ ငါးပါးတည်း။ ။
ကမ္မဿကာ။နိဿတ္တဖြင့်။ သတ္တမဇ္ဈတ္တာ။အသာဓိက။အနုဋ္ဌဖြင့်။သင်္ခါ
ရမဇ္ဈတ္တာ။ သင်္ခါရသတ်၊ ချစ်တတ်သူကြဉ်။ လျစ်လျူယှဉ်မှု။ဓိမုတ္တ
ဟု။ ။ဥပေက္ခာပွါးကြောင်း ငါးပါးတည်း။ ။သတိဓမ္မ။ဝိစယနှင့်။
ဝီရိယပီတိ။ပဿဒ္ဓိဟု။သမာဓုပေက္ခာ။ခုနှစ်ဖြာတွင်။ ကြောင်းခြာ
မှန်ဘိ။ သတိစသု။ပဉ္စုပေက္ခ။ ဝိစယပဿဒ်။ပွါးမှတ်သတ္တ။ ဝီရိယ
ပီတိ။သမာဓိကား။ ။ပွါးတိဆဲ့တစ်စီပင်[illegible]။ ။ဗောဇ္ဈင်
ကိုသိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာ၊ ထိုဒုက္ခကို ဖြစ်
စေတတ်သောတဏှာသည် သမုဒယသစ္စာ။ ထိုသစ္စာနှစ်ပါး၏မ
ဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ။ထိုနိရောဓကိုအာရုံပြုသောမဂ္ဂင်
ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ။ဗောဇ္ဈင်္ဂပဗ္ဗ။ ဗောဇ္ဈင်အားဖြင့်
နှလုံးသွင်းရာသောအပိုင်းသည်။ နိဋ္ဌိတံ။ ပြီးပြီ။

---

## သစ္စပဗ္ဗ။သစ္စာပိုင်း။

(၁၄) ဘိက္ခဝေ။ရဟန်းတို့။ပုန စ။တဖန်လည်း။ အပရံ။တ
ပါးတုံ၊ ဘိက္ခု။ရဟန်းသည်။ စတူသု။လေးပါးကုန်သော။ အရိယ
သစ္စေသု။ အရိယသစ္စာဖြစ်ကုန်သော။ ဓမ္မေသု။ တရားတို့၌။ ဓမ္မာ
နုပဿီ။ သစ္စာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊
နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ကထဉ္စ။အသို့လျှင်၊ ဘိက္ခု။ ရဟန်း
သည်။စတူသု။လေးပါးကုန်သော။ အရိယသစ္စေသု။ အရိယသစ္စာ
ဖြစ်ကုန်သော။ ဓမ္မေသု။တရားတို့၌။ ဓမ္မာနုပဿီ။ သစ္စာတရားကို
အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေသနည်း။ ဘိက္ခဝေ။
ရဟန်းတို့။ဣဓ။ဤသာသနာတော်၌။ ဘိက္ခု။ရဟန်းသည်၊ ဣဒံ။ဤ
တဏှာ ကြဉ်သော တေဘူမကာ တရားသည်။ ဒုက္ခံ။ ဒုက္ခသစ္စာ
တည်း။ဣတိ။ဤသို့။ ယထာဘူတံ။မဖောက်မပြန် ဟုတ်မှန်တိုင်း။

ပဇာနာတိ။ သိ၏။ အယံ။ ဤတဏှာသည်။ ဒုက္ခသမုဒယော။ ဒုက္ခ၏
အကြောင်းတည်း။ ဣတိ။ ဤသို့။ ယထာဘူတံ။ မဖောက်မပြန်ဟုတ်
မှန်တိုင်း။ ပဇာနာတိ။ သိ၏။ အယံ။ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော။
ဒုက္ခ၏ချုပ်ရာတည်း။ ဣတိ။ ဤသို့။ ယထာဘူတံ။ မဖောက်မပြန်
ဟုတ်မှန်တိုင်း။ ပဇာနာတိ။ သိ၏။ အယံ။ ဤမဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခ
နိရောဓဂါမိနီပဋိပဒါ။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်စေ တတ်
သောအကျင့်တည်း။ ဣတိ။ ဤသို့။ ယထာဘူတံ။ မဖောက်မပြန်
ဟုတ်မှန်တိုင်း။ ပဇာနာတိ။ သိ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဒုက္ခံ။ ဒုက္ခ
ဖြစ်သော။ အရိယသစ္စံ။ အရိယသစ္စာသည်။ ကတမဉ္စ။ အဘယ်နည်း။
ဇာတိပိ။ ပဋိသန္ဓေနေခြင်းသည်လည်း။ ဒုက္ခာ။ ဆင်းရဲ၏။ ဇရာပိ။
ဆိုးရွားဟောင်းမြင်း အိုမင်း မှည့်ပျော် ခင့်ရော်ခြင်း သည်လည်း။
ဒုက္ခာ။ ဆင်းရဲ၏။ မရဏံပိ။ ဇုတိပြတ်ကြွေ သေလွန်ခြင်းသည်
လည်း။ ဒုက္ခံ။ ဆင်းရဲ၏။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာ
သာပိ။ စိုးရိမ်ခြင်းငိုကြွေးမြည်တမ်းခြင်း ကိုယ်၏ဆင်းရဲခြင်း နှလုံး
မသာယာခြင်း စိတ်၏လွန်စွာပင်ပန်းခြင်းတို့သည်လည်း။ ဒုက္ခာ။
ဆင်းရဲကုန်၏။ အပိယေဟိ။ မချစ်အပ်ကုန်သော အာရုံ သင်္ခါရ
သတ္တဝါတို့နှင့်။ သမ္ပယောဂေါ။ တကွတွေ့ကြုံပေါင်းဆုံခြင်းသည်။
ဒုက္ခော။ ဆင်းရဲ၏။ ယံပိ။ ယေနပိ။ ဓမ္မေန။ အကြင်မဂ်ကိုပွါးစေခြင်းမှ
တပါးသောတောင့်တခြင်းဟူသောအကြောင်းဖြင့်လည်း။ အလဗ္ဘ
နေယျဝတ္ထုံ။ ပဋိသန္ဓေနေခြင်းသဘော၏ မရှိခြင်းစသော မရအပ်
သောဝတ္ထုကို။ ဣစ္ဆံ ဣစ္ဆန္တော။ တောင့်တသောသူသည်။ နလဗ္ဘ
တိ။ မရအပ်။ တံပိ တေန။ ထိုမဂ်ကို ပွါးစေခြင်းမှ တပါးသော အ
ကြောင်းဖြင့် မရအပ်သော ဝတ္ထုကို တောင့်တခြင်း သည်လည်း။
ဒုက္ခံ။ ဆင်းရဲ၏။ သံခိတ္တေန။ အကျဉ်းအားဖြင့်။ ပဉ္စ။ ငါးပါးကုန်သော။ ဥပါ
ဒါနက္ခန္ဓာပိ။ ဥပါဒါန်၏ အာရုံ ဖြစ်ကုန်သော ခန္ဓာတို့သည်လည်း။
ဒုက္ခာ။ ဆင်းရဲကုန်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ကတမာစ။ အဘယ်
သဘောသည်ကား။ ဇာတိ။ ဇာတိမည်သနည်း။ တေသံ တေသံ
သတ္တာနံ။ ထိုထိုသတ္တဝါတို့၏။ တမှိတမှိ သတ္တနိကာယေ။ ထိုထို

သတ္တဝါတို့၏နေရာ၌။ ထိုထိုသတ္တဝါအပေါင်း၌။ ယာဇာတိ။ အ
ကြောင်းခန္ဓာတို့၏ ရှေးဦးစွာဖြစ်ခြင်းသည်။ ယာသဉ္ဇာတိ။ အကြောင်း
ပြည့်စုံစွာဖြစ်ခြင်းသည်။ ယာဩက္ကန္တိ။ အကြောင်းအဏ္ဍဇတို့၏ ဥခွံ
တွင်း၌။ဇလာဗုဇတို့၏ ဝမ်းတွင်းသို့ သက်ဝင်သော အခြင်းအရာ
ဖြင့်ဖြစ်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ။ အကြောင်း သံသေဒဇဩပပါတ်တို့
၏ဘဝသစ်၌ကိုယ်ထည်ဖြစ်ခြင်းသည်။ ခန္ဓာနံ။ တပါးလေးပါးငါး
ပါးကုန်သောဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့၏။ယောပါတုဘာ
ဝေါ။ အကြောင်းထင်ရှားဖြစ်ခြင်းသည်။ အာယတနာနံ။ စက္ခုစသော
အာယတနတို့ကို။ ယောပဋိလာဘော။အကြောင်းရခြင်းသည်။ အဝုသော။
ရဟန်းတို့။ အယံ။ဤတရားကို။ ဇာတိ။ပဋိသန္ဓေနေ
ခြင်းဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ကတမော။အ
ဘယ်တရားသည်ကား။ ဇရာ။ဇရာမည်သနည်း။ ဘိက္ခဝေ။ရဟန်း
တို့။တေသံတေသံသတ္တာနံ။ ထိုထိုသတ္တဝါတို့၏။ တမှိတမှိသတ္တနိ
ကာယေ။ ထိုထိုသတ္တဝါအပေါင်း၌။ ယာဇရာ။ အကြောင်း အိုခြင်း
သည်။ ယာဇီရဏတာ။ အကြောင်းအိုသော အခြင်းအရာသည်။ ယံ
ခဏ္ဍိစ္စံ။ အကြောင်းသွားကျိုးသည့်၏အဖြစ်သည်။ ယံပါလိစ္စံ။ အကြောင်း
ဆံဖြူသည့်၏ အဖြစ်သည်။ ယာဝလိတ္တစတာ။ အကြောင်း အရေတွန့်
သည့်၏အဖြစ်သည်။ အာယုနော။ ချပ်ဖိဝိတိန္ဒြေနာမ်ဇီဝိတိန္ဒြေ၏။
ယာသံဟာနိ။ အကြောင်းယုတ်ခြင်းသည်။ ဣန္ဒြိယာနံ။ စက္ခုစသော
ဣန္ဒြေတို့၏။ ယောပါရိပါကော။ အကြောင်းရင့်ခြင်းသည်။ အဝုသော။ ရဟန်း။
ဘိက္ခဝေ။ရဟန်းတို့။ အယံ။ ဤတရားကို။ ဇရာ။အိုခြင်းဟူ၍။ ဝုစ္စ
တိ။အပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ကတမဉ္စ။ အဘယ် တရားသည်
ကား။ မရဏံ။မရဏမည်သနည်း။ ဘိက္ခဝေ။ ရဟန်းတို့။ တေသံ
တေသံသတ္တာနံ ထိုထိုသတ္တဝါတို့၏။ တမှာတမှာသတ္တနိကာယာ။
ထိုထို သတ္တဝါတို့၏ နေရာမှ။ ယာစုတိ။ အကြောင်း ရွေ့လျောခြင်း
သည်။ ယာစဝနတာ။ အကြောင်းရွေ့လျောသော အခြင်းအရာသည်။
ယောဘေဒေါ။ အကြောင်းခန္ဓာပျက်ခြင်းသည်။ ယံအန္တရဓာနံ။ အ
ကြောင်းခန္ဓာကွယ်ခြင်းသည်။ ယောမစ္စု။ အကြောင်းသေခြင်းသည်။ ယံ

မရဏံ အကြွင်အသက်ကိုစွန့်ခြင်းသည်။ယာ ကာလကိရိယာ။ အကြွင်သေခြင်းကိုပြုခြင်းသည်။ခန္ဓာနံ။ခန္ဓာတို့၏။ယော ဘေဒေါ။ အကြွင်ပျက်ခြင်းသည်၊ ကဠေဝရဿ။ အကောင်ကို။ ယော နိက္ခေပေါ။အကြွင်ပစ်ချခြင်းသည်။ ဇီဝိတိန္ဒြိယဿ။ ဇီဝိတိန္ဒြေ၏။ ယော ဥပစ္ဆေဒေါ။အကြွင်ချုပ်ပြတ်ခြင်းသည်၊အဋ္ဌိ။ဣဒံ။ ဘိက္ခဝေ။ ရဟန်းတို့။ဣဒံ။ဤတရားကို။ မရဏံ။ သေခြင်းဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ဘိက္ခဝေ။ ရဟန်းတို့။ ကတမဉ္စ။ အဘယ်တရားသည်ကား။ သောကော။သောကမည်သနည်း။ ဘိက္ခဝေ။ရဟန်းတို့။ အညတရညတရေန။ အမှတ်မဲ့တပါးပါးသော။ ဗျသနေန။ ဆွေမျိုးပျက်စီးခြင်းစသဖြင့်။ သမန္နာဂတဿအဘိဘူတဿ။ နှိပ်စက်အပ်သော။ အညတရညတရေန။အမှတ်မဲ့တပါးပါးသော။ဒုက္ခဓမ္မေန။ ဆင်းရဲခြင်း၏အကြောင်းသည်။ ဆင်းရဲခြင်းသဘောသည်။ ဖုဋ္ဌဿ။ တွေ့အပ်သော။သတ္တဿ။ သတ္တဝါ၏။ ယောခေါ သောကော။ အကြွင်စိုးရိမ်ခြင်းသည်။ ယာသောစနာ။ အကြွင်စိုးရိမ်သောအခြင်းအရာသည်။ယံသောစိတတ္တံ။ အကြွင်စိုးရိမ်သည့်၏အဖြစ်သည်၊ ယော အန္တောသောကော။ အကြွင်အတွင်း၌ စိုးရိမ်ခြင်းသည်။ ယော အန္တော ပရိသောကော။ အကြွင်အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းသည်။အဋ္ဌိ။ဣဒံ။ ဘိက္ခဝေ။ရဟန်းတို့။ အယံ။ဤတရားကို။သောကော။ သောကဟူ၍။ ဝုစ္စတိ။ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ကတမော။အဘယ်တရားသည်ကား။ ပရိဒေဝေါ။ ပရိဒေဝမည်သနည်း။ဘိက္ခဝေ။ရဟန်းတို့။အညတရညတရေန။အမှတ်မဲ့တပါးပါးသော။ဗျသနေန။ဆွေမျိုးပျက်စီးခြင်းစသည်ဖြင့်။ သမန္နာဂတဿ အဘိဘူတဿ။နှိပ်စက်အပ်သော။ အညတရညတရေန။ အမှတ်မဲ့တပါးပါးသော။ ဒုက္ခဓမ္မေန။ဆင်းရဲခြင်း၏ အကြောင်းဖြင့်။ ဖုဋ္ဌဿ။တွေ့အပ်သော။သတ္တဿ။သတ္တဝါ၏။ ယောခေါ အာဒေဝေါ။ အကြွင်သားသမီးစသည်ကို ရည်ညွှန်း၍ ငိုမြည်တမ်းခြင်းသည်။ ယော ပရိဒေဝေါ။ အကြွင်ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည်တမ်းခြင်းသည်။ယာအာဒေဝနာ။ အကြွင်ရည်ညွှန်း၍ ငိုမြည်တမ်းသော

အခြင်းအရာသည်။ ယာပရိဒေဝနာ။ အကြင်ဂုဏ်ကျေးဇူးကိုဆို၍
ငိုမြည်တမ်းသော အခြင်းအရာသည်။ ယ အာဒေဝိတတ္တံ။ အကြင်
ရည်ညွှန်း၍ ငိုမြည်တမ်းသည်၏ အဖြစ်သည်။ ယံပရိဒေဝိတတ္တံ။
အကြင် ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည်တမ်းသည်၏ အဖြစ်သည်။
အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ ပရိဒေဝေါ။ ပ
ရိဒေဝဟူ၍။ ဝုစ္စတိ။ ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဒုက္ခံ။ ကိုယ်၏ဆင်းရဲ
ခြင်းသည်။ ကတမဉ္စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်း
တို့။ ကာယိကံ။ ကာယပသာဒ၌မှီသော။ ယံခေါ ဒုက္ခံ။ အကြင်ဆင်း
ရဲခြင်းသည်။ ကာယိကံ။ ကာယပသာဒ၌မှီသော။ ယံအသာတံ။ အ
ကြင် မသာယာခြင်းသည်။ ကာယသမ္ဖဿဇံ။ ကာယပသာဒ၌
မှီသောဖဿကြောင့် ဖြစ်သော။ အသာတံ။ မသာယာအပ်သော။
ယံဝေဒယိတံ။ အကြင်ဝေဒနာသည်။ အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်း
တို့။ ဣဒံ။ ဤတရားကို။ ဒုက္ခံ။ ကိုယ်၏ဆင်းရဲခြင်းဟူ၍။ ဝုစ္စတိ။ ဆို
အပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဒေါမနဿံ။ နှလုံးမသာယာခြင်း
သည်။ ကတမဉ္စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။
စေတသိကံ။ စိတ်၌မှီသော။ ယံဒုက္ခံ။ အကြင်ဆင်းရဲခြင်းသည်။ စေ
တသိကံ။ စိတ်၌မှီသော။ အသာတံ။ မသာယာအပ်သော။ မနောသမ္ဖ
ဿဇံ။ စိတ်၌မှီသောဖဿကြောင့်ဖြစ်သော။ ဒုက္ခံ။ ဆင်းရဲသော။
အသာတံ။ မသာယာအပ်သော။ ယံဝေဒယိတံ။ အကြင်ဝေဒနာ
သည်။ အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဒံ။ ဤတရားကို။ ဒေါမ
နဿံ။ ဒေါမနဿဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဥ
ပါယာသော။ စိတ်၏ပင်ပန်းခြင်းသည်။ ကတမော စ။ အဘယ်နည်း
ဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။ အညတရညတရေန။ အမှတ်မဲ့တ
ပါးပါးသော။ ဗျသနေန။ ဆွေမျိုး၏ပျက်စီးခြင်းစသည်ဖြင့်။ သမန္နာ
ဂတဿ။ အဘိဘူတဿ။ နှိပ်စက်အပ်သော။ အညတရညတရေန။
အမှတ်မဲ့တပါးပါးသော။ ဒုက္ခဓမ္မေန။ ဆင်းရဲခြင်းသဘောဖြင့်။ ဖုဋ္ဌ
ဿ။ တွေ့အပ်သော။ သတ္တဿ။ သတ္တဝါ၏။ ယောခေါ အာယာ
သော။ အကြင်စိတ်၏ပင်ပန်းခြင်းသည်။ ယော ဥပါယာသော။ အ

ကြင်စိတ်၏ လွန်စွာပင်ပန်းခြင်းသည်။ ယံအာယာသိ တတ္တံ။ အ
ကြင်စိတ်၏ပင်ပန်းသည်၏ အဖြစ်သည်။ ယံဥပါယာသိ သတ္တံ။ အ
ကြင်စိတ်၏လွန်စွာပင်ပန်းသည်၏ အဖြစ်သည်။ အတ္ထိ။ ရှိ၏။ ဘိက္ခ
ဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ ဥပါယာသော ဥပါယာသဟူ
၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ အပ္ပိယေဟိ။ မချစ်အပ်
ကုန်သော အာရုံသတ္တဝါတို့နှင့်။ သမ္ပယောဂေါ။ ပေါင်းဘော်ရ
ခြင်းကြောင့်ဖြစ်သော။ ဒုက္ခာ။ ဆင်းရဲခြင်းသည်။ ကတမော စ။ အ
ဘယ်နည်းဟူမူကား။ ဣဓ။ ဤလောက၌။ ယေရူပါ။ အကြင်မြင်
အပ်သော ရူပါရုံတို့သည်။ ယေသဒ္ဒါ အကြင် ကြားနာ အပ်သော
သဒ္ဒါရုံတို့သည်။ ယေဂန္ဓာ။ အကြင် နမ်းအပ်သော ဂန္ဓာရုံတို့သည်။
ယေရသာ။ အကြင်လျက်အပ်သော ရသာရုံတို့သည်။ ယေဖော
ဋ္ဌဗ္ဗာ။ အကြင်တွေ့အပ်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေဓမ္မာ။ အ
ကြင်သိအပ်သော ဓမ္မာရုံတို့သည်။ သန္တိ။ ရှိကုန်၏။ တေ။ ထိုအာရုံ
ဖြောက်ပါးတို့သည်။ အဿ။ ထိုပုဂ္ဂိုလ်၏။ အနိဋ္ဌာ။ အလိုမရှိအပ်
သောအာရုံတို့သည်။ အကန္တာ။ မနှစ်သက်အပ်သော အာရုံတို့
သည်။ အမနာပါ။ နှလုံးကို မပွါးစေတတ်သော အာရုံတို့သည်။
ဟောန္တိ။ ဖြစ်ကုန်၏။ ယေဝါပန။ အကြင်သတ္တဝါတို့သည်မူလည်း။
သန္တိ။ ရှိကုန်၏။ တေ။ ထိုသတ္တဝါတို့သည်။ အဿ။ ထိုသူ၏။ အနတ္ထ
ကာမာ။ အကျိုးမဲ့ကိုအလိုရှိကုန်သည်။ အဟိတကာမာ။ အစီးအပွါး
မဲ့ကိုအလိုရှိကုန်သည်။ အဖာသုကကာမာ။ မချမ်းသာခြင်းကို အလို
ရှိကုန်သည်။ အယောဂက္ခေမကာမာ။ ဘေးမကင်းခြင်းကို အလိုရှိ
ကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ တေဟိ။ ထိုမချစ် အပ်ကုန်သော
အာရုံသတ္တဝါတို့နှင့်။ သဒ္ဓိံ။ ငကွ။ ယာသင်္ဂတိ။ အကြင်တပေါင်း
တည်းဖြစ်ခြင်းသည်။ ယောသမာဂမော။ အကြင်အတူ စည်းဝေး
ခြင်းသည်။ ယံသမောဓာနံ။ အကြင်ပေါင်းခြင်းသည်။ ယောမိ ဿိ
ဘာဝေါ။ အကြင်ရောနှောခြင်းသည်။ အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်း
တို့။ အယံ။ ဤတရားကို။ အပ္ပိယေဟိ။ မချစ်အပ်သောအာရုံသတ္တဝါ
တို့နှင့်။ သမ္ပယောဂေါ။ ပေါင်းဘော်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခာ။

ဆင်းရဲခြင်းဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ပိယေဟိ။ ချစ်အပ်ကုန်သောအာရုံသတ္တဝါတို့နှင့်။ ဝိပ္ပယောဂေါ။ ကွေကွင်း ကင်းကွာခြင်းကြောင့် ဖြစ်သော။ ဒုက္ခော။ ဒုက္ခသည်။ ကတမော စ။ အဘယ်နည်းဟူမူကား။ ဣဓ။ ဤလောက၌။ ယေရူပါ။ အကြင်ရူပါရုံတို့သည်။ ယေသဒ္ဒါ။ အကြင်သဒ္ဒါရုံတို့သည်။ ယေဂန္ဓာ။ အကြင်ဂန္ဓာရုံတို့သည်။ ယေရသာ။ အကြင်လျက်အပ်သောရသာရုံတို့သည်။ ယေဖောဋ္ဌဗ္ဗာ။ အကြင်ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေဓမ္မာ။ အကြင်ဓမ္မာရုံတို့သည်။ သန္တိ။ ရှိကုန်၏။ တေ။ ထိုအာရုံခြောက်ပါးတို့သည်။ အဿ။ ထိုသူ၏။ ဣဋ္ဌာ။ အလိုရှိအပ်သော အာရုံတို့သည်။ ကန္တာ။ နှစ်သက်အပ်သောအာရုံတို့သည်။ မနာပါ။ နှလုံးကို ပွါးစေတတ်သောအာရုံတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ မာတာဝါ။ အမိမူလည်းဖြစ်သော။ ပိတာဝါ။ အဘမူလည်းဖြစ်သော။ ဘာတာဝါ။ ညီအစ်ကိုမောင်မူလည်းဖြစ်သော။ ဘဂိနီဝါ။ ညီအစ်မနှမမူလည်းဖြစ်သော။ မိတ္တာဝါ။ အဆွေခင်ပွန်းမူလည်း ဖြစ်ကုန်သော။ အမစ္စာဝါ။ တကွဖြစ်ဘက်မူလည်းဖြစ်ကုန်သော။ ဉာတိသာလောဟိတာဝါ။ မိထွေးမိကြီးစသောအမိမျိုး။ ဘထွေးဘကြီးစသော အဘမျိုးလည်းဖြစ်ကုန်သော။ ယေဝါပနသတ္တာ။ အကြင်သတ္တဝါတို့သည်မူလည်း။ သန္တိ။ ရှိကုန်၏။ တေ။ ထိုမိဘစသော သတ္တဝါတို့သည်။ အဿ။ ထိုသူ၏။ အတ္ထကာမာ။ အကျိုးကိုအလိုရှိကုန်သည်။ ဟိတကာမာ။ အစီးအပွါးကိုအလိုရှိကုန်သည်။ ဖာသုကကာမာ။ ချမ်းသာကိုအလိုရှိကုန်သည်။ ယောဂက္ခေမကာမာ။ ဘေးကင်းခြင်းကိုအလိုရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ တေဟိ။ ထိုချစ်အပ်ကုန်သောအာရုံသတ္တဝါတို့နှင့်။ ယာအသင်္ဂတိ။ အကြင်တပေါင်းတည်းမဖြစ်ခြင်းသည်။ ယောအသမာဂမော။ အကြင်အတူမစည်းဝေးရခြင်းသည်။ ယံအသမောဓာနံ။ အကြင်မပေါင်းဘော်ရခြင်းသည်။ ယောအမိဿီဘာဝေါ။ အကြင် မရောနှောသည်၏ အဖြစ်သည်။ အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ ပိယေဟိ။ ချစ်အပ်ကုန်သော အာရုံသတ္တဝါနှင့်။ ဝိပ္ပယောဂေါ။ ကွေကွင်းကင်း

ကွ့ ခြင်းကြောင့်ဖြစ်သော။ ဒုက္ခော။ဒုက္ခဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။
ဘိက္ခဝေ။ရဟန်းတို့။ ယံပိယေနပိစ္ဆေန။အကြင်မဂ်ကိုပွါးစေခြင်း
မှတပါးသော တောင့်တခြင်းဟူသော အကြောင်းဖြင့်လည်း။ အ
လဗ္ဘနေယျဝတ္ထုံ။ မရအပ်သောဝတ္ထုကို။ ဣစ္ဆံ့ဣစ္ဆန္တော။အလိုရှိ
သောသူသည်။ နလဘတိ။မရ။ တံပိဣစ္ဆန္တံ။ ထိုမဂ်ကိုပွါးစေခြင်းမှ
တပါးသောတောင့်တခြင်းကို အလိုရှိသည်လည်းဖြစ်သော။ ဒုက္ခံ။
ဒုက္ခသည်။ ကတမဥ္စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်း
တို့။ ဇာတိဓမ္မာနံ။ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော။ သတ္တာနံ။
သတ္တဝါတို့အား။ မယံ။ငါတို့သည်။ ဇာတိဓမ္မာ။ ပဋိသန္ဓေနေခြင်း
သဘောရှိကုန်သည်။ နအဿာမ။ မဖြစ်ပါကုန်ပြားအံ့။ အဟောဝ
တ။ ဩော်ကောင်းလေစွ။ နေ၊ ငါတို့သို့။ ဇာတိပဋိသန္ဓေနေခြင်း
သည်။ နစဝတအာဂစ္ဆေယျ။ စင်စစ်မလာသည်မူလည်းဖြစ်ပြား
အံ့။ အဟောဝတ။ ဩော်ကောင်းလေစွ။ ဣတိဣစ္ဆာ။ ဤသို့
သောအလိုသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ ဣစ္ဆာယ။လိုချင်တောင့်တခြင်း
ဖြင့်။ ဧတံ။ ထိုပဋိသန္ဓေနေခြင်းသဘော၏မရှိခြင်းစသော မရအပ်
သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ။မရအပ်သည်သာတည်း။ ဣဒံပိ။ဤ
မရအပ်သည်ကိုတောင့်တခြင်းသည်လည်း။ ယံပိဣစ္ဆံနလဘတိတံ
ပိဒုက္ခံ။ မရအပ်သည်ကိုတောင့်တခြင်းဒုက္ခမည်၏။ ။ဘိက္ခဝေ။
ရဟန်းတို့။ ဇရာဓမ္မာနံ။ အိုခြင်း သဘောရှိကုန်သော။ သတ္တာနံ။
သတ္တဝါတို့အား။ မယံ။ငါတို့သည်။ ဇရာဓမ္မာ။ အိုခြင်းသဘောရှိ
ကုန်သည်။ နအဿာမ။မဖြစ်ပါကုန်ပြားအံ့။ အဟောဝတ။ ဩော်
ကောင်းလေစွ။ ဣတိဣစ္ဆာ။ ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ။
ဖြစ်၏။ ဣစ္ဆာယ။ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ။ ထိုအိုခြင်းစ
သော မရအပ်သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ။ မရအပ်သည်သာ
တည်း။ ဣဒံပိ။ ဤတရားသည်လည်း။ယံပိဣစ္ဆံနလဘတိတံပိဒုက္ခံ။ မ
ရအပ်သည်ကို တောင့်တခြင်းဒုက္ခမည်၏။ ။ဘိက္ခဝေ။ ရဟန်း
တို့။ဗျာဓိဓမ္မာနံ။ ဖျားနာခြင်းသဘောရှိကုန်သော။ သတ္တာနံ။ သတ္တ
ဝါတို့အား။ မယံ။ ငါတို့သည်။ ဗျာဓိဓမ္မာ။ ဖျားနာခြင်း သဘောရှိ

ဘုန်သည်။ နအဿာမ။ မဖြစ်ပါကုန်ငြားအံ့။အဟောဝတ။ ဪကောင်းလေစွ။နော။ငါတို့သို့။ဗျာဓိ။ဖျားနာခြင်းသည်။နစဝတအာဂစ္ဆေယျ။ စင်စစ်မလာသည်မူလည်းဖြစ်ငြားအံ့။ အဟောဝတ။ ဪကောင်းလေစွ။ဣတိဧဝံဣစ္ဆာ။ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ။၏။ ဣစ္ဆာယ။ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ။ထိုဖျားနာခြင်းသဘောမရှိခြင်းစသော မရအပ်သော ဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ။ မရအပ်သည်သာတည်း။ ဣဒံပိ။ ဤတရားသည်လည်း။ ယံပိစ္ဆံနလဘတိတံပိဒုက္ခံ။မရအပ်သည်ကိုတောင့်တခြင်းဒုက္ခမည်၏။ ။ဘိက္ခဝေ။ရဟန်းတို့။မရဏဓမ္မာနံ။သေခြင်းသဘောရှိကုန်သော။ သတ္တာနံ။သတ္တဝါတို့အား။ မယံ။သည်။ မရဏဓမ္မာ။ သေခြင်းသဘောရှိကုန်သည်။ နအဿာမ။မဖြစ်ပါကုန်ငြားအံ့။ အဟောဝတ။ ဪကောင်းလေစွ။ နော။ငါတို့သို့။ မရဏံ။သေခြင်းသည်။ နစတအာဂစ္ဆေယျ။ စင်စစ်မလာသည်မူလည်းဖြစ်ငြားအံ့။ အဟောဝတ။ဪကောင်းလေစွ။ဣတိဧဝံဣစ္ဆာ။ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ ဣစ္ဆာယ။လိုချင်တောင့်တခြင်းဖြင့်။ ဧတံ။ ဤသေခြင်းသဘော၏ မရှိခြင်းစသော မရအပ်သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ။မရအပ်သည်သာတည်း။ ဣဒံပိ။ ဤတရားသည်လည်း။ ယံပိစ္ဆံနလဘတိတံပိဒုက္ခံ။ မရအပ်သည်ကို တောင့်တခြင်းဒုက္ခမည်၏။ ။ဘိက္ခဝေ။ ရဟန်းတို့။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာနံ။ စိုးရိမ်ခြင်း။ ငိုကြွေးမြည်တမ်းခြင်း။ ကိုယ်၏ဆင်းရဲခြင်း။ နှလုံးမသာယာခြင်း။ စိတ်၏လွန်စွာပူပန်ခြင်းသဘော ရှိကုန်သော။သတ္တာနံ။သတ္တဝါတို့အား။မယံ။ငါတို့သည်။သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ။ စိုးရိမ်ခြင်း။ ငိုကြွေးမြည်တမ်းခြင်း ကိုယ်၏ဆင်းရဲခြင်း နှလုံးမသာယာခြင်း။ စိတ်၏လွန်စွာပူပန်ခြင်းသဘောရှိကုန်သည်။နအဿာမ။မဖြစ်ပါကုန်ငြားအံ့။အဟောဝတ။ ဪကောင်းလေစွ။ နော။ သို့။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ။ စိုးရိမ်ခြင်း။ ငိုကြွေးမြည်တမ်းခြင်း။ ကိုယ်၏ဆင်းရဲခြင်း။ နှလုံးမသာယာခြင်း။ စိတ်၏လွန်စွာပူပန်ခြင်းသဘော

တို့သည်။ နစ္စဝတအာဂန္တွေယျုံ။ စင်စစ်မလာသည်မှုလည်း ဖြစ်ကုန်ငြားအံ့။ ဣတိဧဝံဣစ္ဆာ။ ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဣစ္ဆာယ။ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ။ ထိုသောကစသည်၏မဖြစ်ခြင်းစသော မရှိအပ်သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ။ မရအပ်သည်သာတည်း။ ဣဒံပိ။ ဤတရားသည်လည်း။ ယံပိစ္ဆံနလဘတိတံပိဒုက္ခံ။ မရအပ်သည်ကိုတောင့်တခြင်းဒုက္ခမည်၏။ ။ဘိက္ခဝေ။ ရဟန်းတို့။ သံခိတ္တေန။ အကျဉ်းအားဖြင့်။ ပဉ္စ။ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ။ ဥပါဒါန်၏ အာရုံဖြစ်သော။ ခန္ဓာဟုဆိုအပ်ကုန်သော။ ဒုက္ခာ။ ဒုက္ခတို့သည်။ ကတမေစ။ အဘယ်သည်တို့နည်း။ ဣဒံ-ဣမေ ပဉ္စုပါဒါနက္ခန္ဓာ။ ဤငါးပါးကုန်သောဥပါဒါန်၏အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်။ သေယျထာကတမေ။ အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော။ ရုပ်ဟူသောဥပါဒါန်၏အာရုံဖြစ်သောခန္ဓာရင်း။ ဝေဒနုပါဒါနက္ခန္ဓော။ ဝေဒနာဟူသောဥပါဒါန်၏အာရုံဖြစ်သောခန္ဓာရင်း။ သညုပါဒါနက္ခန္ဓော။ သညာဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာရင်း။ သင်္ခါရုပါဒါနက္ခန္ဓော။ သင်္ခါရဟူသော ဥပါဒါန်၏အာရုံဖြစ်သောခန္ဓာရင်း။ ဝိညာဏုပါဒါနက္ခန္ဓော။ ဝိညာဏ်ဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာရင်း။ ဣတိဣမေ။ ဤသည်တို့တည်း။ ဘိက္ခဝေ။ တို့။ ဣမေ။ ဤငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်ကုန်သောခန္ဓာတို့ကို။ သံခိတ္တေန။ အကျဉ်းအားဖြင့်။ ပဉ္စ။ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ။ ဥပါဒါန်၏အာရုံဖြစ်ကုန်သော။ ဒုက္ခာ။ ဒုက္ခတို့ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ တို့။ ဣဒံ။ ဤဆိုအပ်ပြီးသော တရားအပေါင်းကို။ ဒုက္ခံ။ ဒုက္ခဖြစ်သော။ အရိယသစ္စံ။ အရိယသစ္စာဟူ၍။ ဝုစ္စတိ။ ၏။ ။ဤဒုက္ခသစ္စာအရာဝယ်။ ဤသုတ်၌ရင်း။ သတိပဋ္ဌာနဝိဘင်း၌ရင်း။ ဗျာဓိပိဒုက္ခာဟူ၍ဟောတော်မမူ။ ဓမ္မစကြာ၌ဥဒ္ဒေသကိုသာဟောတော်မူ၍။ နိဒ္ဒေသကို မဟောရကား။ ဂိရိမာနန္ဒသုတ် မဟာနိဒ္ဒေသမှဆောင်၍ ဤအရာဝယ် ဗျာဓိဒုက္ခကို မှတ်ရာ၏။ ။ဗဟုဒုက္ခာအယံကာယောဗဟုအာဒီနဝေါ။ ဣတိဣမသ္မိံ ကာယေ ဝိဝိဓာအာဗာဓာဥပ္ပဇ္ဇန္တိ။ သေယျထိဒံ။ စက္ခုရောဂေါ။

သောတရောဂေါ။ ဃာနရောဂေါ။ဇိဝှါရောဂေါ။ ကာယရောဂေါ။ သီသရောဂေါ။ ကဏ္ဏရောဂေါ။ မုခရောဂေါ။ ဒန္တရောဂေါ။ ဩဋ္ဌရောဂေါ။ကာသော။သာသော။ပိနာသော။ဍာဟော။ ဇရော။ကုစ္ဆိရောဂေါ။ မုစ္ဆာ။ပက္ခန္ဒိကာ။သူလာ။ဝိသူစိကာ။ ကုဋ္ဌံ။ဂဏ္ဍော။ကိလာသော။ သောသော။အပမာရော။ ဒဒ္ဒု။ကဏ္ဍု။ ကစ္ဆု။နခသာ။ ဝိတစ္ဆိကာ။ လောဟိတံ။ ပိတ္တံ။ မဓုမေဟော။ အံသာ။ ပိဠကာ။ဘဂန္ဒလာ။ ပိတ္တသမုဋ္ဌာနာအာဗာဓာ။ သေမှသမုဋ္ဌာနာအာဗာဓာ။ ဝါတသမုဋ္ဌာနာအာဗာဓာ။သန္နိပါတိကာအာဗာဓာ။ ဥတုပရိဏာမဇာအာဗာဓာ။ ဝိသမပရိဟာရဇာအာဗာဓာ။ ဩပက္ကမိကာအာဗာဓာ။ ကမ္မဝိပါကဇာအာဗာဓာ။ သီတံ။ဥဏှံ။ဇိဃစ္ဆာ။ပိပါသာ။ ဥစ္စာရော။ပဿာဝေါ၊ဘိ ။အယံကာယော။ဤခန္ဓာကိုယ်သည်။ ဗဟုဒုက္ခော။ များစွာသော ဆင်းရဲခြင်းရှိ၏။ ဗဟုအာဒီနဝေါ။ များစွာသောအပြစ်ရှိ၏။ ဣတိဣမသ္မိံ ကာယေ။ ဤခန္ဓာကိုယ်၌။ ဝိဝိဓာ အာဗာဓာ။ အထူးထူး အပြားပြား များစွာသော အနာတို့သည်။ ဥပ္ပဇ္ဇန္တိ။ဖြစ်ကုန်၏။ သေယျထိဒံ။ထိုအထူးထူးအပြားပြားများစွာသောအနာဟူသည်အဘယ်နည်း။ စက္ခုရောဂေါ။မျက်စိနာ။ သောတရောဂေါ။ နားအနာ။ ဃာနရောဂေါ။ နှာခေါင်းနာ။ ဇိဝှါရောဂေါ။ လျှာနာ။ ကာယရောဂေါ။ ကိုယ်အနာ။ သီသရောဂေါ။ ဦးခေါင်းနာ။ ကဏ္ဏရောဂေါ။ နားအနာ။ မုခရောဂေါ။ ခံတွင်းအနာ။ ဒန္တရောဂေါ။ သွားနာ။ ဩဋ္ဌရောဂေါ။ နှုတ်ခမ်းနာ။ ကာသော။ ချောင်းဆိုးနာ။သာသော။ကုတ်ဟီးနာ ရှူနာပန်းနာ။ ပိနာသော။နှာခေါင်းနာ။ ဆောင်းမေးခါးနာ။ ဍာဟော။ ပူလောင်သော အနာ။ ဇရော။ ဖျားသောအနာ။ ကုစ္ဆိရောဂေါ။ ဝမ်းအနာ။ မုစ္ဆာ။မူးဝေမိန်းမောသောအနာ။ပက္ခန္ဒိကာ။ဝမ်းသွေးကျသောအနာ။သူလာ။ ထိုးကျင့်ကိုက်ခဲသောအနာ။ ဝိသူစိကာ။သည်းစွာဝမ်းလားသောအနာ။ ကုဋ္ဌံ။နူနာ။ ဂဏ္ဍော။အိုင်းနာ။ ကိလာသော။ ခရုသင်းသမင်ယက်အနာ။ သောသော။ သွေးသားခြောက်ခန်းသောခယရုပ်အနာ။အပမာရော။ဝက်ရူးနာ။ ဒဒ္ဒု။ဆိတ်လည်နူနာ။ကဏ္ဍု။ယားနာ။

ကဏ္ဍူ။ ဝဲနာ။ နခသာ။ လက်သည်း ခြစ်မိရာ၌ဖြစ်သော အနာ။ ဝိ
တစ္ဆိကာ။ ပွေးနာ။ လောဟိတံ။ သွေးအနာ။ ပိတ္တံ။ သည်းခြေအနာ။
မဓုမေဟော။ ပြောသောတူလာမြင်းသရိုက်နာ။ အံသာ။ အရိယို
သောအနာ။ ပိဠကာ။ ကိုယ်ယောင်သောအနာ။ ဝက်ခြင်နာ။ ဘဂန္ဒ
လာ။ အသားတိုနာ။ ပိတ္တသမုဋ္ဌာနာ အာဗာဓာ။ သည်းခြေကြောင့်ဖြစ်
သောအနာ။ သေမှသမုဋ္ဌာနာ အာဗာဓာ။ သလိပ်ကြောင့်ဖြစ်သော
အနာ။ ဝါတသမုဋ္ဌာနာ အာဗာဓာ။ လေကြောင့် ဖြစ်သော အနာ။
သန္နိပါတိကာ အာဗာဓာ။ သလိပ်သည်းခြေလေ စုဝေး၍ဖြစ်သော
၎င်းသန္နိပါတ်နာ။ ဥတုပရိဏာမဇာ အာဗာဓာ။ သဘော မတူ
သော ဥတုကြောင့်ဖြစ်သောအနာ။ ဝိသမပရိဟာရဇာ အာဗာဓာ။
မညီညွတ်သော ဣရိယာပုထ်ကြောင့် ဖြစ်သောအနာ။ ဩပက္ကမိ
ကာ အာဗာဓာ။ မိမိပယောဂ သူတပါးပယောဂကြောင့်ဖြစ်သော
အနာ။ ကမ္မဝိပါကဇာ အာဗာဓာ။ အပဖြစ်သောအကြောင်းမဟုတ်
သက်သက်ကံကြောင့်သာဖြစ်သောအနာ။ သီတံ။ ချမ်းအေးသော
အနာ။ ဥဏှံ။ ပူပန်သောအနာ။ ဇိဃစ္ဆာ။ အစာငတ်မွတ်သောအနာ။
ပိပါသာ။ ရေသိပ်သောအနာ။ ဥစ္စာရော။ ကျင်ကြီးကိုစွန့်ချင်သော
အနာ။ ပဿာဝေါ။ ကျင်ငယ် စွန့်ချင်သောအနာ။ ဣတိဣမသ္မိံ
ကာယေ။ ဤသို့အစရှိကုန်သော။ ဝိဝိဓာ အာဗာဓာ။ ထွေလည်းထူးပြား
များစွာသော အနာတို့သည်။ ဣမသ္မိံ ကာယေ။ ဤခန္ဓာကိုယ်၌။
ဥပ္ပဇ္ဇန္တိ။ ကပ်ရောက်နှိပ်စက်သဖြင့် ဖြစ်ကုန်၏။ **အာ ၅** ။ ဘိက္ခဝေ။
ရဟန်းတို့။ ဒုက္ခသမုဒယံ။ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယ
သစ္စံ။ အရိယာသစ္စာသည်။ ကတမဉ္စ။ အဘယ်နည်းဟူမူကား။ ယာ
ယံ တဏှာ။ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ။ တဘန်ဘဝ
သစ်ကိုဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ။ ပြင်း
စွာတပ်စွန်းသောအားဖြင့်ဖြစ်၏။ တတြတတြ။ ထိုထိုအတ္တဘော
အာရုံ၌။ အဘိနန္ဒိနီ။ လွန်စွာမခက်မစက်နှစ်သက်တတ်၏။ ဆေဒမ
သာ တဏှာ။ ဤတဏှာသည်။ သေယျထာကတမာ။ အဘယ်နည်း
ဟူမူကား။ ကာမတဏှာ။ ကာမဘုံ၌တပ်တတ်သောတဏှာလည်း။

ဘဝတဏှာ၊ ရူပဘဝအရူပဘဝ၌ တပ်တတ်သောတဏှာ၎င်း။ ဝိ
ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာ၎င်း။ ဣတိဧ
သာ၊ ဤတရားတို့တည်း။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သာခေါပနေ
သာတဏှာ၊ ထိုတဏှာသည်။ကတ္ထ။အဘယ်အာရုံ၌။ဥပ္ပဇ္ဇမာနာ၊
ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ ဖြစ်သနည်း။ ကတ္ထ။ အဘယ်
အာရုံ၌။ နိဝိသမာနာ၊အဘန်တလဲလဲဖြစ်သောအားဖြင့်တည်သည်
ဖြစ်၍။ နိဝိသတိ။တည်သနည်း။ လောကေ။ဥပါဒါနက္ခန္ဓာဟူသော
လောက၌။ ယံပိယရူပံ။ အကြင်ချစ်အပ်သောသဘောရှိသော အာ
ရုံသည်၊ယံသာတရူပံ။အကြင်သာယာအပ်သောသဘောရှိသော
အာရုံသည်။ အတ္ထိ။ ရှိ၏။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သောသ
ဘောရှိသောအာရုံ၌။ ဧသာတဏှာ။ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ။
ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤချစ်အပ်သာယာ
အပ်သော သဘောရှိသောအာရုံ၌။ နိဝိသမာနာ ။အဘန်တလဲလဲ
ဖြစ်သောအားဖြင့်တည်သည်ဖြစ်၍။ နိဝိသတိ။ တည်၏။လောကေ။
ဥပါဒါနက္ခန္ဓာဟူသောလောက၌။ ပိယရူပံ။ ချစ်အပ်သောသဘော
ရှိသောအာရုံသည်။သာတရူပံသာယာအပ်သောသဘောရှိသော
အာရုံသည်။ကိဉ္စ။အဘယ်နည်း။ လောကေ။ဥပါဒါနက္ခန္ဓာဟူသော
လောက၌။ စက္ခုံ။စက္ခုပသာဒသည်။ ပိယရူပံ။ ချစ်အပ်သောသ
ဘောရှိသောအာရုံတည်း။သာတရူပံ။သာယာအပ်သောသဘော
ရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သော သဘော
ရှိသောစက္ခုပသာဒ၌ဧသာတဏှာ။ဤတဏှာသည်။ဥပ္ပဇ္ဇမာနာ။
ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤချစ်အပ် သာ
ယာအပ်သော သဘောရှိသော စက္ခုပသာဒ၌။ နိဝိသမာနာ၊ အ
ဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။ တည်
၏။ လောကေ။ ဥပါဒါနက္ခန္ဓာဟူသောလောက၌။ သောတံ။ သော
တ ပသာဒသည်။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသော အာ
ရုံတည်း။ လောကေ။လောက၌။ ဃာနံ။ဃာနပသာဒသည်။ ပိယရူ
ပံ။ချစ်အပ်သောသဘောရှိသောအာရုံတည်း။ လောကေ။လောက

ဋ္ဌ။ဇိဝှါ။ဇိဝှါပသာဒသည်။ပိယရူပံ။ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ လောကေ။ လောကဋ္ဌ။ ကာယော။ ကာယပသာဒ သည်။ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း ။လော ကေ။လောကဋ္ဌ။မနော။စိတ်သည်။ပိယရူပံ။ချစ်အပ်သောသဘော ရှိသောအာရုံတည်း။ သာတရူပံ။ သာယာအပ်သော သဘောရှိ သောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သော သဘောရှိ သောစိတ်အာရုံ၌ ဧသာတဏှာ။ဤတဏှာသည်။ဥပ္ပဇ္ဇမာနာ။ရှေး ဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤချစ်အပ်သာယာ အပ်သောသဘောရှိသောစိတ်အာရုံ၌။ နိဝိသမာနာ။ အဘန်တလဲ လဲဖြစ်သောအားဖြင့်တည်သည်ဖြစ်၍။ နိဝိသတိ။ ၏။ ။လော ကေ။ဋ္ဌ။ရူပါ။ရူပါရုံတို့သည်။သဒ္ဒါ။သဒ္ဒါရုံတို့သည်။ ဂန္ဓာ။ဂန္ဓာရုံတို့ သည်။ ရသာ။ ရသာရုံတို့သည်။ ဖောဋ္ဌဗ္ဗာ။ ဖောဋ္ဌဗ္ဗာရုံတို့သည်။ ဓမ္မာ။ဓမ္မာရုံတို့သည်။ပိယရူပံ။ ချစ်အပ်သောသဘောရှိသော အာ ရုံတည်း။ သာတရူပံ။ သာယာအပ်သော သဘောရှိသော အာရုံ တည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သောသဘောရှိသောအာရုံ ၌။ဧသာတဏှာ၊ဤတဏှာသည်။ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာဖြစ်သည် ဖြစ်၍။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဧတ္ထ။ဤအာရုံ၌။နိဝိသမာနာ။ အဘန်တလဲလဲ ဖြစ်သောအားဖြင့်တည်သည်ဖြစ်၍။နိဝိသတိ။ တည်၏။ လောကေ။ လောကဋ္ဌ။စက္ခုဝိညာဏံ။စက္ခုဝိညာဉ်သည်။ သောတဝိညာဏံ။ သောတဝိညာဉ်သည်။ဃာနဝိညာဏံ။ ဃာနဝိညာဉ်သည်။ ဇိဝှါ ဝိညာဏံ။ ဇိဝှါဝိညာဉ်သည်။ ကာယဝိညာဏံ။ ကာယဝိညာဉ် သည်။မနောဝိညာဏံ။မနောဝိညာဉ်သည်။ပိယရူပံ။ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ။ သာယာအပ်သောသ ဘောရှိသောအာရုံတည်း။ ဧတ္ထ ။ဤချစ်အပ် သာယာအပ်သောသ ဘောရှိသောဝိညာဉ်အာရုံ၌။ ဧသာတဏှာ။ဤတဏှာသည်။ဥပ္ပဇ္ဇ မာနာ။ရှေးဦးစွာဖြစ်သည်ဖြစ်၍ ။ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤဝိညာဉ် အာရုံ၌။ နိဝိသမာနာ။ အဘန်တလဲလဲ ဖြစ်သော အားဖြင့် တည် သည်ဖြစ်၍။ နိဝိသတိ။တည်၏။ ။လောကေ။လောကဋ္ဌ။ စက္ခု

သမ္ဖဿော။ စက္ခု ပသာဒ ၌ မှီသော ဖဿ သည်။ သောတ
သမ္ဖဿော။ သောတ ပသာဒ ၌ မှီသော ဖဿသည်။ ဃာန
သမ္ဖဿော။ ဃာနပသာဒ၌မှီသော ဖဿသည်။ ဇိဝှါသမ္ဖဿော
ဇိဝှါပသာဒ၌မှီသောဖဿသည်။ ကာယသမ္ဖဿော။ ကာယပသာ
ဒ၌မှီသောဖဿသည်။ မနောသမ္ဖဿော။ မနောဝိညာဉ်နှင့် တကွ
ဖြစ်သောဖဿသည်။ ပိယရူပံ။ ချစ်အပ်သောသဘောရှိသော အာ
ရုံတည်း။ သာတရူပံ။ သာယာအပ်သော သဘောရှိသော အာရုံ
တည်း။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သောသဘောရှိသော ဖဿ
အာရုံ၌။ ဧသာ တဏှာ။ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာ ဖြစ်
၍။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤဖဿအာရုံ၌။ နိဝိသမာနာ။ အဘန် တ
လဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။ တည်၏။ လော
ကေ။ လောက၌။ စက္ခုသမ္ဖဿဇာဝေဒနာ။ စက္ခုပသာဒ၌မှီသော
ဖဿကြောင့်ဖြစ်သော။ ဝေဒနာသည်။ သောတသမ္ဖဿဇာဝေဒ
နာ။ သောတပသာဒ၌မှီသောဖဿကြောင့်ဖြစ်သောဝေဒနာသည်
ဃာန သမ္ဖဿဇာဝေဒနာ။ ဃာန ပသာဒ၌မှီသော ဖဿကြောင့်
ဖြစ်သောဝေဒနာသည်။ ဇိဝှါသမ္ဖဿဇာဝေဒနာ။ ဇိဝှါပသာဒ၌ မှီ
သော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ကာယ သမ္ဖဿဇာ
ဝေဒနာ။ ကာယပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာ
သည်။ မနောသမ္ဖဿဇာဝေဒနာ။ မနောဝိညာဉ်နှင့်တကွဖြစ်သော
ဖဿကြောင့် ဖြစ်သောဝေဒနာသည် ပိယရူပံ။ ချစ်အပ်သော သ
ဘောရှိသော အာရုံတည်း။ သာတရူပံ။ သာယာအပ်သောသဘော
ရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သော သဘောရှိ
သော ဝေဒနာအာရုံ၌။ ဧသာ တဏှာ။ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ။
ရှေးဦးစွာဖြစ်၍။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤဝေဒနာအာရုံ၌။ နိဝိသမာ
နာ။ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။
တည်၏။ ။ လောကေ။ လောက၌။ ရူပသညာ။ ရူပါရုံလျှင် အာရုံရှိ
သော သညာသည်။ သဒ္ဒသညာ။ သဒ္ဒါရုံလျှင် အာရုံရှိသောသညာ
သည်။ ဂန္ဓသညာ။ ဂန္ဓာရုံလျှင် အာရုံရှိသောသညာသည်။ ရသ

သညာ။ ရသာရုံလျှင်အာရုံရှိသောသညာသည်။ ဖောဋ္ဌဗ္ဗသညာ။
ဖောဋ္ဌဗ္ဗာရုံလျှင်အာရုံရှိသောသညာသည်။ဓမ္မသညာ။ ဓမ္မာရုံလျှင်
အာရုံရှိသော သညာသည်။ပိယရူပံ။ချစ်အပ်သောသဘောရှိသော
အာရုံတည်း။ သာတရူပံ။သာယာအပ်သောသဘောရှိသောအာရုံ
တည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သောသဘောရှိသောအာရုံ
၌။ဧသာတဏှာ။ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာဖြစ်သည်
ဖြစ်၍။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဧတ္ထ။ဤသညာအာရုံ၌။ နိဝိသမာနာ။ အဘန်
တလဲလဲဖြစ်သော အားဖြင့်တည်သည်ဖြစ်၍။ နိဝိသတိ။တည်၏။
လောကေ။လောက၌။ရူပသဉ္စေတနာ။ရူပါရုံလျှင်အာရုံရှိသော စေ
တနာသည်။ သဒ္ဒသဉ္စေတနာ။ သဒ္ဒါရုံလျှင်အာရုံရှိသော စေတနာ
သည်။ဂန္ဓသဉ္စေတနာ။ ဂန္ဓာရုံလျှင်အာရုံရှိသောစေတနာသည်။ ရ
သသဉ္စေတနာ။ရသာရုံလျှင်အာရုံရှိသောစေတနာသည်။ ဖောဋ္ဌဗ္ဗ
သဉ္စေတနာ။ ဖောဋ္ဌဗ္ဗာရုံလျှင်အာရုံရှိသော စေတနာသည်။ ဓမ္မ
သဉ္စေတနာ။ဓမ္မာရုံလျှင်အာရုံရှိသောစေတနာသည်။ပိယရူပံ။ ချစ်
အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ။ သာယာအပ်
သောသဘောရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်
သောသဘောရှိသောစေတနာအာရုံ၌။ ဧသာတဏှာ။ ဤတဏှာ
သည်။ ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ဧတ္ထ။ဤ
စေတနာအာရုံ၌။ နိဝိသမာနာ။ အဘန်တလဲလဲ ဖြစ်သောအားဖြင့်
တည်သည်ဖြစ်၍။နိဝိသတိ။တည်၏။ ။လောကေ။လောက၌။ရူပ
တဏှာ။ရူပါရုံ၌တပ်သောတဏှာသည်။သဒ္ဒတဏှာ။သဒ္ဒါရုံ၌တပ်
သောတဏှာသည်။ဂန္ဓတဏှာ။ ဂန္ဓာရုံ၌တပ်သောတဏှာသည်။
ရသတဏှာ။ ရသာရုံ၌တပ်သောတဏှာသည်။ ဖောဋ္ဌဗ္ဗတဏှာ။
ဖောဋ္ဌဗ္ဗာရုံ၌ တပ်သော တဏှာသည်။ ဓမ္မတဏှာ။ ဓမ္မာရုံ၌တပ်
သောတဏှာသည်။ပိယရူပံ။ ချစ်အပ်သောသဘောရှိသောအာရုံ
တည်း။ သာတရူပံ။ သာယာအပ်သော သဘောရှိသော အာရုံ
တည်း။ဧတ္ထ။ဤချစ်အပ်သာယာအပ်သောသဘောရှိသောတဏှာ
အာရုံ၌။ဧသာတဏှာ။ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာဖြစ်

သည်ဖြစ်၍။ဥပ္ပဇ္ဇတိ။ဖြစ်၏။ ဧတ္ထ။ ဤတဏှာအာရုံ၌။ နိဝိသမာနာ။အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။တည်၏။ ။လောကေ။လောက၌။ရူပဝိတက္ကော၊ရူပါရုံကိုကြံခြင်းသည်။သဒ္ဒဝိတက္ကော။သဒ္ဒါရုံကိုကြံခြင်းသည်။ ဂန္ဓဝိတက္ကော။ ဂန္ဓာရုံကို ကြံခြင်းသည်။ ရသဝိတက္ကော။ ရသာရုံကို ကြံခြင်းသည်။ဖောဋ္ဌဗ္ဗဝိတက္ကော။ ဖောဋ္ဌဗ္ဗာရုံကို ကြံခြင်းသည်။ ဓမ္မဝိတက္ကော။ဓမ္မာရုံကိုကြံခြင်းသည်။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသောအာရုံတည်း။သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ။ဤချစ်အပ်သာယာအပ်သောသဘောရှိသောဝိတက်အာရုံ၌။ဧသာတဏှာ။ဤတဏှာသည်။ဥပ္ပဇ္ဇမာနာ။ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ဥပ္ပဇ္ဇတိ။ဖြစ်၏။ဧတ္ထ။ ဤဝိတက်အာရုံ၌။ နိဝိသမာနာ။အဘန်တလဲလဲ ဖြစ်သော အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။တည်၏။ ။လောကေ။လောက၌။ရူပဝိစာရော။ရူပါရုံကိုသုံးသပ်ခြင်းသည်။ သဒ္ဒဝိစာရော။ သဒ္ဒါရုံကိုသုံးသပ်ခြင်းသည်။ ဂန္ဓဝိစာရော။ ဂန္ဓာရုံကိုသုံးသပ်ခြင်းသည်။ ရသဝိစာရော။ ရသာရုံကိုသုံးသပ်ခြင်းသည်။ ဖောဋ္ဌဗ္ဗဝိစာရော။ ဖောဋ္ဌဗ္ဗာရုံကို သုံးသပ်ခြင်းသည်။ ဓမ္မဝိစာရော။ ဓမ္မာရုံကို သုံးသပ်ခြင်းသည်။ ပိယရူပံ။ချစ်အပ်သောသဘောရှိသော အာရုံတည်း။သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ။ ဤချစ်အပ် သာယာအပ်သော သဘောရှိသော ဝိစာရအာရုံ၌။ ဧသာတဏှာ။ ဤတဏှာသည်။ဥပ္ပဇ္ဇမာနာ။ရှေးဦးစွာဖြစ်သည်ဖြစ်၍။ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဤဝိစာရအာရုံ၌။နိဝိသမာနာ။အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။နိဝိသတိ။တည်၏။ဘိက္ခဝေ။ရဟန်းတို့။ဣဒံ။ဤဆိုအပ်ခဲ့ပြီးသော အာရုံ၌ဖြစ်သော တဏှာကို။ ဒုက္ခသမုဒယံ။ ဒုက္ခ၏အကြောင်းဖြစ်သော။အရိယသစ္စံ။အရိယသစ္စာဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ဘိက္ခဝေ။ ရဟန်းတို့။ ဒုက္ခနိရောဓံ။ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ။အရိယသစ္စာသည်။ ကတမဉ္စ။ အဘယ်နည်းဟူမူကား။တဿာယေဝတဏှာယ။ ထိုတဏှာ၏သာလျှင်။ ယော

အသေသဝိရာဂနိရောဓော။ ၁ အကြွင် အကြွင်းမဲ့ တပ်ခြင်း ကင်း
သောအားဖြင့် ချုပ်ရာနိဗ္ဗာန်သည်။ ၂ ယောစာဂေါ။ အကြွင်စွန့်ရာ
နိဗ္ဗာန်သည်။ ယောပဋိသဂ္ဂေါ။ ၃ အကြွင်ပေးစွာစွန့်ရာ နိဗ္ဗာန်သည်။
ယာမုတ္တိ။ အကြွင်လွှတ်ရာနိဗ္ဗာန်သည်။ ၅ ယောအနာလယော။ အ
ကြွင်မကပ်မငြိရာနိဗ္ဗာန်သည်။ အတ္ထိ။ ရှိ၏။ ဘိက္ခဝေ။ ရဟန်းတို့။
သာခေါပနေသာတဏှာ။ ထိုတဏှာသည်။ ကတ္ထ။ အဘယ်အာရုံ၌။
ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ။ ပျောက်သနည်း။
ကတ္ထ။ အဘယ်အာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်
သနည်း။ လောကေ။ လောက၌။ ယံပိယရူပံ။ အကြွင် ချစ်အပ်သော
သဘောရှိသောအာရုံသည်။ ယံသာတရူပံ။ အကြွင်သာယာအပ်
သော သဘောရှိသောအာရုံသည်။ အတ္ထိ။ ရှိ၏။ ဧတ္ထ။ ဤချစ်အပ်
သာယာအပ်သော သဘောရှိသောအာရုံ၌။ ဧသာတဏှာ။ ဤတ
ဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ။ ပျောက်
၏။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သော သဘောရှိသော အာရုံ၌။
နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။ ။လောကေ။
လောက၌။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသော အာရုံသည်။
သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံသည်။ ကိဉ္စ။
အဘယ်နည်း။ လောကေ။ လောက၌။ စက္ခုံ။ စက္ခုပသာဒသည်။
ပိယရူပံ။ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ။
သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ်
သာယာအပ်သောစက္ခုပသာဒအာရုံ၌။ ဧသာတဏှာ။ ဤတဏှာ
သည်။ ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ။ ပျောက် ၏။
ဧတ္ထ။ ဤစက္ခုပသာဒအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈ
တိ။ ချုပ်၏။ ။လောကေ။ လောက၌။ သောတံ။ သောတပသာဒ
သည်။ ဃာနံ။ ဃာနပသာဒသည်။ ဇိဝှါ။ ဇိဝှါပသာဒသည်။ ကာ
ယော။ ကာယပသာဒသည်။ မနော။ စိတ်သည်။ ပိယရူပံ။ ချစ်အပ်
သောသဘောရှိသောအာရုံတည်း။ သာတရူပံ။ သာယာအပ်သော
သဘောရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သော

သဘောရှိသော အဇ္ဈတ္တိကာယတနအာရုံ၌။ ဧသာတဏှာ။ဤတ
ဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ။ ၏။
ဧတ္ထ။ဤအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။၏။ ။
လောကေ။လောက၌။ ရူပါ။ရူပါရုံတို့သည်။ သဒ္ဒါ။သဒ္ဒါရုံတို့သည်။
ဂန္ဓာ။တို့သည်။ရသာတို့သည်။ ဖောဋ္ဌဗ္ဗာ။တို့သည်။ဓမ္မာ။ ဓမ္မာရုံ
တို့သည်။ပိယရူပံ။ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာ
တရူပံ။ သာယာအပ်သောသဘောရှိသော အာရုံတည်း။ ဧတ္ထ။ဤ
ချစ်အပ်သာယာအပ်သောသဘောရှိသောရူပါရုံစသောဗာဟိရာ
ယတနအာရုံ၌။ဧသာတဏှာ။ဤတဏှာသည်။ ပဟီယမာနာ။ပယ်
အပ်သည်ဖြစ်၍။ပဟီယတိ။ပျောက်၏။ ဧတ္ထ။ဤရူပါရုံစသောအာရုံ
၌။နိရုဇ္ဈမာနာ။ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။ ။လောကေ။
လောက၌။ စက္ခုဝိညာဏံ။ စက္ခုဝိညာဉ်သည်။ မနောဝိညာဏံ။
မနောဝိညာဉ်သည်။ပိယရူပံ။ ချစ်အပ်သောသဘောရှိသောအာရုံ
တည်း။သာတရူပံ။ သာယာအပ်သော သဘောရှိသော အာရုံ
တည်း။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သော သဘော ရှိသော
ဝိညာဉ်အာရုံ၌။ဧသာတဏှာ။ဤတဏှာသည်။ပဟီယမာနာ။ပယ်
အပ်သည်ဖြစ်၍။ပဟီယတိ။၏။ ဧတ္ထ။ ဤဝိညာဉ်အာရုံ၌။ နိရုဇ္ဈမာ
နာ။ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ချုပ်၏။ ။လောကေ။ လောက၌။
စက္ခုသမ္ဖဿော။ စက္ခုပသာဒ၌ မှီသော ဖဿသည်။ ပ။ မနော
သမ္ဖဿော။ မနောဝိညာဉ်နှင့်တကွဖြစ်သောဖဿသည်။ ပိယရူ
ပံ။ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ။သာယာ
အပ်သော သဘောရှိသောအာရုံတည်း။ဧတ္ထ။ ဤချစ်အပ်သာယာ
အပ်သောသဘောရှိသောဖဿအာရုံ၌။ ဧသာတဏှာ။ဤတဏှာ
သည်။ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ။ပျောက်၏။
ဧတ္ထ။ဤဖဿအာရုံ၌။နိရုဇ္ဈမာနာ။ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ချုပ်
၏။ ။လောကေ။ လောက၌။ စက္ခုသမ္ဖဿဇာဝေဒနာ။စက္ခုပ
သာဒ၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ပ။မနော
သမ္ဖဿဇာ ဝေဒနာ။ မနောဝိညာဉ်နှင့် တကွ ဖြစ်သော ဖဿ

ကြောင့်ဖြစ်သောဝေဒနာသည်။ ပိယရူပံ။ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ။ သာယာ အပ်သော သဘောရှိသောဝေဒနာအာရုံ၌။ ဧသာတဏှာ။ ဤတဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည့်ဖြစ်၍။ ပဟီယတိ။ ပျောက်၏။ ဧတ္ထ။ ဤဝေဒနာအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။

။လောကေ။ လောက၌။ ရူပသညာ။ ရူပါရုံလျှင်အာရုံရှိသော သညာသည်။ ပ။ ဓမ္မသညာ။ ဓမ္မာရုံလျှင်အာရုံရှိသော သညာသည်။ ပိယရူပံ။ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သောသဘောရှိသော သညာအာရုံ၌။ ဧသာတဏှာ။ ဤတဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည့်ဖြစ်၍။ ပဟီယတိ။ ပျောက်၏။ ဧတ္ထ။ ဤသညာအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။

။လောကေ။ လောက၌။ ရူပသဉ္စေတနာ။ ရူပါရုံလျှင်အာရုံရှိသောစေတနာသည်။ ပ။ ဓမ္မသဉ္စေတနာ။ ဓမ္မာရုံလျှင်အာရုံရှိသောစေတနာသည်။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း ဧတ္ထ။ ဤချစ်အပ်သာယာအပ်သောသဘောရှိသော စေတနာအာရုံ၌။ ဧသာတဏှာ။ ဤတဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည့်ဖြစ်၍။ ပဟီယတိ။ ပျောက်၏။ ဧတ္ထ။ ဤစေတနာအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။

။လောကေ။ လောက၌။ ရူပတဏှာ။ ရူပါရုံ၌တပ်သောတဏှာသည်။ ပ။ ဓမ္မတဏှာ။ ဓမ္မာရုံ၌တပ်သောတဏှာသည်။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ။ ဤချစ်အပ် သာယာအပ်သော သဘောရှိသော တဏှာအာရုံ၌။ ဧသာတဏှာ။ သည်။ ပဟီယမာနာ။ ပယ်အပ်သည့်ဖြစ်၍။ ပဟီယတိ။ ပျောက်၏။ ဧတ္ထ။ ဤတဏှာအာရုံ၌။ နိရုဇ္ဈမာနာ။ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ၏။

။လောကေ။ လောက၌။ ရူပဝိတက္ကော။ ရူပါရုံကိုကြံခြင်းသည်။ ပ။ ဓမ္မဝိတက္ကော။ ဓမ္မာရုံကိုကြံ

ခြင်းသည်။ ပိယရူပံ။ ချစ်အပ်သောသဘောရှိသော အာရုံတည်း။
သာတရူပံ။ သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ။
ဤချစ်အပ်သာယာအပ်သော သဘောရှိသော ဝိဘတ်အာရုံ၌။ ဧ
သာ တဏှာ။ ဤတဏှာသည်။ ပဟီယမာနာ။ ပယ်အပ်သည်ဖြစ်၍။
ပဟီယတိ။ပျောက်၏။ ဧတ္ထ။ ဤဝိတက်အာရုံ၌။နိရုဇ္ဈမာနာ။ ချုပ်
သည်ဖြစ်၍။ နိရုဇ္ဈတိ။ချုပ်၏။ ။လောကေ။လောက၌။ ရူပဝိစာ
ရော။ ရူပါရုံကိုသုံးသပ်ခြင်းသည်။ ပ။ ဓမ္မဝိစာရော။ ဓမ္မာရုံကို သုံး
သပ်ခြင်းသည်။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသော အာရုံ
တည်း။ သာတရူပံ။ သာယာအပ်သော သဘောရှိသော အာရုံ
တည်း။ ဧတ္ထ။ ဤချစ်အပ်သာယာအပ်သောသဘောရှိသောဝိစာရ
အာရုံ၌။ ဧသာတဏှာ။ ဤတဏှာသည်။ ပဟီယမာနာ။ပယ်အပ်
သည်ဖြစ်၍။ပဟီယတိ။ပျောက်၏။နိရုဇ္ဈမာနာ။ချုပ်သည်ဖြစ်၍။ နိ
ရုဇ္ဈတိ။၏။ ဘိက္ခဝေ။ရဟန်းတို့။ ဣဒံ။ ဤဆိုအပ်ခဲ့ပြီးသော ဘဏှာ
၏ချုပ်ရာနိဗ္ဗာန်ကို၊ ဒုက္ခနိရောဓံ။ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယ
သစ္စံ။အရိယသစ္စာဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ ။ဤနိရောဓသစ္စာ အ
ရာ၀ယ်။ ဥဒ္ဒေသ၌။ ဒုက္ခ၏ချုပ်ရာဟူ၍ဆိုပြီးလျက်။ နိဒ္ဒေသ၌။ တ
ဏှာ၏ချုပ်ရာကို ပဘောန်ခြင်းဖြင့် အကြောင်းဖြစ်သော သမုဒယ
၏ချုပ်သဖြင့် အကျိုးဖြစ်သော ဒုက္ခ၏ ချုပ်ခြင်းကို ပြတော်မူ
၏။ ။နိဗ္ဗာန်ကိုအာရုံပြု၍။ မဂ်ဖြင့်ဖြတ်အပ်သော တဏှာသည်။
အကြွင်းစက္ခုစသော ဝတ္ထု၌။ ထိုတဏှာ၏ ဖြစ်ခြင်းကို ပြအပ်၏၊
ထိုစက္ခုစသော ဝတ္ထု၌ပင်။ ထိုတဏှာ၏ မဖြစ်ခြင်းကို ပြတော်မူ
လို၍။စက္ခုစသည်၌ချုပ်ခြင်းကိုပဘောဟောတ်မူသည်။ ဥပမာကား။
တောအုပ်မှ ခိုးသူကို ဘမ်းယူ၍ မြို့တောင်တံခါး၌ ကွပ်သည် ရှိ
သော်။ တောအုပ်၌ ခိုးသူသေလေပြီ ဆိုသကဲ့သို့တည်း။ စက္ခုစ
သည်နှင့် တောအုပ်တူ၏။ စက္ခုစသည်၌ ဖြစ်သော တဏှာနှင့်
တောအုပ်၌ခိုးသူသည်တူ၏။မြို့နှင့်နိဗ္ဗာန်၏။ မြို့တောင်၌ခိုးသူသေ
ခြင်းနှင့်။ နိဗ္ဗာန်ကိုအာရုံပြု၍ ချုပ်သောတဏှာသည်တူ၏။ တော
အုပ်၌ ခိုးသူမထင်သကဲ့သို့။ အကြွင်းစက္ခုစသည်၌ဖြစ်၏။ ထိုစက္ခု

စသည်၌။ ထိုတဏှာ၏ချုပ်ခြင်းကိုစက္ခုံ စလောကေစသည်ဖြင့် ပြ
တော်မူ၏။ ။ဘိက္ခဝေ။ ရဟန်းတို့။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အ
ရိယသစ္စံ။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ဖြစ်
သော အရိယာသစ္စာသည်။ ကတမံ။ အဘယ်နည်းဟူမူကား။ အရိ
ယော။ ကိလေသာတို့မှဝေးသော၊ အရိယော။ အရိယာ၏အဖြစ်ကို
ပြုတတ်သော။ အဋ္ဌင်္ဂိကော။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယ
မေဝမဂ္ဂေါ။ ဤမဂ်ပင်လျှင်တည်း။ ဣဒံဣမေမဂ္ဂေါ။ ဤမဂ်တို့သည်။
သေယျထာကတမေ။ အဘယ်သည်တို့နည်း။ သမ္မာဒိဋ္ဌိ။ ကောင်း
စွာ သစ္စာတရားကိုမြင်ခြင်း။ သမ္မာသင်္ကပ္ပေါ။ ကောင်းစွာကြံခြင်း။
သမ္မာဝါစာ။ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော။ ကောင်းစွာ ပြု
ခြင်း။ သမ္မာအာဇီဝေါ။ ကောင်းစွာအသက်မွေးခြင်း။ သမ္မာဝါယာ
မော။ ကောင်းစွာအားထုတ်ခြင်း။ သမ္မာသတိ။ ကောင်းစွာ အောက်
မေ့ခြင်း။ သမ္မာသမာဓိ။ ကောင်းစွာ တည်ကြည်ခြင်း။ ဣမေ။ ဤ
သည်တို့တည်း။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိသည်။
ကတမာစ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။ ဒုက္ခေ။
ဒုက္ခသစ္စာ၌။ ယံခေါဉာဏံ။ အကြင် သိတတ်သော ဉာဏ်သည်။
ဒုက္ခသမုဒယေ။ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ယံ
ဉာဏံ။ အကြင်သိတတ်သော ဉာဏ်သည်။ ဒုက္ခနိရောဓေ။ ဒုက္ခ၏
ချုပ်ရာဖြစ်သော နိရောဓသစ္စာ၌။ ယံဉာဏံ။ အကြင်သိတတ်သော
ဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်
သို့ ရောက်စေတတ်သော အကျင့်၌။ ယံဉာဏံ။ အကြင်သိတတ်
သောဉာဏ်သည်။ ဣဒံ။ ဤ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရား
ကို။ သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်း
တို့။ သမ္မာသင်္ကပ္ပေါ။ သမ္မာသင်္ကပ္ပသည်။ ကတမောစ။ အဘယ်
နည်းဟူမူကား။ နေက္ခမ္မသင်္ကပ္ပေါ။ ကာမမှထွက်မြောက်သော ဝိ
တက်သည်။ အဗျာပါဒသင်္ကပ္ပေါ။ ဒေါသကင်းသော ဝိတက်သည်။
အဝိဟိံသာ သင်္ကပ္ပေါ။ ညှဉ်းဆဲ ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်
သော ဝိတက်သည်။ ဣဒံ။ ဤ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤ

တရားကို။ သမ္မာသင်္ကပ္ပေါ။ သမ္မာသင်္ကပ္ပဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာဝါစာ။ သမ္မာဝါစာသည်။ ကတမာ။ အဘယ်နည်းဟူမူကား။ မုသာဝါဒါ။ မဟုတ်မမှန်သောစကားကို ဆိုခြင်းမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ ပိသုဏာဝါစာ။ ချောပစ်ကုန်းတိုက်သော စကားမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ ဖရုသာဝါစာ။ ကြမ်းကြုတ်သော စကားမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ သမ္ဖပ္ပလာပါ။ အကျိုးမရှိ အပြိန်အဖြင်းပြောဆိုခြင်းမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ အယံ။ ဣဒံ။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ သမ္မာဝါစာ။ သမ္မာဝါစာဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာကမ္မန္တော။ သမ္မာကမ္မန္တသည်။ ကတမော စ။ အဘယ်နည်းဟူမူကား။ ပါဏာတိပါတာ။ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ အဒိန္နာဒါနာ။ အရှင်မပေးသော သူ၏ဥစ္စာကိုခိုးယူခြင်းမှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ ကာမေသုမိစ္ဆာစာရာ။ ကာမတို့၌ မှားယွင်းသောအကျင့်မှ။ ဝေရမဏီ။ ကြဉ်ခြင်းသည်။ အယံ။ ဣဒံ။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ သမ္မာကမ္မန္တော။ သမ္မာကမ္မန္တဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာအာဇီဝေါ။ သမ္မာအာဇီဝသည်။ ကတမော စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ အရိယသာဝကော။ အရိယာဖြစ်သော ငါဘုရား၏ တပည့်သည်။ မိစ္ဆာအာဇီဝံ။ မှားသောအသက်မွေးခြင်းကို။ ပဟာယ။ ပယ်၍။ သမ္မာအာဇီဝေန။ ကောင်းသော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ။ အသက်ကို။ ကပ္ပေတိ။ မွေး၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ သမ္မာအာဇီဝေါ။ သမ္မာအာဇီဝဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာဝါယာမော။ သမ္မာဝါယာမသည်။ ကတမော စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ အနုပ္ပန္နာနံ။ မဖြစ်ကုန်သေးသော။ ပါပကာနံ။ ယုတ်မာကုန်သော။ အကုသလာနံ။ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ။ တရားတို့ကို။ အနုပ္ပါဒါယ။ မဖြစ်စေခြင်းငှါ။ ဆန္ဒံ။ ဆန္ဒ

ကို။ဇနေတိ။ဖြစ်စေ၏။ ဝါယမတိ။ လုံ့လပြု၏။ ဝီရိယံ။ ဝီရိယကို။
အာရဘတိ။ပဝတ္တေတိ။ဖြစ်စေ၏။ စိတ္တံ။ စိတ်ကို။ ပဂ္ဂဏှာတိ။ ချီး
မြှောက်၏။ပဒဟတိ။စတုရင်္ဂဝီရိယကိုဆောက်တည်၏။ ဥပ္ပန္နာနံ။
လေ့ကျက်သဖြင့်ဖြစ်ကုန်ပြီးသော။ပါပကာနံ။ ယုတ်မာကုန်သော။
အကုသလာနံ။အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ။ တရားတို့ကို။ ပ
ဟာနာယ။ပယ်ခြင်းငှါ။ဆန္ဒံ။ ဆန္ဒကို။ ဇနေတိ။ ဖြစ်စေ၏။ ဝါယမ
တိ။လုံ့လပြု၏။ဝီရိယံ။ဝီရိယကို။အာရဘတိပဝတ္တေတိ။ ဖြစ်စေ၏။
စိတ္တံ။စိတ္တံ စိတ်ကို။ပဂ္ဂဏှာတိ။ချီးမြှောက်၏။ပဒဟတိ။စတုရင်္ဂဝီရိ
ယကိုဆောက်တည်၏။ အနုပ္ပန္နာနံ။ မဖြစ်ကုန်သေးသော။ ကုသ
လာနံ။ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ။ တရားတို့ကို။ ဥပ္ပါဒါယ။ဖြစ်
စေခြင်းငှါ။ ဆန္ဒံ။ဆန္ဒကို။ ဇနေတိ။၏။ ဝါယမတိ။ လုံ့လပြု၏။ ဝီရိ
ယံ။ဝီရိယကို။ အာရဘတိပဝတ္တေတိ။ ဖြစ်စေ၏။ စိတ္တံ။ စိတ်ကို။
ပဂ္ဂဏှာတိ။ချီးမြှောက်၏။ ပဒဟတိ။ စတုရင်္ဂဝီရိယကို ဆောက်
တည်၏။ဥပ္ပန္နာနံ။ဖြစ်ကုန်ပြီးသော။ ကုသလာနံ။ ကုသိုလ်ဖြစ်ကုန်
သော။ဓမ္မာနံ။ တရားတို့ကို။ ဌိတိယာ။ အစဉ်မပြတ်တည်စေခြင်း
ငှါ။အသမ္မောသာယ။မပျက်စေခြင်းငှါ။ ဘိယျောဘာဝါယ။ လွန်
စွာအဆင့်ဆင့် ပွါးများစေခြင်းငှါ။ဝေပုလ္လာယ။ ပြန့်ပြောစေခြင်း
ငှါ။ဘာဝနာယ။ ပွါးခြင်း၏။ ပါရိပူရိယာ။ ပြည့်စုံစေခြင်းငှါ။ ဆန္ဒံ။
ဆန္ဒကို။ဇနေတိ။ဖြစ်စေ၏။ ဝါယမတိ။ လုံ့လပြု၏။ ဝီရိယံ။ ဝီရိယ
ကို။အာရဘတိပဝတ္တေတိ၊ဖြစ်စေ၏။စိတ္တံ။စိတ်ကို။ ပဂ္ဂဏှာတိ။ချီး
မြှောက်၏။ပဒဟတိ။ စတုရင်္ဂဝီရိယကို ဆောက်တည်၏။ ဘိက္ခ
ဝေ။ရဟန်းတို့။အယံ။ဤတရားကို။သမ္မာဝါယာမော။သမ္မာဝါယာ
မဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ဘိက္ခဝေ။ရဟန်းတို့။ သမ္မာသတိ။ သမ္မာ
သတိသည်။ကတမာစ။အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်း
တို့။ဣဓ။ဤသာသနာတော်၌။ဘိက္ခု။ရဟန်းသည်။ အာတာပီ။ ကိ
လေသာကို လွန်စွာ ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိသည်
ဖြစ်၍။ သမ္ပဇာနော။ ကောင်းစွာ အပြား အားဖြင့် သိတတ်သော
ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ သတိမာ။ သတိနှင့်ပြည့်

ရှုသည့်ဖြစ်၍။ လောကေ။ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ။ လောဘဒေါသကို။ ဝိနေယျ။ ဖျောက်၍။ ကာယေ။ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ။ ရူပကာယကိုအဖန်တလဲလဲရှုသည့်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဝေဒနာသု။ ဝေဒနာတို့၌။ ဝေဒနာနုပဿီ။ ဝေဒနာကိုအဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ စိတ္တေ။ စိတ်၌။ စိတ္တာနုပဿီ။ စိတ်ကိုအဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဓမ္မေသု။ နီဝရဏစသောတရားတို့၌။ ဓမ္မာနုပဿီ။ နီဝရဏစသောတရားကိုအဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤတရားကို။ သမ္မာသတိ။ သမ္မာသတိဟူ၍။ ဝုစ္စတိ။ ၏။ ဘိက္ခဝေ။ ရဟန်းတို့။ သမ္မာသမာဓိ။ သမ္မာသမာဓိသည်။ ကတမော စ။ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ ကာမေဟိ။ ဝတ္ထုကာမကိလေသကာမတို့မှ။ ဝိဝိစ္စေဝ။ ဆိတ်၍သာလျှင်။ အကုသလေဟိ။ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ။ တရားတို့မှ။ ဝိဝိစ္စဧဝ။ ဆိတ်၍သာလျှင်။ သဝိတက္ကံ။ ဝိတက်နှင့်တကွ ဖြစ်သော။ သဝိစာရံ။ ဝိစာရနှင့်တကွဖြစ်သော။ ဝိဝေကဇံ။ နီဝရဏတို့မှဆိတ်ခြင်းကြောင့်ဖြစ်သော။ နီဝရဏမှဆိတ်သော သမ္ပယုတ်တရားအပေါင်း၌ဖြစ်သော။ ပီတိသုခံ။ ပီတိသုခရှိသော။ ပဌမံဈာနံ။ ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ။ ပြည့်စုံစေ၍။ ဝိဟရတိ။ နေ၏။ ဝိတက္ကဝိစာရာနံ။ ဝိတက်ဝိစာရတို့၏။ ဝူပသမာ။ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ။ မိမိသန္တာန်၌ဖြစ်သော။ စေတသော။ ကို။ သမ္ပသာဒနံ။ ကြည်စေတတ်သော။ တနည်းကား။ သမ္ပသာဒနံ။ သဒ္ဓါတရားနှင့်ယှဉ်သော။ စေတသော။ စိတ်၏။ ဧကောဒိဘာဝံ။ မြတ်သောသမာဓိကို ပွါးစေတတ်သော။ အဝိတက္ကံ။ ဝိတက်မရှိသော။ အဝိစာရံ။ ဝိစာရမရှိသော။ သမာဓိဇံ။ ပဌမဈာန်သမာဓိသမ္ပယုတ်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ။ ပီတိသုခရှိသော။ ဒုတိယံဈာနံ။ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ။ ပြည့်စုံစေ၍။ ဝိဟရတိ။ နေ၏။ ပီတိယာ။ ပီတိကို။ ဝိရာဂါ စ။ တပ်ခြင်းကင်းခြင်းကြောင့်လည်း။ ပီတိယာ။ ပီတိကို။ ဝိရာဂါ စ။ စက်

ဆုပ်ခြင်းကြောင့်လည်း။ဥပေက္ခကော၊ လျစ်လျူရှုသည်ဖြစ်၍။ ဝိဟာရတိ။နေ၏။ သတော၊သတိနှင့်ပြည့်စုံသည်ဖြစ်၍လည်း။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍လည်း။ သုခဉ္စ၊ သုခဝေဒနာကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေဒေတိ။ခံစား၏။( ယံတတိယ ဈာနဟေတု။) အကြင် တတိယဈာန်ဟူသောအကြောင်းကြောင့်။ တံတတိယဈာနသမင်္ဂိပုဂ္ဂိုလ်။ ထိုတတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။အရိယာ၊ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ ဥပေက္ခကော၊ လျစ်လျူရှုတတ်သောသူ။ သတိမာ၊သတိရှိသောသူ။သုခဝိဟာရီ၊ချမ်းသာစွာနေလေ့ရှိသောသူ။ဣတိ၊ဤသို့။အာစိက္ခန္တိ။ချီးမွမ်းကုန်၏။ တံတတိယဈာနံ၊ထိုတတိယဈာန်ကို။ ဥပသမ္ပဇ္ဇ။ပြည့်စုံစေ၍။ ဝိဟာရတိ။နေ၏။ သုခဿစ။ သုခိန္ဒြေကိုလည်း၊ပဟာနာ၊ပယ်ခြင်းကြောင့်။ ဒုက္ခဿစ။ ဒုက္ခိန္ဒြေကိုလည်း။ပဟာနာ၊ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝ။ ရှေးဥပစာရခဏ၌ပင်လျှင်။ သောမနဿ ဒေါမနဿာနံ။ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေတို့၏။အတ္ထင်္ဂမာ၊ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခမှလည်းတပါး။ သုခမှလည်းတပါးသော ဥပေက္ခာဝေဒနာနှင့် ယှဉ်သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ။တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ စင်ကြယ်ခြင်းရှိသော။ စတုတ္ထဈာနံ။ စတုတ္ထဈာန်ကို၊ ဥပသမ္ပဇ္ဇ။ ပြည့်စုံစေ၍။ ဝိဟာရတိ။ နေ၏။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ဤတရားကို။ သမ္မာသမာဓိ။ သမ္မာသမာဓိဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဒံ။ ဤဆိုအပ်ပြီးသောတရားအပေါင်းကို။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စံ။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာသစ္စာဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဣတိ။ ဤသို့။ အဇ္ဈတ္တံဝါ။ မိမိသန္တာန်၌လည်း။ဓမ္မေသု။သစ္စာတရားတို့၌။ ဓမ္မာနုပဿီ။ သစ္စာတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ဝိဟရတိ။၏။ ဗဟိဒ္ဓါဝါ။ အပသန္တာန်၌လည်း။ ဓမ္မေသု။ သစ္စာတရားတို့၌။ ဓမ္မာနုပဿီ။ သစ္စာတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ။ ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ။ ရံ

ခါပိဒိသ န္တာ ဒန်။ ရုံခါသူတပါးသ န္တာ ဒန်၌မှုလည်း။ ဓမ္မေသု။ သဗ္ဗာတ
ရားတို့၌၊ ဓမ္မာနုပဿီ၊ သဗ္ဗာတရားကို အဘန်တလဲလဲရှုသည်ဖြစ်
၍။ ဝိဟာရတိ။ ၏။ ဓမ္မေသု။ သဗ္ဗာတရားတို့၌။ သမုဒယဓမ္မာနုပဿီ
ဝါ။ ဖြစ်ကြောင်းသဘောကိုအဘန်တလဲလဲရှုသည်ဖြစ်၍သည်း။ ဝိ
ဟာရတိ။ ၏။ ဓမ္မေသု။ သဗ္ဗာတရားတို့၌။ ဝယဓမ္မာနုပဿီဝါ။ ပျက်
ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍သည်း။ ဝိဟာရ
တိ။ နေ၏။ ဓမ္မေသု။ သဗ္ဗာတရားတို့၌။ သမုဒယ၀ယဓမ္မာနုပဿီ ဝါ။
ဖြစ်ကြောင်းသဘော ပျက်ကြောင်းသဘောကို အဘန်တလဲလဲ ရှု
သည်ဖြစ်၍လည်း။ ဝိဟာရတိ။ ၏။ ဓမ္မာ။ သဗ္ဗာတရားတို့သည်။ အတ္ထိ
သန္တိ။ ရှိကုန်၏။ ဣတိ။ သို့။ အဿ။ ထိုရဟန်း၏။ သတိ ဝါ ပန။ သတိ
သည်မှုလည်း။ ပစ္စုပဋ္ဌိတာ။ ရှေ့ရှုထင်သည်။ ဟောတိ။ ဖြစ်၏။
သာ။ ထိုသတိသည်။ ယာဝဒေဝ။ အကြင်မျှလောက်။ ဉာဏမတ္တာ
ယ၊ အဆင့်ဆင့်သဗ္ဗာ နုပဿနာဉာဏ်၏ပွါးခြင်း အတိုင်းအရှည်
အကျိုးငှာ။ ပဋိဿတိမတ္တာယ။ အဆင့်ဆင့် သတိ၏ ပွါးခြင်းအ
တိုင်းအရှည်အကျိုးငှာ။ ဟောတိ။ ဖြစ်၏။ သောဘိက္ခု။ ထိုရဟန်း
သည်။ အနိဿိတော စ။ တဏှာဒိဋ္ဌိအားဖြင့်မမှီမှု၍သည်း။ ဝိဟာရ
တိ။ နေ၏။ လောကေ။ ဥပါဒါနက္ခန္ဓာဟူသောလောက၌။ ကိဉ္စိ။ တစုံ
တခုသောတရားကို။ အဟံ ဝါ။ ငါအစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိ
အားဖြင့်၎င်း။ အဿနိယန္တိ ဝါ။ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်၎င်း။
နစ ဥပါဒိယတိ။ စွဲလမ်း။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမ္ပိခေါ။ ဤသို့
လည်း။ ဘိက္ခု။ ရဟန်းသည်။ စတူသု။ လေးပါးကုန်သော။ အရိယ
သစ္စေသု။ အရိယသစ္စာဖြစ်ကုန်သော။ ဓမ္မေသု။ တရားတို့၌။ ဓမ္မာနု
ပဿီ။ သဗ္ဗာတရားကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟာရတိ။ နေ
၏။ ။သစ္စာလေးပါးကို သိမ်းဆည်းတတ်သောသတိသည် ဒုက္ခ
သစ္စာ။ ထိုဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒ
ယသစ္စာ။ ထိုသစ္စာနှစ်ပါး၏မဖြစ်ရာနိဗ္ဗာန်သည်နိရောဓသစ္စာ။ ထို
နိရောဓသစ္စာကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်
၏။ ။သစ္စာပိုင်းပြီးပြီ။

ဘိက္ခဝေ။ ရဟန်းတို့။ ယောပိကောစိ။ အကြင် အမှတ်မရှိ
သော ရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊သီတင်းသည်ယောကျ်ား၊
သီတင်းသည်မိန်းမဖြစ်သောသူသည်။ သတ္တဝဿာနိ။ ခုနစ်နှစ်တို့
ပတ်လုံး။ ဣမေစတ္တာရောသတိပဋ္ဌာနေ။ ဤသတိပဋ္ဌာန်လေးပါးတို့
ကို။ ဧဝံ။ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ။ ပွါးစေငြားအံ့။
အဿ။ရဟန်းယောကျ်ား ရဟန်းမိန်းမ၊သီတင်းသည်ယောကျ်ား
သီတင်းသည်မိန်းမဖြစ်သောထိုသူအား။ ဒိဋ္ဌေဝဓမ္မေ။မျက်မှောက်
သော ကိုယ်၏ အဖြစ်၌လျှင်။ အညာဝါ။ အရဟတ္တဖိုလ်သည် မူ
လည်း။ ဘဝိဿတိ။ ဖြစ်လတ္တံ့။ ဥပါဒိသေသေ။ဥပါဒါန်တရားအ
ကြွင်းသည်။ သတိ။ ရှိသော်။ အနာဂါမိတာဝါ။ အနာဂါမ်၏အဖြစ်
သည်မူလည်း။ ဘဝိဿတိ။ဖြစ်လတ္တံ့။ ဣတိ။ဤသို့။ ဒွိန္နံ။နှစ်ပါးကုန်
သော။ ဖလာနံ။ ဖိုလ်တို့တွင်။ အညတရံ။ တပါးပါးသော။ ဖလံ။
ဖိုလ်ကို။ ပါဋိကင်္ခံ။ ဧကန်ရအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သတ္တ
ဝဿာနိ။ခုနစ်နှစ်တို့သည်။တိဋ္ဌန္တု။ရှိစေကုန်ဦး။ဘိက္ခဝေ။ရဟန်း
တို့။ ယောပိကောစိ။ အကြင်မှတ်မရှိသောသူသည်။ ဆဝဿာ
နိ။ခြောက်နှစ်တို့ပတ်လုံး။ ပဉ္စဝဿာနိ။ငါးနှစ်တို့ပတ်လုံး။ စတ္တာရိ
ဝဿာနိ။ လေးနှစ်တို့ပတ်လုံး။ တီဏိဝဿာနိ။ သုံးနှစ်တို့ပတ်လုံး။
ဒွေဝဿာနိ။ နှစ်နှစ်တို့ပတ်လုံး။ ဧကံဝဿံ။ တနှစ်ပတ်လုံး။ ဣမေ
စတ္တာရောသတိပဋ္ဌာနေ။ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ။ ဤသို့
ဟောတော်မူတိုင်း။ ဘာဝေယျ။ ပွါးစေငြားအံ့။ ဘိက္ခဝေ။ရဟန်း
တို့။ဧကံဝဿံ။တနှစ်သည်။တိဋ္ဌတု။ရှိစေဦး။ ဘိက္ခဝေ။ရဟန်းတို့။
ယောပိကောစိ။ အကြင်အမှတ်မရှိသောသူသည်။ သတ္တမာသာ
သာနိ။ခုနစ်လတို့ပတ်လုံး။ ဣမေစတ္တာရောသတိပဋ္ဌာနေ။ ဤသတိ
ပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ။ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ။
ပွါးစေငြားအံ့။(ဘိက္ခဝေ။ရဟန်းတို့။ဧကံဝဿံ။တနှစ်သည်။ တိဋ္ဌ
တု။ရှိစေဦး။ဘိက္ခဝေ။ရဟန်းတို့။ ယောပိကောစိ။ အကြင်အမှတ်
မရှိသောသူသည်။သတ္တမာသာနိ။ ခုနစ်လတို့ပတ်လုံး။ ဣမေစတ္တာ
ရောသတိပဋ္ဌာနေ။ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ။ ဤသို့ဟော

တောင်မူတိုင်း။ ဘာဝေယျ။ ပွါးစေငြားအံ့)။ တဿ။ ထိုသူအား။
ဒိဋ္ဌေဝဓမ္မေ။ မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ အညာဝါ။
အရဟတ္တဖိုလ်သည့်မူလည်း။ ဘဝိဿတိ။ ဖြစ်လတ္တံ့။ ဥပါဒိသေ
သေ။ဥပါဒါနိတရားအကြွင်းသည်။ သတိ။ ရှိသော်။ အနာဂါမိတာ
ဝါ။အနာဂါမ်၏အဖြစ်သည့်မူလည်း။ဘဝိဿတိ။ ဖြစ်လတ္တံ့။ဣတိ။
ဤသို့။ဒွိန္နံ။နှစ်ပါးကုန်သော။ဖလာနံ။ဖိုလ်တို့တွင်။ အညတရံ။တပါး
ပါးသော။ ဖလံ။ ဖိုလ်ကို။ ပါဋိကင်္ခံ။ အလိုရှိအပ်၏။ ဘိက္ခဝေ။ ရ
ဟန်းတို့။သတ္တမာသာနိ။ ခုနစ်လတို့သည်။ တိဋ္ဌန္တု။ ရှိစေကုန်ဦး။
ဘိက္ခဝေ။ရဟန်းတို့။ ယောဟိကောစိ။ အကြင်အမှတ်မရှိသောသူ
သည်။ဆမာသာနိ။ ခြောက်လတို့ပတ်လုံး။ ပဉ္စမာသာနိ။ ငါးလတို့
ပတ်လုံး။စတ္တာရိမာသာနိ။ လေးလတို့ပတ်လုံး။တီဏိမာသာနိ။သုံး
လတို့ပတ်လုံး။ ဒွေမာသာနိ။ နှစ်လတို့ပတ်လုံး။ ဧကံမာသံ။ တလ
ပတ်လုံး။အဍ္ဎမာသံ။လခွဲပတ်လုံး။ဣမေစတ္တာရောသတိပဋ္ဌာနေ။ဤ
သတိပဋ္ဌာန်လေးပါးတို့ကို။ဧဝံ။ ဤသို့ဟောတော်မူတိုင်း။ ဘာဝေ
ယျ။ပွါးစေငြားအံ့။ဘိက္ခဝေ။ရဟန်းတို့။အဍ္ဎမာသံ။လခွဲသည်။တိဋ္ဌ
တု။ရှိစေဦး။ဘိက္ခဝေ။ရဟန်းတို့။ယောဟိကောစိ။ အကြင်အမှတ်
မရှိသောသူသည်။ သတ္တာဟံ။ ခုနစ်ရက်တို့ပတ်လုံး။ ဣမေစတ္တာ
ရောသတိပဋ္ဌာနေ။ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ။ ဤသို့ဟော
တော်မူတိုင်း။ဘာဝေယျ။ပွါးစေငြားအံ့။တဿ။ ထိုသူအား။ ဒိဋ္ဌေ
ဝဓမ္မေ။မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ အညာဝါ။ အရဟတ္တ
ဖိုလ်သည်လည်း။ဘဝိဿတိ။ဖြစ်လတ္တံ့။ ဥပါဒိသေသေ။ ဥပါဒါနိ
တရားအကြွင်းသည်။ သတိ။ရှိသော်။အနာဂါမိတာဝါ။ အနာဂါမ်
၏အဖြစ်သည့်မူလည်း။ ဘဝိဿတိ။ ဖြစ်လတ္တံ့။ ဣတိ။ ဤသို့။ ဒွိန္နံ။
နှစ်ပါးကုန်သော။ဖလာနံ။ဖိုလ်တို့တွင်။အညတရံ။ တပါးပါးသော။
ဖလံ။ ဖိုလ်ကို။ ပါဋိကင်္ခံ။ အလိုရှိအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။
သတ္တာနံ။ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ။ ကိလေသာမှ စင်ခြင်းငှာ။
သောကပရိဒေဝါနံ။ စိုးရိမ်ခြင်း။ ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သ
မတိက္ကမာယ။ လွန်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ။ ကိုယ်၏ဆင်းရဲ

ခြင်း၊ နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ။ ချုပ်ခြင်းသို့ရောက်ခြင်းငှါ။ ဉာယဿ။ အရိယမဂ်ကို။ အဓိဂမာယ။ ရခြင်းငှါ။ နိဗ္ဗာနဿ။ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ။ မျက်မှောက် ပြုခြင်းငှါ။ ပဝတ္တော။ ဖြစ်သော။ ဧကာယနော။ တကြောင်းတည်းသော ခရီးဖြစ်သော။ အယံမဂ္ဂေါ။ ဤခရီးသည်။ စတ္တာရော။ လေးပါးကုန်သော။ ယဒိဒံ ယေဣမေသတိပဋ္ဌာနာ။ အကြင်သတိပဋ္ဌာန် တို့တည်း။ ဣတိ။ ဤသို့။ ယန္တံဝစနံ။ အကြင်သတိပဋ္ဌာန်၏ အကျိုးကိုပြသောစကားကို။ မယာ။ ငါသည်။ ဝုတ္တံ။ ဟောအပ်ပြီ။ ဣဒံဝစနံ။ ထိုသတိပဋ္ဌာန်၏အကျိုးကိုပြသောစကားကို။ ဣဒံအဋ္ဌဝသံ။ ဤမျက်မှောက်သောကိုယ်၏အဖြစ်၌ မချွတ်ဖြစ်လတ္တံ့သော ဖိုလ်နှစ်ပါးဟူသော အကျိုးထူးကို။ ပဋိစ္စ။ စွဲ၍။ ဝုတ္တံ။ ဟောအပ်၏။ ဣတိ။ ဤသို့။ ဣဒံဝစနံ။ ဤသို့သောစကားကို။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အဝေါစ။ မိန့်တော်မူ၏။ တေဘိက္ခူ။ ထိုရဟန်းတို့သည်။ အတ္တမနာ။ နှစ်သက်အားရဝမ်းမြောက်သောစိတ်ရှိကြကုန်သည်ဖြစ်၍။ ဘဂဝတော။ မြတ်စွာဘုရား၏။ ဘာသိတံ။ သတိပဋ္ဌာန်တရားတော်ကို။ အဘိနန္ဒုံ။ ရှိသေစွာသာဓုသာဓုဟုအနုမောဒနာပြုကုန်၏။ ဣမသ္မိံပန ဝေယျာကရဏသ္မိံ။ ဤဂါထာမပါသော် သက်သက် အမေး အဖြေဖြစ်သောဗျာကရဏ်းကို။ ဘညမာနေ။ ဟောတော်မူသည်ရှိသော်။ တိံသမတ္တာနံ ဘိက္ခုသဟဿာနံ။ သုံးသောင်း မျှလောက်ကုန်သောရဟန်းတို့အား။ အနုပါဒါယ တစုံတခုသောတရားကိုတဏှာအားဖြင့်ငါ၏ဥစ္စာ မာနအားဖြင့် ငါတကား။ ဒိဋ္ဌိအားဖြင့်ငါ့ကိုယ်ဟုမစွဲလမ်းမူ၍။ အာသဝေဟိ။ အာသဝေါတရား လေးပါးတို့မှ။ စိတ္တာနိ။ စိတ်တို့သည်။ ဝိမုစ္စိံသု။ လွတ်ကုန်၏။ အာသဝေဟိ။ အာသဝေါတရားလေးပါးတို့သည်။ စိတ္တာနိ။ စိတ်တို့ကို။ ဝိမုစ္စိံသု။ စွန့်လွှတ်ကြသကုန်၏။ ။မဟာသတိပဋ္ဌာနသုတ္တံ။ မဟာသတိပဋ္ဌာနသုတ်သည်။ နိဋ္ဌိတံ။ ပြီးပြီ။

## ဥဒ္ဒေသဝါရဥဒါန်း။

တသာ။ ထိုမဟာသတိပဋ္ဌာနသုတ်၏။ ဥဒါနံ။ ဥဒါန်းကို၊ ဧဝံ။ ဤသို့။ ဝေဒိတဗ္ဗံ။ သိအပ်၏။ ။ကာယာနုပဿနာကာယေ။ ဝေဒနာယ ဝေဒနာနုပဿနာ။ စိတ္တာနုပဿနာစိတ္တေ။ ဓမ္မေ ဓမ္မာနုပဿနာ။ ။စတ္တာရောသတိပဋ္ဌာနာ။ သမ္ဗုဒ္ဓေနသုဒေသိတာ။ ဧတေ ဘိက္ခူဘာဝယန္တော။ ဝိသုဒ္ဓိမဓိဂစ္ဆတိ။ ။ကာယေ။ ရူပကာယ၌။ ကာယာနုပဿနာ။ ရူပကာယကိုအဘန်တလဲလဲရှုခြင်း၎င်း။ ဝေဒနာယ။ သုခစသောဝေဒနာ၌။ ဝေဒနာနုပဿနာ၊ သုခစသောဝေဒနာကိုအဘန်တလဲလဲရှုခြင်း၎င်း။ စိတ္တေ။ စိတ်၌။ စိတ္တာနုပဿနာ။ စိတ်ကိုအဘန်တလဲလဲရှုခြင်း၎င်း။ ဓမ္မေ။ နီဝရဏစသောတရားတို့၌ ဓမ္မာနုပဿနာ။ နီဝရဏစသောတရားကို အဘန်တလဲလဲ ရှုခြင်း၎င်း။ ဣတိ။ ဤသို့။ စတ္တာရောသတိပဋ္ဌာနာ။ လေးပါးကုန်သောသတိပဋ္ဌာန်တို့ကို။ သမ္ဗုဒ္ဓေန။ မြတ်စွာဘုရားသည်။ သုဒေသိတာ။ ကောင်းစွာဟောတော်မူအပ်ကုန်၏။ ဧတေ။ ထိုလေးပါးကုန်သောသတိပဋ္ဌာန်တို့ကို၊ ဘာဝယန္တော။ ပွါးစေသော။ ဘိက္ခူ။ သံသရာဘေးကိုရှုလေ့ရှိသော သူသည်။ ဝိသုဒ္ဓိံ။ နိဗ္ဗာန်သို့။ အဓိဂစ္ဆတိ။ ရောက်၏။

---

## ကာယာနုပဿနာဥဒါန်း။

အာနာပါနံဣရိယာပထံ။ သမ္ပဇညံပဋိက္ကုလံ။ ဓာတုသိဝထိကာ နဝ။ စုဒ္ဒသကာယာနုပဿနာ။ ။အာနာပါနံ။ အာနာပါနပဗ္ဗ၎င်း။ ဣရိယာပထံ။ ဣရိယာပထပဗ္ဗ၎င်း။ သမ္ပဇညံ။ သမ္ပဇညပဗ္ဗ၎င်း။ ပဋိက္ကုလံ။ ပဋိကူလမနသိကာရပဗ္ဗ၎င်း။ ဓာတု။ ဓာတုမနသိကာရပဗ္ဗ၎င်း။ နဝ။ ကိုးပါးကုန်သော။ သိဝထိကာ။ သိဝထိကပဗ္ဗတို့၎င်း။ ဣတိ။ ဤသို့။ စုဒ္ဒသကာယာနုပဿနာ။ တဆဲ့လေးပါးကုန်သော ကာယာနုပဿနာတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။

## နဝသိဝထိကာဥဒ္ဒါန်း။

မတံခဇ္ဇံသမံသဋ္ဌိ။ နိမ္မံသပဂတံတထာ။ ဝိက္ခိတ္တာနိစသေတာနိ။ပုဉ္ဇကိတာနိပူတိနိ။ နဝသိဝထိကာဒိသွာ။ ဘိက္ခုတထုပသံဟရေ။ ။မတံ။သေ၍တရက်နှစ်ရက်ရှိပြီးသောအကောင်ရင်း။ခဇ္ဇံ။ ကျီးစသည်တို့သည်ခဲအပ်သောအကောင်ရင်း။ သမံသဋ္ဌိ။အသား အသွေးနှင့်တကွ အကြောတို့ဖြင့်ဘွဲ့အပ်သော အရိုးဆက်ရှိသော အကောင်ရင်း။ နိမ္မံသဋ္ဌိ။ အသားမရှိ သွေးဖြင့် လိမ်းကျံသော အကြောတို့ဖြင့် ဘွဲ့အပ်သော အရိုးဆက်ရှိသော အကောင်ရင်း။ အပဂတံ။ အသားအသွေးကင်းသော အကြောတို့ဖြင့်ဘွဲ့အပ်သော အရိုးဆက်ရှိသော အကောင်ရင်း။ တထာ။ ထို့မှတပါး။ ဝိက္ခိတ္တာနိစ။ ထိုထိုအရပ်၌ ပစ်အပ်သော အစပ်ကင်းသော အရိုးဖြစ်သော အကောင်တို့ရင်း။ သေတာနိ။ခရုသင်းအဆင်းကဲ့သို့။ဖွေးဖွေးဖြူသော အရိုးဖြစ်သော အကောင်တို့ရင်း။ ပုဉ္ဇကိတာနိ။ အရပ်ရပ်ဖရိုဖရဲ ကြဲကုန်သော ကြာမြင့်စွာကာလပတ်လုံး မိုးစွတ်ခြင်းသို့ ရောက်ကုန်သော အရိုးဖြစ်သော အကောင်တို့ရင်း။ ပူတိနိ။ ဆွေးမြေ့ကုန်ပြီးသော မှုန့်မှုန့်ညက်ညက်ဖြစ်၍ ဖရိုဖရဲကြဲသော အရိုးဖြစ်သော အကောင်တို့ရင်း။ ဣတိ။ ဤသို့။ နဝ။ ကိုးပါးကုန်သော။ သိဝထိကာ။ သုသာန်၌ ပစ်အပ်ကုန်သော အကောင်တို့ကို။ ဒိသွာ။မြင်သည်ရှိသော်။ဘိက္ခု။သံသရာဘေးကို ရှုလေ့ရှိသောသူသည်။တထာ။ထိုသုသာန်၌ ပစ်အပ်သော အကောင်နှင့် ထပ်တူ။ ဥပသံဟရေ။ ငါလည်း ထိုကဲ့သို့ဖြစ်လတ္တံ့ဟု မိမိကိုယ်ကိုဆောင်ရာ၏။

---

## ဒုတိယသိဝထိကာဥဒ္ဒါန်း။

ကာကကုလလဂိဇ္ဈေဟိ။ ကင်္ကေသွသုနခေဟိ ပါ။ ဗျဂ္ဃဒီပိသိင်္ဂါလေဟိ။ ဝိဝိဓေဟိစပါဏကာ။ ။ကာကကုလလဂိဇ္ဈာဘိ။ ကျီး၊ စွန်၊ လင်းတတို့သည်ရင်း။ ကင်္ကေဟိဝါ။ ဘုံးပတီးတို့သည်

ရင်း။ သုနခေဟိပိ။ အိမ်ခွေးတို့သည်၎င်း။ ဗျဂ္ဃဒီပိသိင်္ဂါလေဟိ။ ကျား၊သစ်၊မြေခွေးတို့သည်၎င်း။ ဝိဝိဓေဟိပါဏကာ။ အထူးထူး သော ပိုးတို့သည်၎င်း။ခဇ္ဇမာနံ။ ခဲအပ်သည်ကို။ဒိသွာ။မြင်သည် ရှိ သော်။ တထာ။ထိုအကောင်အတူ။ ဥပသံဟရေ။ ငါလည်း ထိုကဲ့ သို့ ဖြစ်လတ္တံ့ဟု မိမိကိုယ်ကိုဆောင်ရာ၏။

---

## ဆဋ္ဌသိဝထိကာဥဒ္ဒါန်း။

ဟတ္ထပါဒဂေါပ္ဖကဋ္ဌိံ။ ဇင်္ဃူရုကဋိဖာသုကံ။ ပိဋ္ဌိခန္ဓဂီဝါဟနု။ ဒန္တသီသကဋာဟကံ။ ။ဟတ္ထပါဒဂေါပ္ဖကဋ္ဌိံ။ လက်ရိုး၊ ခြေရိုး၊ ဖျက်ရိုးကို၎င်း။ ဇင်္ဃူရုကဋိဖာသုကံ။ မြင်းခေါင်းရိုး၊ပေါင်ရိုး၊ခါး ရိုး၊နံရိုးကို၎င်း။ ပိဋ္ဌိခန္ဓဂီဝဟနုဒန္တသီသကဋာဟကံ။ ကျောက်ရိုး၊ ပခုံးရိုး၊ လည်ကုပ်ရိုး၊မေးရိုး၊ သွား၊ခေါင်းခွံရိုးကို၎င်း။ ဒိသွာ။ မြင်သည်ရှိသော်။ တထာ။ထိုအကောင်အတူ။ ဥပသံဟရေ။ ငါလည်း ထိုကဲ့သို့ဖြစ်လတ္တံ့ဟု မိမိကိုယ်ကိုဆောင်ရာ၏။

---

## ဝေဒနာနုပဿနာဥဒ္ဒါန်း။

သုခံဒုက္ခံတဒညံဝါ။ သာမိသံဝါနိရာမိသံ။ ဝေဒနံဝေဒယာနော သော။ တဒါကာရံနုပဿယေ။ ။သုခံဝေဒနံဝါ။သုခဝေဒနာကို ၎င်း။ ဒုက္ခံဝေဒနံဝါ။ ဒုက္ခဝေဒနာကို၎င်း။ တဒညံဝါဝေဒနံ။ ထိုသုခ ဒုက္ခမှတပါးသော ဥပေက္ခာ ဝေဒနာကို၎င်း။ သာမိသံဝါဝေဒနံ။ ကာမဂုဏ်နှင့်စပ်သော သုခဒုက္ခဥပေက္ခာဝေဒနာကို၎င်း။ နိရာမိ သံဝေဒနံဝါ။ ကာမဂုဏ်နှင့်မစပ်သော သုခဒုက္ခဥပေက္ခာဝေဒနာ ကို၎င်း။ ဝေဒယာနော။ ခံစားသော။သော။ထိုသူသည်။ တဒါကာရံ။ ထိုသုခစသော ဝေဒနာကို ခံစားသောအခြင်းအရာကို။ အနုပဿ ယေ။ အဘန်တလဲလဲရှုရာ၏။

## စိတ္တာနုပဿနာဥဒ္ဒါန်း။

ရာဂံဒေါသံမောဟံ ခိတ္တံ။ မဟဂ္ဂတဉ္စ ဥတ္တရံ။ သမာဟိတံ ဝိမုတ္တဉ္စ။ စိတ္တံနုပဿယေသတိ။ ။ရာဂံ၊ သရာဂ။ ဝီတရာဂစိတ်ရင်း။ ဒေါသံ။ သဒေါသဝီတဒေါသစိတ်ရင်း။ မောဟံ။ သမောဟ။ ဝီတမောဟစိတ်ရင်း။ ခိတ္တံ၊ သံခိတ္တ။ ဝိက္ခိတ္တစိတ်ရင်း။ မဟဂ္ဂတဉ္စ။ မဟဂ္ဂတအမဟဂ္ဂတစိတ်ရင်း။ ဥတ္တရံ။ သဥတ္တရ။ အနုတ္တရစိတ်ရင်း။ သမာဟိတံ။ သမာဟိတ။ အသမာဟိတစိတ်ရင်း။ ဝိမုတ္တံ။ ဝိမုတ္တ။ အဝိမုတ္တစိတ်ရင်း။ ဣတိ။ ဤသို့။ ယတိ။ စိတ္တာနုပဿနာဘာဝနာကို အားထုတ်သောသူသည်။ စိတ္တံ။ အဇ္ဈတ္တဗဟိဒ္ဓစိတ်ကို။ အနုပဿယေ။ အဘန်တလဲလဲရှုရာ၏။

---

## ဓမ္မာနုပဿနာဥဒ္ဒါန်း။

နီဝရဏေသုခန္ဓေသု။ အာယတနေသုဗောဇ္ဈင်္ဂေ။ သစ္စေသုစဇ္ဈတ္တဗာဟိရေ။ ဓမ္မေနုပဿယေဘိက္ခု။ ။နီဝရဏေသု။ ကာမစ္ဆန္ဒစသောနီဝရဏတို့၌ရင်း။ ခန္ဓေသု။ ရူပက္ခန္ဓာစသည်တို့၌ရင်း။ အာယတနေသု။ စက္ခု စသော အာယတနတို့၌ရင်း။ ဗောဇ္ဈင်္ဂေ။ သတိသမ္ဗောဇ္ဈင်စသည်တို့၌ရင်း။ သစ္စေသု။ ဒုက္ခသစ္စာစသည်တို့၌ရင်း။ ဣတိ။ ဤသို့။ အဇ္ဈတ္တဗာဟိရေ။ အဇ္ဈတ္တသန္တာန်။ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မေ။ နီဝရဏစသောတရားတို့ကို။ ဘိက္ခု။ သံသရာဘေးကိုရှုလေ့ရှိသောသူသည်။ အနုပဿယေ။ အဘန်တလဲလဲရှုရာ၏။

---

## သံယောဇဉ်စသည်၌ဥဒ္ဒါန်း။

သန္တံဝါပိ အသန္တံဝါ။ အနုပ္ပန္နဿဥပ္ပါဒေါ။ ဥပ္ပန္နဿပဟာနဉ္စ။ တဿာယတိမနုပ္ပါဒေါ။ ။သန္တံဝါပိ။ ထင်ရှားရှိသော ကာမစ္ဆန္ဒစသည်။ ကာမရာဂသံယောဇဉ်စသည်ကိုရင်း။ အသန္တံဝါ။

ထင်ရှားမရှိသော ကာမစ္ဆန္ဒသည်ကို၎င်း။ ပဇာနာတိ။ သိ၏။ အနုပ္ပန္နဿ။ မဖြစ်သေးသောကာမစ္ဆန္ဒသည်၏။ ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ဥပ္ပန္နဿ။ ဖြစ်ပြီးသောကာမစ္ဆန္ဒသည်ကို။ ပဟာနဉ္စ။ ပယ်ခြင်းသည်လည်း။ ဟောတိ။ ဖြစ်၏။ ယထာ။ ထိုပယ်ပြီးသောကာမစ္ဆန္ဒသည်၏။ အာယတိံ။ နောင်အခါ၌။ အနုပ္ပါဒေါ။ မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။

---

## စက္ခုစသည်၌ဥဒါန်း။

စက္ခုရူပါဒိဝိညာဏံ။ ဖဿော တဇ္ဇာ စ ဝေဒနာ။ သညာ စ စေတနာ တဏှာ။ ဝိတက္ကော စ ဝိစာရကော။ ပိယရူပဥ္စ ဧသော။ ဥဒ္ဒါနတိ နိဂုတ်။ ။စက္ခု။ စက္ခုစသော အဇ္ဈတ္တိကာယတနခြောက်ပါးသည်၎င်း။ ရူပါဒိ။ ရူပါရုံစသော ဗာဟိရာယတနခြောက်ပါးသည်၎င်း။ ဝိညာဏံ။ စက္ခုဝိညာဉ်စသောဝိညာဉ်ခြောက်ပါးသည်၎င်း။ ဖဿော စ။ စက္ခုသမ္ဖဿ စသော ဖဿ ခြောက်ပါးသည် ၎င်း။ တဇ္ဇာ။ ထိုစက္ခုသမ္ဖဿစသည်ကြောင့်ဖြစ်သော။ ဝေဒနာ စ။ စက္ခုသမ္ဖဿဇာဝေဒနာစသော ဝေဒနာခြောက်ပါးသည်၎င်း။ သညာ စ။ ရူပသညာစသောသညာခြောက်ပါးသည်၎င်း။ စေတနာ စ။ ရူပသဉ္စေတနာစသော စေတနာခြောက်ပါးသည်၎င်း။ တဏှာ။ ရူပတဏှာစသော တဏှာခြောက်ပါးသည်၎င်း။ ဝိတက္ကော စ။ ရူပဝိတက်စသော ဝိတက်ခြောက်ပါးသည်၎င်း။ ဝိစာရကော။ ရူပဝိစာရစသော ဝိစာရခြောက်ပါးသည်၎င်း။ ပိယရူပံ။ ချစ်အပ်သော သဘောရှိသော တရားမည်၏။ ဧတ္ထ။ ဤချစ်အပ်သော သဘောရှိသော စက္ခုပသာဒစသည်၌။ ဧသာတဏှာ။ ဤတဏှာသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဧတ္ထ။ ဤချစ်အပ်သော သဘောရှိသော စက္ခုပသာဒစသည်၌။ ဧသာတဏှာ။ ဤတဏှာသည်။ နိရုဇ္ဈတိ။ ချုပ်၏။

---

## နိဂုမ်း။

ဇာတိမဟိဗ္ဗကာဝါသနိဝါသိနာမဟာထေရေနရစိတောယံသ
တိပဋ္ဌာနနိဿယော။ ။သဟဿသတ နဝုတိ။ ပဉ္စမေမာသ
ဇုဏှကေ။ရုဒ္ဒသေဇိဝဝါရမှိ။ ဝိကာလေသတ္တပါဒကေ။ ။ဇာတိ
ဇာမိနာအနုက္ကမေန။ ဤသို့သော အစဉ်ဖြင့်။မဟိဗ္ဗကာဝါ နိသဝါသိ
နာ။ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၌ သီတင်းသုံး
သော။ မဟာထေရေန။ စကြိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိ
ရာဇဂုရုမဟာထေရ်သည်။ရစိတော။စီရင်အပ်သော။ အယံသတိ
ပဋ္ဌာနနိဿယော။ ဤသတိပဋ္ဌာနသုတ်နိဿယသည်။ သဟဿ
သတနဝုတိပဉ္စမေ။သက္ကရာဇ် ၁၁၉၅-ခု။ မာသဇုဏှကေ။ တပို့
တွဲလဆန်း။ရုဒ္ဒသေဇိဝဝါရမှိ။ ၁၄-ရက်ကြာသပတေးနေ့။ ဝိကာ
လေသတ္တပါဒကေ။နေလွဲ ၇-ဘဝါးပြည့်အခါ၌။နိဋ္ဌိတော။ ပြီးခြင်း
သို့ရောက်၏။

ဇာမိနာသိခပုညေန။ သဗ္ဗညုသဗ္ဗဒါသမာ။ ယထာ ဗုဒ္ဓေန ဒေ
သေတာ။တထာဘာဝါမသေဇာမေ။ ။ဇာမိနာသိခပုညေန။ ဤသ
တိပဋ္ဌာနနိဿယကိုရေးသားရသောကောင်းမှုကြောင့်။ သဗ္ဗညု။
ခပ်သိမ်းသောဘာဝတို့၌။သဗ္ဗဒါ။ ခပ်သိမ်းသောအခါ၌။ သမာ။ မ
ယုတ်မလွန် အညီအမျှ။ ဗုဒ္ဓေန။ မြတ်စွာဘုရားသည်။ ယထာ။ အ
ကြင်အခြင်းဖြင့်။ ဒေသေတာ။ဟောတော်မူအပ်၏။ တထာ။ ထိုအ
ခြင်းဖြင့်။ ဇာမေ။ ဤသတိပဋ္ဌာနတရားတို့ကို။ ဘာဝါမသေ။ပွါးများ
နိုင်လို၏။ ။မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နိဿယကား ဤ
တွင်ပြီး၏။